mgyoe.com SAMPLE BOOK

# ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှု စောင့်ရှောက်ပါ

နှင်းနှင်းဝင့်

# Please Look after Mom

by Kyung Sook Shin



mgyoe.com

mgyoe.com
SAMPLE BOOK



ကျေးဇူးပြုရှ၍ပေမေ့ကိုကြည့်ရှုစောင့်ရှောက်ပါ

9 782024 000877


mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၈၇)

# ပုံနှိပ်မှတ်တမ်း

စာမူ မူပိုင် - စာရိပ်မြိုင်



## နိုင်းနိုင်းစနေ

## ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှု စောင့်ရှောက်ပါ


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ မေလ

မျက်နှာဖုံးဒီဇိုင်း ♦ မာထာ

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀

စာအုပ်တန်ဖိုး ♦ ၉၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ) အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃) အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

နိုင်းနိုင်းစနေ
ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှု စောင့်ရှောက်ပါ / နိုင်းနိုင်းစနေ။ ရန်ကုန်။
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၂၄၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၈၇) ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှု စောင့်ရှောက်ပါ


mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | ဖျိုး | အညာရယ် အလွမ်းရယ် ဓိဋ္ဌာရယ် |
| ၂။ | မယ်စု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီစဒေဘ | ရိုးရာနှင့်အညာဓလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | နိုင်ရာ | တစ္ဆေညရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးဝက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လူခါး | ဦးအောင်သင်းကို မောကြည့်ခြင်း |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဝင်းနေမင်း | ခေါင်မိုးများ |
| ၁၂။ | ဝါဝါတင့်ဆွေ | အက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငိုဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြဝင် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | စုးရှမေ | ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း |
| ၁၆။ | နဒီလင်းသစ်ဆေး-၂ | ဓိမ်ထောင့်သုခ |
| ၁၇။ | ရွှေဥဒေါင်း | ပထမ ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | နလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |
| ၂၀။ | လင်းရောင်နီစဒေဘ | ခေါင်းမြီး |
| ၂၁။ | ရွှေဥဒေါင်း | စစ်ပွဲသူ |
| ၂၂။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | ဖျိုး | ဇယောင်း ဥယျာဉ် |
| ၂၅။ | သက်ပိုင်မြန်မာပြည် | သမီးရတနာ |
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ ဓိလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်တုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |
| ၂၉။ | ဒေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်ဓမ်မ် | ဘာညာကွိကွ |
| ၃၁။ | ဝေစီးပွားရေးတက္ကသိုလ် | ဆူးပယ်လက် |
| ၃၂။ | ညိုထွန်းလု | ငါတို့ ရွာပြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီစဒေဘ | ရွှေလွန်းမျှ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | နိုဘားနိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရူပနန္ဒီ ရူပကလျာဏီ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်တုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော် ဂျက်ကီချန်း |
| ၃၉။ | ဖျိုး | လွမ်းနေဦးမည့် ငွေတောင်ပြည် |
| ၄၀။ | သက်ပိုင် | နှမ်းလျှောက်ငယ် |

mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၄၁။ | ဆေထူးအောင်အဖွဲ့ဝင် | တစ်ခါက ပင်လယ် |
| ၄၂။ | ခဲတံ | စိတ်ခံစားမှုများကို ကုစားခြင်း |
| ၄၃။ | နွန်ညီလေး | နက္ခတ်ဗေဒ ပျိုးခင်း |
| ၄၄။ | ထက်တုန်ရှိန် | ဘဝသမုဒ္ဒရာထဲက အစာအာဟာရ |
| ၄၅။ | ထင်သစ် | နက္ခတ်မှားတဲ့ ချစ်ခြင်း |
| ၄၆။ | ဂျူလိုင်ကျော်မင်း | တောင်ဝလယ်နီရောင် တိမ်တိုက်တွေ |
| ၄၇။ | နိုင်းနိုင်းစနေ | ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ |
| ၄၈။ | ရမြတ်ချစ် | အဆိပ်သင့် နှလုံးသား |
| ၄၉။ | ထက်တုန်ရှိန် | ပျောက်ဆုံးအချစ် ကူးလွှင့်ပင်လယ် |
| ၅၀။ | နိုင်းနိုင်းစနေ | ထွက်ခွာသွားခြင်းအတွက် ကျေးဇူးပါ |
| ၅၁။ | မိုင်ရာ | ဝင့်ကြေးရှိခဲ့သော် |
| ၅၂။ | ကိုလေးမြတ် | ရွာအကြောင်း၊ ရွာကလူတွေအကြောင်း |
| ၅၃။ | သိန်းသန်းထွန်း | ဘယ်ပန်းနှီးရေလို့မှ မရှိ |
| ၅၄။ | ယန်ငုဝါဝါ | ကမာရွတ်အိပ်မက်… လူညီးတန်းပုံပြင် |
| ၅၅။ | မင်းဝေဟင် | ထရိပ်အောက်က မိုးတိမ် |
| ၅၆။ | ရွှေဥဒေါင်း | အကြံဉာဏ်ဖြင့် ကြီးပွားရေး |
| ၅၇။ | နိုင်းနိုင်းစနေ | ခေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှုခင်းများ |
| ၅၈။ | ထက်တုန်ရှိန် | အပန်းဖြေရာ အနားယူရာ |
| ၅၉။ | ခဲတံ | ပျော်ရွှင်သောစိတ်ထား |
| ၆၀။ | ညီလေးငယ် | မုခြာဖြိုင် |
| ၆၁။ | သားထွေး | ကိုယ်တိုင်လွတ်မြောက်ခြင်း |
| ၆၂။ | ပျို | အလွမ်းဖြင့် နှမစ |
| ၆၃။ | နဗိလင်းသစ်အေး-၂ | ၁၉၂၂ |
| ၆၄။ | ခဲမြတ် | ကုန်သောင်ရယ် လွမ်း |
| ၆၅။ | ဝန်းမော်တင်အောင် | မကြီး |
| ၆၆။ | ထင်သစ် | အတွေးတို့ စေ့ညွှန်ရာ |
| ၆၇။ | နိုင်းနိုင်းစနေ | ထင်ရှားသူတို့၏ ဘဝပုံပြင် |
| ၆၈။ | နိုင်းနိုင်းစနေ | လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး |
| ၆၉။ | နိုင်းနိုင်းစနေ | လျှို့ဝှက်ဥယျာဉ် |
| ၇၀။ | နိုင်းနိုင်းစနေ | ကျွန်မဖတ်ဖို့ |
| ၇၁။ | ခဲတံ | ကိုယ်တို့ တွဲကြရအောင် |
| ၇၂။ | ခဲတံ | ချစ်ခြင်းမေတ္တာဖြင့် ထိတွေ့ဆက်ဆံခြင်း အနုပညာ |
| ၇၃။ | နိုင်းနိုင်းစနေ | နှလုံးသားဝန်ဆောင်မှု |
| ၇၄။ | ဖူးရှမ | ချစ်ခြင်းမေတ္တာ၏ အုတ်မြစ်များ |
| ၇၅။ | ဝန်းမော်တင်အောင် | ပန်းများပွင့်သော ညတည |
| ၇၆။ | မင်းခန့်ပြည့် | လုပ်ငန်းခွင်ထဲက ငှက်ကလေး |
| ၇၇။ | ဖူးရှမ | ချစ်သောအမျိုးသားလေးထံသို့ |
| ၇၈။ | အာကာဦး | လမ်းဆုံမှတ်ဉာဏ်များ |
| ၇၉။ | ဂျူလိုင်ကျော်မင်း | တစ်ခါက အဝါရောင်ဘူတာ |
| ၈၀။ | Aqua | အစိမ်းရောင် ဖော်ပညာရှင် |
| ၈၁။ | နှ် .ဟင်မောင်သဘာဝကျွဲရ | စိတ်ပိဉာဉ်အခိုင်းအစေများ |
| ၈၂။ | နိုင်းနိုင်းစနေ | ထူးဆန်းတဲ့ အမေရိကန်လူမျိုး |
| ၈၃။ | ထင်သစ် | တွေးထင်ထားတဲ့အတိုင်း ဖြစ်မလာတဲ့အခါ |
| ၈၄။ | ထင်သစ် | လုပ်ငန်းစွမ်းဆောင်ရည်မြှင့်လမ်းညွှန် |
| ၈၅။ | ထင်းရောင်နီဝေအေး | ပင်လက်ပံ ကြွေချိန်ကျပြီမို့ |
| ၈၆။ | မြမြဆွေစိတ်ပညာ | မိမိစိတ်ကို ထိန်းချုပ်ခြင်းဆိုင်ရာ အနုပညာ |


ယခုထွက်ရှိသည့် တရိပ်ပြိုင်အမှတ်စဉ် (၈၇)
နိုင်းနိုင်းစနေ - ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှုစောင့်ရှောက်ပါ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ♦ | မူရင်းစာရေးသူရဲ့ ကိုယ်ရေးအကျဉ်း | ၅ |
| ♦ | မူရင်းစာရေးသူရဲ့စကား | ၆ |
| ♦ | ဘာသာပြန်သူရဲ့စကား | ၁၀ |
| ၁။ | အခန်း (၁) ဘယ်သူမှ မသိဘူး | ၁၅ |
| ၂။ | အခန်း (၂) တောင်းပန်ပါတယ်. . . ဟုန်းချော | ၇၉ |
| ၃။ | အခန်း (၃) ငါ ပြန်လာပြီ | ၁၂၉ |
| ၄။ | အခန်း (၄) အခြားအမျိုးသမီးတစ်ဦး | ၁၇၉ |
| ၅။ | ဇာတ်သိမ်းခန်း - နှင်းဆီစိပ်ပုတီး | ၂၂၅ |


mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ပါ••• ချစ်နိုင်သလောက် အစွမ်းကုန်ချစ်ပါ•••

**- Franz Liszt -**

mgyoe.com

mgyoe.com SAMPLE BOOK

# မူရင်းစာရေးသူရဲ့ ကိုယ်ရေးအကျဉ်း

ဆရာမ Kyung-sook Shin ကို ၁၉၆၃ ခုနှစ်၊ တောင်ကိုးရီးယားနိုင်ငံ၊ Jeoulabukdo မှာ မွေးဖွားခဲ့တယ်။ ဆိုးလ်မြို့ အနုပညာတက္ကသိုလ်မှာ စာပေနဲ့ ရသဖန်တီးမှု အထူးပြုဘာသာနဲ့ ဘွဲ့ရခဲ့တယ်။ ၁၉၈၅ ခုနှစ်မှာ "ဆောင်းဒဏ္ဍာရီ" (Winter's Fable) အမည်ရှိ ဝတ္ထုလတ်နဲ့ လူသစ်တန်းစာပေဆု ချီးမြှင့်ခံခဲ့ရတယ်။ အဲဒီအချိန်ကစ စာပေရသတွေကို ဖန်တီးခဲ့တယ်။ ၁၉၉၃ ခုနှစ်မှာ "အော်ဂင်သံရှိတဲ့အရပ်" ဝတ္ထုတိုပေါင်းချုပ်စာအုပ်နဲ့ စာပေလောကရဲ့ အသိအမှတ်ပြု ဂရုစိုက်ခြင်းကို ခံခဲ့ရတယ်။

၁၉၉၃ ခုနှစ်မှာ ကိုးရီးယားသတင်းစာ စာပေဆု၊ ခေတ်လူငယ် အနုပညာရှင်ဆု၊ ၁၉၉၅ ခုနှစ်မှာ ခေတ်ဆန်းစာပေဆု၊ Habkook llbopmayqk၊ Hyundae စာပေဆု၊ Manhaepmayqk၊ Dong-in pmayqk၊ Yi Sang pmayqk၊ Oh Yeongsu စာပေဆု အစရှိတဲ့ စာပေဆုတွေ အကြိမ်ကြိမ် ရခဲ့တယ်။

သူဟာ ၂၀၁၂ ခုနှစ်မှာ Please Look after Mom (ကျေးဇူးပြု၍ မေမေ့ကိုကြည့်ရှုစောင့်ရှောက်ပါ) ဝတ္ထုနဲ့ Man Asian Literaty Prize ကို ရရှိခဲ့တဲ့ ပထမဆုံး ကိုးရီးယားအမျိုးသမီး စာရေးဆရာဖြစ်ခဲ့တယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# မူရင်းစာရေးသူရဲ့ စကား

မေမေ့စကားသံကို ကြားခွင့်ရနေသေးတာဟာ ကျွန်မရဲ့ ကံကောင်းခြင်းဖြစ်တယ်။

မနှစ်က ဆောင်းရာသီမှာ ကျွန်မနဲ့အတူ ကျွန်မတို့အိမ်မှာ မေမေ လဝက်ကြာ နေခဲ့တယ်။ ဒီလိုဘဝမျိုး မရှိတာ အနှစ်သုံးဆယ်ရှိခဲ့ပါပြီ။ ဆယ်ကျော်သက်အရွယ်မှာ မေမေနဲ့ ခွဲပြီးကတည်းက ဒါဟာ ပထမဆုံးအကြိမ် မေမေနဲ့အတူ ရက်ကြာကြာ ကျွန်မ နေတာပါပဲ။ မနက်နိုးလာတိုင်း မေမေအိပ်တဲ့ အိပ်ခန်းထဲ ကျွန်မ ဝင်သွားတတ်တယ်။ ဘယ်အချိန်ဖြစ်ဖြစ် ကျွန်မ တံခါးတွန်းဖွင့်ဝင်တိုင်း မေမေ နိုးနေတယ်။ အိပ်ခန်းထဲ ကျွန်မ လှမ်းဝင်ရင် မေမေက "ဘာလာလုပ်တာလဲ" လို့ မေးလိုက်တတ်သလို တစ်ပြိုက်နက်တည်းမှာပဲ သက်ပြင်းချရင်း "မေမေနဲ့ သမီး ဒီလို အခွင့်အရေး ရှိသေးတယ်နော်... သိပ်ကောင်းတာပဲ"လို့ ပြောတတ်တယ်။ မျက်နှာကြက်ကို မျက်နှာမူ လှဲလျောင်းရင်း တစ်ချိန်က အဖြစ်တွေကို ကျွန်မတို့ ပြောကြတယ်။ သားအမိနှစ်ယောက် ပခုံးချင်းယှဉ် လှဲအိပ်နေတဲ့ အခန်းထဲမှာ တစ်ချိန်က မေ့လျော့ခဲ့တဲ့ အဖြစ်အပျက်တွေနဲ့ ပြည့်နေတယ်။ အချိန်ကြာလာတာနဲ့ အမျှ တစ်ချိန်က ဖြေရှင်းလို့မရခဲ့တဲ့ အရာတော်တော်များများဟာ မေမေ့ဦးနှောက်ထဲမှာ သစ်မြစ်လို အမြစ်တွယ်ပြီး နာကျင်ခံစားနေရဆိုတာကို ကျွန်မ သတိပြုမိလာခဲ့တယ်။ တစ်ခါတလေ မေမေဟာ အားငယ်ပျော့ညံ့ပြီး ကျွန်မရင်ခွင်ထဲ မှောက်လျက်

mgyoe.com

mgyi.com SAMPLE BOOK

ငိုကြွေးတယ်။ ပြီးတော့ ရုတ်တရက် သတိဝင်လာပြီး မိခင်နေရာကို ပြန်ရောက်သွားပြီး "ဟင်း... ငါဘာဖြစ်သွားတာလဲ"လို့ ရေရွတ်တတ်ခဲ့တယ်။ တကယ်တော့ မေမေ လိုအပ်တာတွေက မများခဲ့ပါဘူး... သူ ရင်ဖွင့်ပြောပြတာတွေကို နားထောင်ပေးသူ ရှိဖို့ပဲဆိုတာကို ကျွန်မ ရှင်းရှင်းလင်းလင်း ခံစားလာခဲ့မိတယ်။

ဒါပေမဲ့ မေမေပြောတဲ့ စကားတွေကို ကျွန်မ နှစ်နှစ်လိုလို နားမထောင်ခဲ့ပါဘူး။ တစ်စုံတရာကို ဆန့်ကျင်ပြောကြားရင်း မေမေ့ကို အသံကျယ်ကြီးနဲ့ "ဒီလို မဟုတ်ပါဘူး... ဘာဖြစ်လို့ မေမေက ဒီလိုထင်ရတာလဲ"လို့ ကျွန်မ ငြင်းခုံတတ်ခဲ့တယ်။ တစ်ခါတလေ အချင်းချင်းရဲ့ ဝင်သက် ထွက်သက်ကို နားထောင်ရင်း ကျောချင်းကပ်ပြီး ခုတင်တစ်လုံးမှာ ကျွန်မတို့ အတူလှဲလျောင်းခဲ့တယ်။ တစ်ခါတလေ မေမေစိတ်ဆိုးရင် အဝတ်အစားတွေသိမ်းပြီး အိမ်ပြန်ဖို့ စီစဉ်တတ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီမနက်ခင်း အချိန်အခါတွေက ပျော်ရွှင်တဲ့အချိန် ဖြစ်တယ်လို့ ကျွန်မ ထင်တယ်။ ပြီးပြည့်စုံတဲ့ ပျော်ရွှင်ခြင်းဖြစ်တယ်။ ပျော်ရွှင်ခြင်းရဲ့လက်ကျန်က ဒီလောက်ပဲ ရှည်လျား နက်ရှိုင်းခဲ့တယ်။ အဲဒီလက်ကျန်တွေက ဘယ်ကလာသလဲ၊ ကျွန်မ အကြာကြီးတွေးခဲ့တယ်။ ကျွန်မဘေးမှာ မေမေရှိနေတယ်။ မေမေ့ဘေးမှာ ကျွန်မ လှဲအိပ်နေတယ်။ မနက် မိုးအလင်းကို စောင့်ရင်း မေမေ့စကားသံကို နားထောင်နေရတာဟာ ကျွန်မရဲ့ ကံကောင်းခြင်းပဲဖြစ်တယ်။

တကယ်လို့ ဒီစာအုပ်ပြီးမြောက်အောင် ရေးနိုင်ဖို့ အဲဒီအပျော်တွေက ကျွန်မကို တောင့်ခံပေးခဲ့တယ်ဆိုရင် စာဖတ်သူတွေ ယုံမလား။ စာအုပ်ထဲက မိခင်ဟာ ကျွန်မရဲ့ ကလောင်စက်အောက်မှာ ကံမကောင်းရှာဘူး။ ဒါဟာ အမှန်တရားဖြစ်တယ်။ အဲဒီမနက်ခင်းရဲ့ ပျော်ရွှင်ခြင်းတွေကို ကျွန်မတစ်ယောက်တည်း မခံစားသင့်ဘူးလို့ ကျွန်မ ထင်တယ်။ အဲဒီပျော်ရွှင်ခြင်းကို ထုတ်မပြောရင် မပျော်ရွှင်ဘဲ နေလိမ့်မယ်။ မနှောင်းသေးဘူးဆိုတာ အားလုံးကို ကျွန်မ ပြောချင်ပါတယ်။ အားလုံးကို ကျွန်မ ပြောပြနိုင်တဲ့နည်းကလည်း ဒီစာအုပ်ပဲဖြစ်တယ်။ ပြောပြချင်တဲ့ ဆန္ဒကြောင့် ဒီစာအုပ်ကို.... မေမေ ပျောက်နေတာ ရက်သတ္တပတ် ရှိပြီဆိုတဲ့ စာကြောင်းနဲ့ စခဲ့တယ်။ အခန်းဆက်တွေ ရေးပြီးတဲ့နောက် ကျွန်မ အကြာကြီး တွေးပြန်တယ်။ နောက်ဆုံးမှာ မေမေ့ကို ကယ်ဆယ်တဲ့အနေနဲ့ "နှင်းဆီစိပ်ပုတီး" ကို ကျွန်မရေးခဲ့တယ်။ ဒါကြောင့် မေမေ ပျောက်နေတဲ့ ၉ လပတ် ဆိုတဲ့စာကြောင်းနဲ့ အဲဒီအခန်းကို စခဲ့တယ်။ ကျွန်မတို့မှာ မေမေကို နားလည်နိုင်ဖို့၊ မေမေကိုချစ်ဖို့၊ မေမေကိုဂရုစိုက်ဖို့ အချိန်တွေ ရှိသေးတယ်ဆိုတာကို သိစေချင်လို့ပါ။ မေမေဟာ

mgyi.com

ပျောက်သွားရုံလေးပါ။ မေမေကို ပြန်တွေ့နိုင်တဲ့ မျှော်လင့်ချက်ရှိတယ်ဆိုတဲ့ အတွေးစကို ကျွန်မ ချန်ထားချင်ခဲ့ပါတယ်။

ကျွန်မတို့ရဲ့ မိခင်တွေဟာ အခွံတစ်ခုလို ကျွန်မတို့၊ သင်တို့ရဲ့ နောက်မှာ ရပ်နေပါတယ်။ ကျွန်မတို့အတွက် သူတို့ အနစ်နာခံ ပေးဆပ်တာတွေက တုနှိုင်း မရပါဘူး။ ကျွန်မတို့အတွက် သူတို့ပေးဆပ်တဲ့ ချစ်ခြင်းမေတ္တာ၊ စိတ်အားထက်သန်မှုနဲ့ အနစ်နာခံမှုတွေကို ကြိုးစားပြီး ပြန်ပေးဆပ်နိုင်ဖို့ပဲ ကျွန်မမှာ ဆန္ဒရှိပါတယ်။ တကယ်လို့ မိခင်တွေရဲ့ အနစ်မြုပ်ခံဘဝက လူမှုကွန်ယက်မှာ အတိုင်းအတာတစ်ခု အထိ အရေးပါခဲ့ရင် သူတို့ရဲ့ နှစ်လရာသီတွေကို မှတ်တမ်းတင်ဖို့က စာရေးဆရာမ ဖြစ်တဲ့ ကျွန်မရဲ့ ရိုးရှင်းတဲ့ စိတ်ဆန္ဒပဲဖြစ်တယ်။

စာအုပ်ရေးပြီးတာနဲ့ ပထမဆုံး ကျွန်မလုပ်မိတဲ့လုပ်ရပ်က ရွာကမေမေ့ဆီ ဖုန်းဆက်တာပဲ ဖြစ်တယ်။ အဲဒီတုန်းက ညဆယ်နာရီကျော် ရှိနေပါပြီ။ ဖေဖေ ဖုန်းကိုင်တော့ မေမေအိပ်ပြီလားလို့ ကျွန်မ မေးလိုက်တယ်။ မေမေ စတိုခန်းမှာလို့ ဖေဖေက ပြောတယ်။ ဒီလောက် မိုးချုပ်နေပြီ စတိုခန်းထဲမှာ မေမေ ဘာလုပ်နေလဲ။ စတိုခန်းထဲမှာ မေမေ ကြက်သွန်ဖြူခွာနေတယ်လို့ ဖေဖေကပြောတယ်။ ကျွန်မ ငယ်ရွယ်စဉ်က စာကျက်ခဲ့တဲ့ စတိုခန်းမှာ မေမေ ညစဉ်ဆက်တိုက် ကြက်သွန်ဖြူ ခွာနေခဲ့တယ်။ မေမေ့လက်ကိုင်ဖုန်းကို ကျွန်မ ဆက်လိုက်တယ်။ ဘာဖြစ်လို့ ညနက်သန်းခေါင်မှာ ကြက်သွန်ဖြူခွာနေရသလဲလို့ ကျွန်မ မေးတော့ မေမေက ဘာမှမဖြစ်သလိုနဲ့ "မေမေ အိပ်မပျော်လို့ပါ၊ ကင်ချီလုပ်တဲ့ရာသီ နီးပြီလေ။ နေ့တိုင်း ကြက်သွန်ဖြူလေးခွာလိုက်နဲ့ ဒီလိုလေး ကောင်းပါတယ်" လို့ ပြောတယ်။

နောက်တစ်နေ့မှာ ကျွန်မ စာမူပို့ပြီး မေမေကို ကျွန်မ ဖုန်းဆက်လိုက် ပြန်တယ်။ ဒီတစ်ခေါက်မှာတော့ မေမေဟာ ပဲခင်းထဲရောက်နေပါတယ်။ မေမေက ရင်နာနာနဲ့ "ရာသီဥတုခြောက်လို့ ပဲပင်တွေတောင် သေကုန်ပြီ"လို့ဆိုတယ်။

မေမေဟာ အသက် (၇၀) ကျော်သည့်တိုင် ကြက်သွန်ခွာနေဆဲ၊ မိုးမရွာလို့ ပဲခင်းမှာ စိုးရိမ်တကြီးရပ်နေဆဲ... ကျွန်မရဲ့မေမေဟာ ဒီလိုလူမျိုးဖြစ်တယ်။ ဒီလို တွေးတောမှုတွေက စာရေးခြင်းအတတ်နဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ကျွန်မကို အင်အားတွေ ပေးခဲ့တယ်။ ဘယ်အချိန်က စမှန်းမသိ စာရေးရင်း ဆက်ရေးဖို့ စဉ်းစားလို့ မရတော့တဲ့အခါ ဒါမှမဟုတ် ဟန်ချက် ပျက်သွားတဲ့အခါ မေမေ့ဆီ ကျွန်မ ဖုန်းဆက်တတ်ခဲ့တယ်။ ဒီလိုအချိန်မျိုးမှာ မေမေဟာ သီချင်းဆိုနေသလို ဒီလောကထဲ ကျွန်မ ရောက်မလာခင်ကတည်းက ရှိခဲ့တဲ့ လူနဲ့ အဖြစ်အပျက်တွေကို

mgyoe.com

mgyoe.com SAMPLE BOOK

မနားတမ်း ပြောပြတတ်တယ်။ တစ်ခါတလေ မေမေ ပြောတဲ့ စကားတွေကို ဘောလ်ပင်နဲ့ ကျွန်မ တိတ်တဆိတ် ရေးမှတ်ခဲ့တယ်။ လူတချို့ဟာ အမှားမလုပ်ခဲ့လည်း အတားအဆီး၊ အဟန့်အတားတွေနဲ့ ကြုံရတယ်။ ဒါတောင် သူတို့ရဲ့ဘဝကို သူတို့ လက်မလွှတ်ခဲ့ဘူး။ ကိုယ့်စိတ်ကူးအိပ်မက်ကို ဆက်လက် ရှာဖွေခဲ့တယ်၊ အကောင်အထည် ဖော်ခဲ့တယ်။ ချစ်ခြင်းမေတ္တာတွေ ဆတိုးပွားပြီး လူ့ဘဝခရီးလမ်းသစ်ဆီ လျှောက်လှမ်းခဲ့ကြတယ်။ သူတို့ရဲ့ လျှို့ဝှက်ချက်က ကျွန်မရဲ့ဝတ္ထုဖြစ်လာခဲ့တယ်။ ကျွန်မကိုပြောပြတဲ့ ပုံပြင်တွေက သူ့ပုံပြင်မဟုတ်ဘဲ တခြားလူတွေဆီကနေ ကြားခဲ့တာပါလို့ မေမေကပြောတယ်။ မေမေပြောပြတဲ့ အကြောင်းအရာတွေက စကြဝဠာအတွင်းမှာ အကြိမ်ကြိမ် ဖြစ်ပျက်နေတဲ့ အရာပဲဖြစ်ဖြစ်၊ လျှပ်တစ်ပြက်အတွင်း ပျောက်ကွယ်သွားမယ့် အဖြစ်အပျက်ပဲဖြစ်ဖြစ် ဒီအကြောင်းအရာ၊ ဒီပုံပြင်တွေကပဲ ကျွန်မကို စိတ်ကူးအိပ်မက်တွေ မပြတ်ရှိစေခဲ့တယ်လို့ စာတွေရေးနေရင်း ကျွန်မ အသိတရားရခဲ့တယ်။ မေမေဟာ သူ ပြောခဲ့တဲ့ပုံပြင်တွေကို ကျွန်မကနေတစ်ဆင့် ဒီလောကမှာရှိတဲ့လူတွေဆီ အရောက်ပေးပို့နိုင်ဖို့ မျှော်လင့်ခဲ့တယ်။

စာရေးတာကလွဲလို့ တခြားအလုပ်တွေ ကျွန်မနဲ့ မသင့်တော်ခဲ့ဘူး။ ဒီ့အတွက် ဒါဟာ ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလားဆိုတာ ကျွန်မလည်း မသိခဲ့ဘူး။ ဒီလမ်းကို ကျွန်မကိုယ်တိုင်ပဲ ရွေးချယ်ခဲ့သလို အစကတည်းကပဲ ကံစီမှန်ခဲ့သလိုပါပဲ။ မေမေက ကျွန်မကို သူ့လိုဘဝမျိုး မဖြစ်အောင် အမြဲ မျှော်လင့်ခဲ့တယ်။ ဒါပေမဲ့ ကျွန်မက မေမေ့လမ်းကြောင်းအတိုင်း ရှေ့ကို ဆက်လျှောက်ချင်ခဲ့တယ်။ မေမေက သူ့ခန္ဓာကိုယ်နဲ့စိတ် အားလုံးကို ကျွန်မဆီ အပ်ထားတယ်ဆိုပေမယ့် အိပ်မရတဲ့ညတွေမှာ ကြက်သွန်ခွာနေဆဲဖြစ်တယ်။ ခွာထားတဲ့ကြက်သွန်နဲ့ ကင်ချီလုပ်မယ်၊ ပြီးတော့ ကျွန်မဆီ ပို့မယ်။ ပဲအထွက်မကောင်းရင် မေမေဟာ ဈေးထဲကပဲတွေဝယ်ပြီး ငံပြာရည်လုပ်ပြီး ကျွန်မကို ပို့ပေးဦးမယ်။

ကျွန်မဟာ ဒီလို မိခင်မျိုးရဲ့သမီးပါ။ မိခင်ရဲ့ ဒီလိုလမ်းကြောင်းအတိုင်းပဲ ကျွန်မ ရှေ့ဆက်လျှောက်သွားနိုင်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

**Kyung- Sook Shin**
(၂၀၀၈ ခုနှစ် - ဆောင်းဦး)

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူရဲ့ စကား

မိဘနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ အရေးများတဲ့ ကျွန်မကို ကျွန်မရဲ့ စာအုပ်ထုတ်ဝေသူက ဒီစာအုပ်လေး ဖတ်ကြည့်ပါလို့ ညွှန်းဆိုလာပါတယ်။ ညွှန်းဆိုလာတဲ့အတိုင်း အင်တာနက်ပေါ်မှာ ဒီစာအုပ်အကြောင်းအရာကို ကျွန်မ လိုက်ရှာဖတ်ကြည့်ခဲ့ပါတယ်။ ဒီစာအုပ်ဟာ ဘာသာစကားများစွာနဲ့ ဘာသာပြန်ဆို ခံခဲ့ရပြီး နိုင်ငံပေါင်းများစွာက အလုအယက် ဖတ်နေကြတဲ့စာအုပ်လို့ ဆိုထား ပါတယ်။ စာရေးသူရဲ့ ဒီစာအုပ်ဟာ အင်္ဂလိပ်ဘာသာ ပြန်ဆိုခံရတဲ့စာအုပ်ဖြစ်ပြီး အင်္ဂလိပ်လို ပြန်ဆိုထားတဲ့ စာအုပ်ကို ၂၀၁၁ ခုနှစ်မှာ ထုတ်ဝေခဲ့ပါတယ်။ ကိုရီးယားလို ရေးထားတဲ့ မူရင်းစာအုပ်က ထုတ်ဝေလိုက်တာနဲ့ တစ်ပြိုင်နက် ကိုရီးယားနိုင်ငံမှာ ၁၀ လ အတွင်း အုပ်ရေ တစ်သန်းခွဲကျော် ရောင်းခဲ့ရပြီး စာအုပ်အရောင်းဆိုင်တွေမှာ တစ်နှစ်ကျော်ကြာ ဗိုလ်စွဲခဲ့တဲ့ စာအုပ်လည်းဖြစ်ပါ တယ်။ ၂၁ ရာစုမှာ မိခင်ဘွဲ့ကို အကောင်းဆုံး ရေးစပ်နိုင်ခဲ့တဲ့ စာအုပ်လို့လည်း ဆိုထားကြပါတယ်။ အင်တာနက်ပေါ်က စာအုပ်အညွှန်းကို ဖတ်ပြီး သူငယ်ချင်း တစ်ယောက်ကို ဒီစာအုပ်လေးထည့်ပေးဖို့ ကျွန်မ အကူအညီတောင်းလိုက်ပါတယ်။ စာအုပ်ရတာနဲ့ နေ့မဆိုင်းဘဲ မြန်မာစာဖတ်သူတွေလည်း ဖတ်နိုင်ဖို့ မြန်မာစာအဖြစ် ဘာသာပြန်ဆိုလိုက်ပါတယ်။ ဒီစာအုပ်ဟာ ကျွန်မရဲ့ ပထမဆုံး လုံးချင်းစဆုံး ဘာသာပြန်ဆိုတဲ့စာအုပ် ဖြစ်ပါတယ်။ အတတ်နိုင်ဆုံးကြိုးစားပြီး စာဖတ်သူတွေ

mgyoe.com

mgyaung.com SAMPLE BOOK

နားလည်သဘောပေါက် လွယ်အောင် ဘာသာပြန်ခဲ့ပါတယ်။ ပထမဆုံးစာအုပ်မို့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသည့်တိုင် အမှား ဒါမှမဟုတ် ဝါကျအထား အသိုတွေ မမှန်ကန်ခဲ့ရင် ခွင့်လွှတ်နားလည်ပေးကြဖို့ တောင်းဆိုပါတယ်။ ဒီ့ထက် အကောင်းဆုံးဖြစ်အောင် ဆက်လက် ကြိုးစားနေပါဦးမယ်။

ဒီစာအုပ်ကို ဖတ်နေစဉ်၊ ဘာသာပြန်နေစဉ်အတွင်း ကျွန်မ မျက်ရည်ဝဲပြီး ရင်ထဲ ဆို့နင့်တဲ့အချိန်တွေ ရှိခဲ့ပါတယ်။ စာကို ကြိုးစားရေးရင်း ကျွန်မ မေမေပုံရိပ်ကို ကျွန်မ မကြာခဏ မြင်ယောင်ခဲ့မိပါတယ်။ ဝတ္ထုထဲက ဇာတ်ကောင် အမေအိုရဲ့ နေရာမှာ ကျွန်မ မေမေကိုများ တည့်တည့် ရည်ညွှန်းရေးထားသလားလို့လည်း ထင်ခဲ့မိတယ်။ တကယ်တော့ ဒီစာအုပ်ဟာ ကျွန်မမေမေကိုပဲ ရည်ညွှန်းရေးခဲ့တာ မဟုတ်ဘဲ ကမ္ဘာပေါ်က ရှိရှိသမျှ မေမေတွေကို ရည်ညွှန်းခဲ့တာပါ။ စာအုပ်ထဲက မေမေအတိုင်း ကျွန်မတို့မေမေဟာလည်း သူ့အရာအားလုံးကို သားသမီးတွေအတွက် ပေးဆပ်ခဲ့တယ်။ သူ့တစ်ဘဝစာနဲ့ သားသမီးအပေါ် အနစ်နာခံခဲ့တယ်။ ကိုယ့်တိုင် အတွက်တော့ ဘာမှ ချန်မထားခဲ့ပါဘူး။

စာအုပ်ထဲက သမီးလိုပဲ မေမေဟာ သာမန်အမျိုးသမီးတစ်ဦး၊ မေမေမှာ လည်း ကလေးဘဝရှိခဲ့မယ်၊ မေမေမှာလည်း ဆယ်ကျော်သက်အရွယ်နဲ့ စိတ်ကူး အိပ်မက်တွေရှိခဲ့မယ်ဆိုတာကို ကျွန်မ တစ်ခါမှ မတွေးခဲ့မိပါဘူး။ မေမေရယ်လို့ ဖြစ်လာရင် ဒီမိသားစုအတွက်၊ ဒီအိမ်အတွက် သူ့စိတ်ကူးအိပ်မက်ကို စွန့်ပြီး ဘဝသေဆုံးတဲ့အထိ ပေးဆပ် အနစ်နာခံရမယ်လို့ပဲ ထင်ထားခဲ့မိတယ်။

စာအုပ်ထဲက မေမေအတိုင်း ကျွန်မ မေမေလည်း မြန်မာစာမတတ်ပါဘူး။ ဒါပေမဲ့ မေမေဟာ ကျွန်မတို့ စာကျက်တိုင်း ဘေးမှာထိုင်ပြီး အဖော်ပြုခဲ့တယ်။ ကျွန်မတို့ရဲ့ ပညာရေးကို ဦးစားပေးခဲ့တယ်။ သူ့ဘဝတစ်သက်တာကို လယ်ယာခြံ အလုပ်အပြင်၊ စက်ချုပ်ဆိုင်လေးထဲမှာပဲ ကုန်ဆုံးခဲ့တယ်။ ငယ်ရာကနေ ကြီးပြင်း လာတဲ့ မေမေမှာလည်း ကျွန်မတို့လို စိတ်ကူးအိပ်မက်တွေ ရှိခဲ့မှာပဲ။ အဲဒီစိတ်ကူး အိပ်မက်ကို အကောင်အထည်ဖော်ချင်ခဲ့မှာပဲ။ ဒါပေမဲ့ သားသမီးတွေ မွေးပြီးတဲ့ နောက် သူ့အချိန်အားလုံးကို သားသမီးတွေအတွက်ပဲ ပေးခဲ့တယ်။

ဒီစာအုပ်ထဲက သမီးလိုပဲ ကျွန်မမေမေရဲ့ စိတ်ကူးအိပ်မက်က ခရီးသွားရဖို့ လားလို့ ကျွန်မ တစ်ခါမှ မတွေးခဲ့မိဘူး။ ဒီစာအုပ်ကိုဖတ်မိမှပဲ ကျွန်မရဲ့မေမေဟာ သူ့အသက် တစ်ဝက်စာလောက်မှာ ရွာနဲ့ တောင်ကြီးမြို့လောက်ပဲ သွားခဲ့ဖူးတယ် ဆိုတာကို ကျွန်မ အမှတ်ရလာမိတယ်။ နိုင်ငံခြားမှာ ကျွန်မ ကျောင်းဆက်တက်ဖို့

mgyoe.com SAMPLE BOOK

သွားမယ်ဆိုတဲ့ အချိန်ကျမှ ရန်ကုန်မြို့ကို မေမေ ရောက်ဖူးတာပါ။ မေမေ နိုင်ငံခြား ထွက်ဖူးတဲ့ အကြိမ်ဟာလည်း သူ့ဘဝ နောက်ဆုံးအကြိမ် ဖြစ်ခဲ့ပါတယ်။ ဖျားနာလို့ အိမ်နီးချင်းနိုင်ငံမှာ ဆေးသွားကုရာကနေ အိမ်ကို မေမေ လုံးဝ ပြန်မလာနိုင်ခဲ့တော့ပါဘူး။ အဝေးဆုံးကို သွားခဲ့တဲ့ သူ့ရဲ့ပထမဆုံးအကြိမ်က သူချစ်တဲ့မိသားစုနဲ့ ထာဝရ ခွဲခွာသွားတဲ့အကြိမ် ဖြစ်ပါတယ်။

စာအုပ်ထဲမှာ မေမေပျောက်သွားတာနဲ့ ဇာတ်လမ်းဆင် ရေးဖွဲ့ထားပါတယ်။ တကယ်တမ်းတော့ မေမေ တော်တော်များများဟာ မိသားစု၊ သားသမီးတွေအပေါ် စိတ်ရောကိုယ်ပါနစ်ပြီး ပြုစုစောင့်ရှောက်ခဲ့တဲ့အတွက်၊ သူတို့ရဲ့ရှိရှိသမျှအရာအားလုံးကို ပေးဆပ်၊ အနစ်နာခံခဲ့တဲ့အတွက် သူတို့ကိုယ် သူတို့ ပျောက်ဆုံးနေကြောင်းကို ခံစားမိလိမ့်မှာ မဟုတ်ပါဘူး။ မေမေကို နေရာမပေးနိုင်တာ၊ အချိန်မပေးနိုင်တာ၊ လျစ်လျူရှုမိတာတွေကြောင့်လည်း သားသမီးတချို့ရဲ့ရင်ထဲမှာ မေမေဟာ ပျောက်ဆုံးကောင်း ပျောက်ဆုံးနေပါလိမ့်မယ်။

ဒီစာအုပ်ဟာ အချိန်မီသေးတဲ့ သင့်အတွက် အခွင့်အရေးတစ်ခု၊ ဒီစာအုပ်ဟာ အချိန်မမီတော့တဲ့ သင့်အတွက် နှစ်သိမ့်မှုတစ်ခုတဲ့။

မေမေရှိသူတိုင်း ဒီစာအုပ်ကို ဖတ်ကြည့်သင့်တယ်လို့ ကျွန်မ ထင်ပါတယ်။ အချိန်မီသေးတဲ့ အချိန်မှာ မေမေကို ပွေ့ဖက်ပြီး မေမေ့ကို ချစ်တဲ့အကြောင်းတွေ ပြောစေချင်ပါတယ်။ အချိန်မီသေးတဲ့အချိန်မှာ မေမေ့ကို ပိုဂရုစိုက်၊ နားလည်မှု ပေးစေချင်ပါတယ်။

"ကျေးဇူးပြုပြီး မေမေ့ကို ကြည့်ရှုစောင့်ရှောက်ပါ"

ကမ္ဘာပေါ်မှာရှိရှိသမျှ မေမေများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း...

*ချစ်ခင်လေးစားလျက်. . .*

နိုင်းနိုင်းစနေ

(ဇူလိုင်လ ၇ ရက်နေ့၊ ၂၀၁၂ ခုနှစ်)

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁) ဘယ်သူမှ မသိဘူး

မေမေ ပျောက်နေတာ တစ်ပတ်ရှိပြီ။

သင်တို့ တစ်မိသားစုလုံး အစ်ကိုကြီး ဟုန်းချော (Hyong-chol) အိမ်မှာ စုဝေးနေကြတယ်။ လေးလေးနက်နက် ဆွေးနွေးတိုင်ပင်ပြီးတဲ့နောက်မှာ လူပျောက်ကြော်ငြာလုပ်ပြီး မေမေပျောက်သွားတဲ့ နေရာတစ်ဝိုက်မှာ ဖြန့်ဝေဖို့ ဆုံးဖြတ်လိုက်ကြတယ်။ လူပျောက်ကြော်ငြာမူကြမ်း အရင်ရေးဖို့ သင်တို့ ဆုံးဖြတ်ကြတယ်။ ဒါဟာ ရှေးအစဉ်အလာနည်းပေါ့။ အိမ်က လူပျောက်သွားတယ်၊ ပျောက်တဲ့သူက မေမေ ဖြစ်နေတယ်။ သင်တို့မှာ လုပ်နိုင်တာဆိုလို့ ဒီနည်းတွေပဲ ရှိတယ်။ ပျောက်ဆုံးကြောင်းရဲကို အကြောင်းကြားမယ်၊ အရပ်လေးမျက်နှာ ရှာဖွေကြမယ်။ မေမေနဲ့တူတဲ့လူကို တွေ့မိကြသလားလို့ လမ်းသွားလမ်းလာတွေကို မေးမယ်။ ဒါမှမဟုတ် အင်တာနက်အထည်ဆိုင်ဖွင့်ထားတဲ့ မောင်လေးကနေတစ်ဆင့် မေမေ ပျောက်သွားတဲ့အကြောင်းရင်းနဲ့ ပျောက်သွားတဲ့နေရာ ရေးပြီး မေမေ့ဓာတ်ပုံနဲ့အတူ အင်တာနက်ပေါ် တင်ခိုင်းမယ်။ မေမေနဲ့တူတဲ့လူကို တွေ့ရင် သင်တို့ကို ဆက်သွယ်ဖို့ ပြောမယ်။ မေမေ သွားနိုင်မယ့်နေရာကို စဉ်းစားမိပေမယ့် ဒီမြို့မှာ မေမေတစ်ယောက်တည်း သွားတတ်တဲ့နေရာ မရှိဘူး ဆိုတာကို သင်လည်း သိတယ်။

"နင်က စာရေးဆရာပဲ။ လူပျောက်ကြော်ငြာကို နင်ပဲရေးပါ" လို့ အစ်ကိုကြီးက သင့်ကို အလုပ်ခန့်တယ်။ စာရေးဆရာတဲ့လား "မလုပ်သင့်တာကို လုပ်မိလို့

mgyoe.com

mgyoe.com SAMPLE BOOK

လူမိသွားသူလို သင် ရှက်သွေးဖြာသွားတယ်။ သင့်ကလောင်အောက်က စာတစ်ကြောင်းတိုင်းဟာ ပျောက်သွားတဲ့မေမေ့ကို တွေ့အောင်ရှာဖို့ တကယ်ကူညီနိုင်ပါ့မလား။

(၁၉၃၈) ခုနှစ် ဇူလိုင်လ (၂၄) ရက်နေ့ မေမေ့မွေးသက္ကရာဇ်ကို သင် ချရေးလိုက်တယ်။ မေမေ့ကို (၁၉၃၆) ခုနှစ်မှာ မွေးတယ်လို့ ဖေဖေက ပြောတယ်။ မှတ်ပုံတင်မှာ ရေးထားတာက (၁၉၃၈) ခုနှစ်ဖွား။ တကယ်တမ်းမှာတော့ (၁၉၃၆) ခုနှစ်ဖွား ဖြစ်တယ်။ ဒီအဖြစ်ကို ပထမဆုံးအကြိမ် သင် သိတာဖြစ်တယ်။ အဲဒီခေတ်တုန်းက အဲဒီလိုပဲ။ မွေးလာတဲ့ ကလေးတော်တော်များများက ရက် (၁၀၀) မပြည့်ခင် သေသွားတတ်ကြလို့ အသက် နှစ်နှစ်၊ သုံးနှစ်ပြည့်မှ အိမ်ထောင်စုစာရင်း သွားပေးကြတယ်လို့ ဖေဖေက ပြောတယ်။ ၃၈ ကို သင်က ၃၆ လို့ ပြောင်းရေးချင်တယ်။ အစ်ကိုကြီးက တရားဝင် ရုံးတင်ထားတဲ့ (၁၉၃၈) ခုနှစ်ကို ရေးတာ ပိုသင့်တော်မယ်လို့ ဆိုတယ်။ "ဒါက ကျွန်မတို့ကိုယ်တိုင် ရေးတဲ့ လူပျောက်ကြော်ငြာပါ။ အိမ်ထောင်စုစာရင်းရုံးမှ မဟုတ်တာ ဘာလို့ အမှန်အတိုင်းမရေးဘဲ အိမ်ထောင်စုစာရင်းထဲကအတိုင်း ရေးရသလဲ" လို့ သင်တွေးပေမယ့် မွေးခုနှစ်ကို သင် ပြန်ပြင်ရေးလိုက်တယ်။ (၃၆) ကို (၃၈) လို့ ပြင်ရေးလိုက်တယ်။ တစ်ဆက်တည်းမှာပဲ ဇူလိုင်လ ၂၄ ရက်နေ့ကရော မေမေရဲ့မွေးလ၊ မွေးရက် အမှန်ပဲလားလို့ သင် တွေးလိုက်မိတယ်။

လွန်ခဲ့တဲ့ နှစ်တွေကတည်းက သူ့တစ်ယောက်တည်းအတွက် မွေးနေ့ပွဲ မကျင်းပပေးနဲ့တော့လို့ မေမေ ပြောခဲ့တယ်။ ဖေဖေ့မွေးနေ့က မေမေထက် တစ်လစောတယ်။ အရင်က မွေးနေ့ ဒါမှဟုတ် တခြားအထိမ်းအမှတ်နေ့ ရောက်တိုင်း မြို့မှာနေတဲ့ သင်တို့ မောင်နှမတွေအားလုံး ချောင်းအွတ် (Chongup) က မေမေ့ အိမ်ကို ပြန်ကြတယ်။ လူစုံတက်စုံဆိုရင် သွေးနီးသားချင်းတွေချည်းပဲ အယောက် (၂၂) ယောက် ရှိတယ်။ အိမ်မှာ မိသားစုတွေနဲ့ ပျော်ပါး ဆူညံတာကို မေမေ ကြိုက်တယ်။ မိသားစုတွေ ဆုံကြမယ် ဆိုတိုင်း မေမေက ကင်ချီ ကြိုလုပ်ထားတတ်တယ်။ ဈေးထဲကနေ အသားတွေ ဝယ်ထားတတ်တယ်။ ပြီးတော့ သွားတိုက်ဆေး၊ သွားတိုက်တံ အပိုတွေ အသင့် ပြင်ထားတတ်တယ်။ နှမ်းဆီကြိတ်ထားတတ်တယ်၊ နှမ်းနဲ့ Perilla စေ့ကို လှော်ပြီး ကြိတ်ထားတတ်တယ်။ သင်တို့ပြန်တဲ့အခါ တစ်ယောက်တစ်ပုလင်း ထည့်ပေးဖို့ ဖြစ်တယ်။ မိသားစု တွေ့ဆုံမယ့် ရက်ကို မေမေစောင့်နေတဲ့ အတောအတွင်းမှာ ရွာက အိမ်နီးနားချင်းနဲ့ တွေ့လို့ပဲဖြစ်ဖြစ်၊

mgyoe.com

mgyoe.com SAMPLE BOOK

ဈေးထဲမှာ အသိနဲ့ တိုးလို့ပဲဖြစ်ဖြစ် မေမေဟာ ပြုံးရယ် ပျော်ရွှင်နေတတ်တယ်။ ဂုဏ်ယူပီတိအပြောနဲ့ ပြောဆိုတတ်တယ်။ ရာသီအလိုက် လုပ်ထားတဲ့ မက်မန်းအချိုရည်၊ စတော်ဘယ်ရီ အချိုရည်တွေကို စတိုခန်းမှာ ဖန်ပုလင်းမျိုးစုံနဲ့ မေမေ ထည့်ထားတတ်တယ်။ မေမေ့စဉ့်အိုးတွေထဲမှာ အားလုံးအတွက် ခွဲဝေပေးဖို့ အချဉ်တည်ထားတဲ့ ငါးပုတ်သင်၊ ငါးပါးနီအနှစ်နဲ့ ခုံးကောင်တွေ အပြည့်ရှိတယ်။ ကြက်သွန်နီက ကျန်းမာရေးအတွက် ကောင်းတယ်လို့ တခြားသူ ပြောတာကြားရင် မေမေဟာ ကြက်သွန်နီရည်လုပ်တယ်။ ဆောင်းရာသီ မရောက်ခင် နွယ်ချိုနဲ့ရောစပ်ထားတဲ့ ဖရုံရည်တွေလုပ်ပြီး မြို့က သားသမီးတွေဆီ မေမေ ပို့ပေးတတ်တယ်။ မေမေ့အိမ်က အလုပ်ရုံနဲ့ တူတယ်။ တစ်နှစ်ပတ်လုံး အပြင်မှာ အလုပ်လုပ်နေတဲ့ မိသားစုဝင်တွေ အတွက် ဟင်းနှစ်လုပ်တယ်၊ ပဲနှစ်အချဉ်တည်တယ်၊ ဆန်မှုန့် ကြိတ်တယ်။

အပြင်မှာ အလုပ်လုပ်နေတဲ့ သင်တို့ ချောင်းအွတ်ကို ပြန်လာတဲ့အကြိမ် တဖြည်းဖြည်း နည်းလာခဲ့တာ ဘယ်အချိန်ကတည်းကမှန်း မသိတော့ပါဘူး။ သင်တို့ဆီ ဖေဖေနဲ့ မေမေလာတဲ့ အကြိမ်ရေ ပိုများလာတယ်။ ဖေဖေနဲ့မေမေတို့ရဲ့ မွေးနေ့ကိုလည်း မြို့ထဲက စားသောက်ဆိုင်မှာပဲ ပြောင်းလဲ ကျင်းပလာခဲ့ကြတယ်။ ဒီလိုဆိုတော့လည်း ပိုလွယ်ကူ အဆင်ပြေသွားတာ အမှန်ပဲ။ နောက်တော့ မေမေက "မေမေ့မွေးနေ့ကို သားတို့ သမီးတို့ရဲ့ ဖေဖေ့မွေးနေ့မှာ တစ်ခါတည်း အတူတူ လုပ်လိုက်ပါ။ နွေရာသီမှာ ပူလွန်းတယ်။ နောက်ပြီး ဘိုးဘွားတွေကို နှစ်ကြိမ် ကန်တော့ရဦးမယ်။ ကန်တော့ဖို့ အချိန်နှစ်ရက်လောက် ယူရသေးတယ်။ မွေးနေ့ လုပ်ဖို့ ဘယ်အချိန်ရှိမလဲ" လို့ ပြောတယ်။

မေမေ ဒီလိုပြောတာကို စစချင်းမှာ သင်တို့ ငြင်းဆန်ကြတယ်။ မြို့ကို မေမေ မလာနိုင်သည့်တိုင် ရွာကို သင်တို့ နှစ်ယောက်စ၊ သုံးယောက်စ ပြန်ပြီး မေမေ့အတွက် မွေးနေ့ပွဲ ကျင်းပပေးတယ်။ ဒီလိုနဲ့ နှစ်တွေကြာလာတော့ ဖေဖေ မွေးနေ့မှာ မေမေ့အတွက် မွေးနေ့လက်ဆောင်ကို တစ်ပါးတည်း သင်တို့ပေးကြတယ်။ မေမေ့မွေးနေ့က ဒီလိုနဲ့ပဲ ပြီးသွားတယ်။ အိမ်က မိသားစုဝင်အတွက် ခြေအိတ်ဝယ်ပေးရတာကို မေမေကြိုက်တယ်။ နောက်တော့ မေမေဝယ်ထားတဲ့ ခြေအိတ်တွေ ယူမယ့်သူ မရှိခဲ့လို့ အဝတ်ဗီရိုထဲမှာ ခြေအိတ်တွေ များသထက် များလာခဲ့တယ်။

အမည် --- ဘတ်ဆိုနို (Park So-nyo)

မွေးသက္ကရာဇ် --- ၁၉၃၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် (အသက် ၆၉ နှစ်)

ပုံပန်းသဏ္ဌာန် --- ဆံပင်အတိုကောက်ထားတယ်၊ ဆံပင်ဖြူ ပိုများတယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

ပါးရိုးမောက်တယ်။ မိုးပြာရောင်ရှပ်အင်္ကျီ ဝတ်ထားတယ်။ အဖြူရောင်အနွေးထည် ဝတ်ထားတယ်။ သနပ်ခါးရောင် အတွန့်ပါတဲ့စကပ် ဝတ်ထားတယ်။

ပျောက်ဆုံးတဲ့နေရာ --- မြေအောက်ရထား ဆိုးလ်ဘူတာ။

မေမေရဲ့ဘယ်ဓာတ်ပုံကို သုံးသင့်သလဲဆိုတဲ့နေရာမှာ သဘောထားတွေ ကွဲလွဲကြပြန်တယ်။ အနီးကပ်ဓာတ်ပုံကို သုံးသင့်တယ်လို့ အားလုံး သဘောတူကြသည့်တိုင် ဘယ်သူ့ဆီမှာမှ မေမေ့လတ်တလောပုံ မရှိကြဘူး။ ဘယ်အချိန်က စမှန်းမသိ ဓာတ်ပုံရိုက်ရမှာကို မေမေ မုန်းလာခဲ့တာကို သင် သတိရလာမိတယ်။ မိသားစု ဓာတ်ပုံရိုက်ချိန်မှာလည်း မေမေဟာ မသိမသာ ရှောင်ထွက်သွားတတ်ခဲ့တယ်။ မိသားစုဓာတ်ပုံမှာ မေမေတစ်ယောက်တည်းပဲ ပွဲကျန်နေတတ်တယ်။ ဖေဖေ့အသက် (၇၀) ပြည့် မွေးနေ့က မိသားစုဓာတ်ပုံမှာ မေမေ့ပုံ ပါတယ်။ ဒါက မေမေရဲ့ လောလောလတ်လတ်ပုံ ဖြစ်တယ်။ အဲဒီတုန်းက မေမေဟာ အပြာနုရောင် ကိုးရီးယားရိုးရာဝတ်စုံကို ဝတ်ထားတယ်။ အလှပြင်ဆိုင်သွားပြီး ဆံပင်ပြင်ခဲ့တယ်။ အနီရောင်နှုတ်ခမ်းနီကို ဆိုးထားတယ်။ အသေးစိတ် ပြင်ဆင်ထားမှန်း သိသာပါတယ်။

ဓာတ်ပုံထဲက မေမေဟာ မပျောက်ဆုံးခင်က မေမေ့ပုံနဲ့ တခြားစီလို့ မောင်လေးက ထင်တယ်။ ဓာတ်ပုံထဲက မေမေ့ပုံကို အကြီးချဲ့လိုက်ရင်လည်း လူတွေခွဲခြားသိနိုင်မှာ မဟုတ်ဘူးလို့ သူက ပြောတယ်။ အင်တာနက်ပေါ် ဓာတ်ပုံတင်ပြီးတဲ့နောက် လူတွေက မေမေ့ကို အရမ်းချောတယ်၊ သူ့ပုံကြည့်ရတာ အကူအညီမဲ့ လမ်းပျောက်နေသူနဲ့ မတူဘူးလို့ တုံ့ပြန်ကြတယ်။ ဒီလိုနဲ့ မေမေရဲ့ တခြားပုံတွေ ရှိမရှိ ရှာကြဖို့ သင်တို့ ဆုံးဖြတ်ကြပြန်တယ်။

အစ်ကိုက သင့်ကို လူပျောက်ကြော်ငြာမှာ စကားလုံး ထပ်ထည့်ဖို့ ပြောတယ်။ အစ်ကို့ကို သင် စိုက်ကြည့်လိုက်တယ်။ လူတွေရဲ့ရင်ကို လှုပ်ခတ်စေနိုင်မယ့် စကားလုံးတွေသုံးဖို့ အစ်ကိုက ပြောတယ်။

လူတွေရဲ့ရင်ကို လှုပ်ခတ်စေနိုင်မယ့် စကားလုံးတဲ့။ "ကျေးဇူးပြုပြီး ကျွန်မတို့ရဲ့ မိခင်ကို ကူရှာပေးပါ"လို့ သင် ရေးလိုက်တယ်။ အစ်ကိုက ဒီလို ရေးတာဟာ သိပ်ရိုးလွန်းတယ်လို့ ပြောတယ်။

"ကျွန်မတို့ရဲ့ မိခင်ကို ကူရှာပေးပါ" လို့ သင်ရေးတော့ "မိခင်" ဆိုတဲ့ အသုံးအနှုန်းက သိပ်ရှေးရိုးဆန်လွန်းတယ်။ "မေမေ" လို့ ရေးပါလို့ အစ်ကိုက ပြောတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

"ကျွန်မတို့ရဲ့ မေမေကို ကူရှာပေးပါ" လို့ သင်ရေးတော့ ကလေးဆန်လွန်းတယ်လို့ အစ်ကိုက ပြောပြန်တယ်။

"တကယ်လို့ ဒီလူကို တွေ့ခဲ့ရင် ကျေးဇူးပြုပြီး ကျွန်မတို့နဲ့ အမြန် ဆက်သွယ်ပါ" လို့ သင် ရေးပြီးတာနဲ့ အစ်ကိုက ဒေါသတကြီး ထအော်တယ်။

"စာရေးဆရာမို့ တော်တော့တယ်။ ဒီစာကြောင်းတွေက လွဲပြီး တခြားစာကြောင်းတွေ နင် မရေးနိုင်တော့ဘူးလား" အစ်ကိုကြီးပြောတဲ့ တခြားလူရဲ့ ရင်ကို ကိုင်လှုပ်နိုင်တဲ့ စကားလုံးဆိုတာ ဘယ်လိုစကားလုံးမျိုးလဲ ဆိုတာကို သင် မတွေးတတ်အောင် ဖြစ်ရတယ်။

အစ်ကိုလတ်က "တခြားလူရဲ့ ရင်ကို ကိုင်လှုပ်နိုင်တဲ့ စကားလုံးရေးမယ်ဟုတ်လား။ ဆုချီးမြှင့်မယ်လို့ ရေးလိုက်ရင် လူတွေရဲ့ ရင်ကို ကိုင်လှုပ်နိုင်ပြီပေါ့" လို့ ပြောတယ်။ ဒီလိုနဲ့ "ဆုကြေးငွေ ချီးမြှင့်မည်" လို့ သင် ရေးလိုက်တော့ မရီးဖြစ်သူက "ဒါ ဘာအဓိပ္ပာယ်လဲ" ဆု ဘယ်လောက် ချီးမြှင့်မယ်ဆိုမှ လူတွေက သတိထားကြည့်မှာပေါ့" လို့ ဆိုတယ်။

"ဒီလိုဆို ဘယ်လောက်ရေးမလဲ"

"ဝမ်ဆယ်သိန်း"

"နည်းလွန်းတယ်"

"ဝမ်သိန်းသုံးဆယ်"

"ဒါလည်း နည်းလွန်းမနေဘူးလား"

"ဒီလိုဆိုရင် ဝမ်သိန်းငါးဆယ်ကွာ"

ဝမ်သိန်းငါးဆယ် ဆိုတာနဲ့ ဘယ်သူမှ အထွန့်မတက်ကြတော့ဘူး။ ဒါကြောင့် သင်က "ဝမ်သိန်းငါးဆယ် ဆုချီးမြှင့်မည်"လို့ ရေးလိုက်တယ်။ ရေးပြီးတော့ အဆုံးသတ်ပုဒ်မ ချလိုက်တယ်။ အစ်ကိုလတ်က "ဆုငွေ ဝမ်သိန်းငါးဆယ်" လို့ ရေးပါလို့ တောင်းဆိုတယ်။ မောင်လေးက ဝမ်သိန်းငါးဆယ်ကို စာလုံးကြီးကြီးနဲ့ ရေးဖို့ ပြောတယ်။ အဲဒီနောက် ကိုယ့်အိမ်၊ သူ့အိမ်ပြန်ပြီး မေမေ့ဓာတ်ပုံ ရှာကြမယ်၊ သင့်တော်တဲ့ ဓာတ်ပုံတွေ့ရင် သင့်ဆီ အီးမေးလ်ပို့ဖို့ သဘောတူကြတယ်။ လူပျောက်ကြော်ငြာအတွက် အကြောင်းအရာ ထပ်ထည့်ဖို့နဲ့ ပုံနှိပ်ဖို့ သင် တာဝန်ယူရပါတယ်။ မောင်လေးက ဖြန့်ဝေဖို့ တာဝန်ယူပါတယ်။

"လူပျောက်ကြော်ငြာ ဖြန့်ဝေဖို့ လူတစ်ယောက် ငှားနိုင်တာပဲ" လို့ အကြံပေးစကား သင် ပြောပြီးပြီးချင်း အစ်ကိုကြီးက တစ်ဆက်တည်း ဝင်ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီကိစ္စကို ငါတို့ပဲ လုပ်သင့်တယ်။ အလုပ်လုပ်ချိန် အလုပ်လုပ်ပြီး အားလပ်ချိန် ရှိတာနဲ့ လုပ်မယ်။ ရုံးပိတ်ရက်တွေမှာတော့ အားလုံး လှုပ်ရှားကြမယ်"

"ဒီပုံစံနဲ့ဆို ဘယ်တော့မှ မေမေ့ကို ရှာတွေ့မှာလဲ" လို့ သင်ညည်းတော့ အစ်ကိုကြီးက "လုပ်နိုင်တဲ့အလုပ်ကို လုပ်မယ့်သူရှိတယ်။ ကျော်ငြာကို ငါတို့ကိုယ်တိုင် ဖြန့်ဝေတယ် ဆိုတာက ဘာမှမလုပ်ဘဲ ဒီအတိုင်း ငါတို့ထိုင်နေလို့မှ မဖြစ်တာ" လို့ ဝင်ပြောတယ်။

"ဘယ်အရာက လုပ်နိုင်တဲ့အလုပ်လဲ"

"သတင်းစာကြော်ငြာ ထည့်တာလေ"

"သတင်းစာကြော်ငြာက အားလုံးလုပ်နိုင်တဲ့ အလုပ်လား"

"ဒီလိုမှ မဟုတ်ရင် ဘယ်လိုလုပ်မလဲ။ မနက်ဖြန်ကစ အလုပ်တွေချပြီး တစ်အိမ်တက်ဆင်း လိုက်လှည့်ရှာရမလား။ တကယ်လို့ ဒီလိုပုံစံနဲ့ မေမေ့ကို ရှာတွေ့နိုင်မယ်ဆိုရင် ငါ ချက်ချင်းလုပ်မယ်"

အစ်ကိုကြီးနဲ့ သင် ဆက်မငြင်းတော့ဘူး။ နင်က အစ်ကို. . . နင်ပြောသလို လုပ်မယ်ဆိုတာကို သင် အကျင့်ပါနေလို့ဖြစ်တယ်။ နှစ်တော်တော်များများမှာ ဘာကိစ္စကြီးငယ်မဆို အစ်ကိုကြီးကိုပဲ လွှဲပေးတတ်တဲ့အကျင့်က ဒီလို အခြေအနေမျိုးမှာလည်း နှိုးထနေသေးကြောင်းကို သင် သတိပြုလိုက်မိတယ်။ ဖေဖေကို အစ်ကိုကြီးအိမ်မှာ ထားခဲ့ပြီး သင်တို့ ကိုယ့်အိမ်ကိုယ် ပြန်ခဲ့ကြတယ်။ လူစုမခွဲရင် ထပ်ငြင်းခုံကြလိမ့်မယ်။ ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး သင်တို့ ဒီလိုပဲ ငြင်းခုံခဲ့ကြတယ်။ လူတွေအားလုံးစုံကြရင် မေမေကို ဘယ်လိုရှာမယ်လို့ ဆွေးနွေးတိုင်ပင်ကြမယ့်အစား သင်တို့ ညီအစ်ကိုမောင်နှမတွေက ဘယ်သူကတော့ မေမေစိတ်မကောင်းအောင် ဘယ်လိုလုပ်ခဲ့ဖူးကြောင်းပဲ တူးဆွတယ်။ ဒီလိုနဲ့ ချေဖျက်အသခံချွေခဲ့တဲ့ အတိတ်ကအကြောင်းတွေ ပြန်ဖောင်းပွလာပြန်တယ်။ နောက်ဆုံးမှာ အော်သူကအော်၊ ဆေးလိပ်သောက်သူကသောက်၊ တံခါးဆောင့်ပိတ်ပြီး ထွက်သွားသူလည်း ရှိခဲ့တယ်။ မေမေပျောက်တဲ့သတင်း ကြားကြားချင်း "အိမ်မှာ မိသားစု ဒီလောက်များတာ မေမေတို့ကို ဘာဖြစ်လို့ ဆိုးလ်ဘူတာမှာ သွားမကြိုကြတာလဲ" လို့ သင် ဒေါသတကြီး အော်တယ်။

"နင်ကရော"

"ကျွန်မ..."

သင့်မှာ ပြောစရာစကားမရှိဘူး။ မေမေပျောက်ပြီး လေးရက်နေမှ

mgyoe.com

SAMPLE BOOK

ဒီသတင်းကို သင် ကြားတာဖြစ်တယ်။ မေမေ ပျောက်သွားတာကို သင်တို့ တစ်ယောက်အပေါ် တစ်ယောက် လွှဲချ အပြစ်တင်တယ်။ လူတိုင်းရဲ့ နှလုံးသားက ဓားနဲ့မွှမ်း သလို ခံစားနေရတယ်။

အစ်ကိုကြီးကို နှုတ်ဆက်ပြီး မြေအောက်ရထားနဲ့ သင် အိမ်ပြန်ခဲ့တယ်။ ဒါပေမဲ့ မေမေပျောက်သွားတဲ့ ဆိုးလ်ဘူတာမှာ သင် ဆင်းလိုက်တယ်။ မေမေ ပျောက်သွားတဲ့နေရာဆီ သင် လျှောက်သွားတယ်။ လူတော်တော်များများက သင်နဲ့ ပခုံးရှုပ်တိုက် ဖြတ်ကျော်သွားကြတယ်။ မေမေ့လက်ကို ဖေဖေ လွှတ်လိုက်မိတဲ့ နေရာမှာ သင်ရပ်လိုက်တယ်။ အရှေ့အနောက် လူတော်တော်များများက သင့်ကို ပခုံးရှုပ်တိုက်ပြီး ဖြတ်ကျော်သွားကြတုန်းပဲ။ ဘယ်တစ်ဦးတစ်ယောက်ကမှ တောင်းပန် မသွားဘူး။ မေမေ ခြေမကိုင် လက်မကိုင်မိဖြစ်ချိန်မှာလည်း လူတွေက ဒီလိုပဲ ရှုပ်တိုက်သွားခဲ့ပုံရတယ်။

အဲဒီနှစ်တုန်းက မေမေ့ကို ခွဲပြီး ဆိုးလ်မြို့ကို သင်သွားရမယ့် ရက်အနည်း ငယ်အလိုမှာ မေမေဟာ သင့်လက်ကိုဆွဲပြီး ဈေးထဲက အထည်ဆိုင်ကို သွားခဲ့ တယ်။ ရိုးရှင်းတဲ့ ဂါဝန်တစ်ထည်ကို သင် ရွေးယူတော့ မေမေက ဇာအနားကွပ်ထားတဲ့ စကပ်တစ်ထည် သင့်ကို ကမ်းပေးတယ်။

"ဒီတစ်ထည် ဘယ်လိုလဲ"

"အင်း…" သင် ငြင်းရင်း တွန်းထုတ်လိုက်တယ်။

"ဘာဖြစ်လို့လဲ… စမ်းဝတ်ကြည့်ပါ" အဲဒီတုန်းက နုပျိုသေးတဲ့ မေမေဟာ နားမလည်သလို မျက်လုံးဝိုင်းနဲ့ ပြန်ကြည့်တယ်။ ဇာပန်းကွပ်စကပ်နဲ့ မေမေ့ခေါင်းမှာ အမြဲပေါင်းထားတဲ့ပုဝါက သိသာမြင်သာတဲ့ ခြားနားချက်တစ်ခုဖြစ်တယ်။ ဘယ်လိုမှ မအပ်စပ်၊ မတူညီတဲ့ အရာနှစ်ခုဖြစ်တယ်။

"ကလေးဆန်လွန်းတယ်"

"ဟုတ်လို့လား" မေမေက နှမြောသလိုလိုနဲ့ အဲဒီစကပ်ကို ရှေ့နောက် လှည့်ပတ်ကြည့်တယ်။ သင် အားနာမိပါတယ်။ မေမေ့ကို ကလေးဆန်တယ်လို့ သင် မပြောသင့်ဘူး။ ဒါနဲ့ သင်က "ဒါက မေမေ ဝတ်တတ်တဲ့ပုံစံမှ မဟုတ်တာ" လို့ ဆိုတော့ မေမေက "မဟုတ်ဘူး… မေမေက ဒီလိုပုံစံကိုကြိုက်တာ။ နှမြောစရာပဲ အခု မေမေဝတ်လို့ မရတော့ဘူး" လို့ ပြောတယ်။

❑

လူတစ်ယောက်နဲ့ ပတ်သက်တဲ့ အမှတ်တရတွေ ဘယ်အထိ လိုက်လံ

mgyoe.com

mgyoe.com

ရှာဖွေလို့ ရနိုင်မလဲ။ မေမေနဲ့ ပတ်သက်တဲ့ အမှတ်တရတွေကရော။

မေမေ ပျောက်သွားတယ်ဆိုတဲ့သတင်း ကြားပြီးတဲ့နောက် သင့်စိတ် မငြိမ်းချမ်းခဲ့ဘူး။ မေ့လျော့ထားတဲ့ အတိတ်က အဖြစ်အပျက်တွေအားလုံး ပြန်နိုး ထလာတယ်။ အဆုံးမဲ့နောင်တတွေ အတိတ်ကနေ တစ်ဖန် နိုးကြားလာခဲ့တယ်။

"အဲဒီတုန်းက ဟိုအင်္ကျီလေး စမ်းဝတ်ကြည့်ခဲ့မိရင် ကောင်းသား"

ဘူတာရုံမှာ သင် ထိုင်ချလိုက်တယ်။ မေမေလည်း ဒီနေရာမှာ ကိုယ်ကို ကျုံ့ပြီး ထိုင်ချခဲ့သလား။ အဲဒီနေ့က ကိုယ်နှစ်သက်တဲ့ ဂါဝန်ကို သင် ဇွဲရှိရှိ ရွေးနေ ခဲ့တယ်။ အဲဒီနောက် ရက်သိပ်မကြာခင်မှာ ဆိုးလ်ဘူတာကို သင် ရောက်လာတယ်။ သင့်ကို ဆိုးလ်အရောက် လိုက်ပို့တဲ့ မေမေဟာ လူအုပ်ကို အုပ်မိုးကြည့်နေတဲ့ အိမ်ကြီးတိုက်တာတွေကို ဖြိုဖျက်ပစ်နိုင်မယ့်အလား ယုံကြည်မှု ခြေလှမ်းတွေနဲ့ ရှေ့ဆက်လှမ်းလို့နေတယ်။ မေမေဟာ သင့်လက်ကို တင်းတင်းဆွဲလို့ လူပင်လယ် ကိုဖြတ်၊ ရင်ပြင်ကို ကျော်ဖြတ်ပြီး နာရီစင်အောက်မှာ သင့်အစ်ကိုကြီးကို ရပ်စောင့် ခဲ့တယ်။ ဒါပေမဲ့ ဒီကနေ့မှာတော့ မေမေဟာ လမ်းပျောက်နေခဲ့ပြီ။ ဘူတာထဲဝင်လာ တဲ့ ရထားမီးရောင်ကို သင် တွေ့လိုက်တယ်။ အပြေးအလွှား သွားနေသူတွေက သင့်ကို ကြည့်ကြတယ်။ ကြည့်ရတာ မြေပြင်ပေါ် ထိုင်နေတဲ့ သင်က သူတို့ရဲ့ လမ်း ကို ပိတ်ဆို့ထားသလိုပါပဲ။

ဆိုးလ်ဘူတာမှာ သင့်ဖေဖေ လက်ကို သင့်မေမေ လွှတ်လိုက်တဲ့အချိန်က သင် တရုတ်ပြည်ရောက်နေတယ်။ သင်နဲ့ စာရေးဆရာတချို့ ပီကင်းမြို့က စာအုပ် ပွဲတော် ရောက်နေတယ်။ ပြန်စဉ်းစားကြည့်တော့ မြေအောက်ဘူတာမှာ မေမေ ပျောက်သွားတဲ့အချိန်က စာအုပ်ပြပွဲတစ်နေရာမှာ သင် ရောက်နေပြီး တရုတ်လို ဘာသာပြန်ထားတဲ့ သင့်စာအုပ်ကို ကြည့်နေတယ်။

"ဖေဖေက ဘာဖြစ်လို့ အငှားကားမစီးဘဲ မြေအောက်ရထား သွားစီးရတာ လဲ မြေအောက်ရထားသာ မစီးခဲ့ရင်"

ရထားဘူတာနဲ့ မြေအောက်ရထားဘူတာ ဆက်နေမှတော့ ဘာဖြစ်လို့ အပြင်ထွက်ပြီး အငှားကား စီးဦးမလဲလို့ ဖေဖေက ပြောတယ်။ အရာအားလုံး ... အထူးသဖြင့် မကောင်းတဲ့အရာဆိုရင် ဖြစ်ပျက်ပြီးမှ ဒီလို မဖြစ်ခဲ့သင့်ပါဘူးလေ ဆိုပြီး နောင်တရကြတယ်။ အစ်ကိုလတ် အိမ်ကို ဖေဖေ့ဘာသာ ရှာတွေ့နိုင်လိမ့် မယ်လို့ အားလုံးက ဘာလို့ ယုံကြည်ကြတာလဲ။ အရင်တုန်းက မြေအောက်ဘူတာ ဒါမှမဟုတ် ကားဂိတ်မှာ ဖေဖေတို့ကို သွားကြိုနေကျ။ ဒါဟာလည်း ဖြစ်ရိုးဖြစ်စဉ်

mgyoe.com SAMPLE BOOK

ပဲလေ။ ဖေဖေက ဒီမြို့ရဲ့ ဘယ်နေရာကိုသွားသွား သင်တို့ ညီအစ်ကိုမောင်နှမရဲ့ ကားကို စီးရင်စီး မစီးရင် အငှားကား စီးတယ်။ အဲဒီနေ့ကျမှ ဘာဖြစ်လို့ မြေအောက် ရထားစီးဖို့ သတိရတာပါလိမ့်။

ဘူတာထဲ ဆိုက်လာတဲ့ မြေအောက်ရထားကို ဖေဖေနဲ့အတူ စီးကြည့် ချင်တယ်လို့ မေမေက ပြောလို့ မြေအောက်ဘူတာထဲ ဖေဖေ ဝင်ခဲ့တယ်။ အဲဒီမှာပဲ မေမေကို မတွေ့တော့ဘူး။ အဲဒီအချိန်က လူတွေရှုပ်ယှက်ခတ်တဲ့ စနေနေ့ညနေနဲ့ အချိန်ကိုက်ဖြစ်နေတယ်။ လူအုပ်ကြားထဲမှာ မေမေ အညှပ်ခံရင်း ဖေဖေ့လက် ကို မတော်တဆ လွှတ်လိုက်မိတယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ အထိတ်အလန့် ဖြစ်နေချိန်မှာ ရထားထွက်သွားတယ်။ မေမေ့အိတ် ဖေဖေ့နောက် ပါသွားတယ်။ မေမေက လက်ဗလာနဲ့ တစ်ယောက်တည်း ဘူတာရုံမှာ ရပ်ကျန်ရစ်ခဲ့တယ်။

အဲဒီအချိန်မှာ စာအုပ်အရောင်းပြခန်းကနေ သင် ထွက်ခွာလာပြီး တျန်းအန်းမင် (Tiananmen) ရင်ပြင်ဘက် ဦးတည်သွားနေတယ်။ ဒါဟာ ပီကင်းမြို့ ကို တတိယအကြိမ် သင် ရောက်တာဖြစ်ပေမယ့် တျန်းအန်းမင်ရင်ပြင်ဆီ သင် မရောက်ဖူးသေးဘူး။ အရင်တုန်းက ဘတ်စ်ကားထဲမှာ ဒါမှမဟုတ် ကားထဲမှာပဲ တျန်းအန်းမင်ကို သင် ထိုင်ငေးခဲ့တယ်။ သင့်ဧည့်ညွှန်ကျောင်းသားက ညနေစာ စားချိန် လိုသေးတယ်၊ တျန်းအန်းမင် သွားကြမလားပြောလို့ သင်တို့ သဘောတူ လိုက်ကြတယ်။ တားမြစ်မြို့တော် (Forbidden City) ရှေ့ရောက်လို့ အငှားကား ပေါ်က သင် ဆင်းချိန် တစ်ယောက်တည်း ဆိုးလ်ဘူတာမှာ ကျန်ခဲ့တဲ့ မေမေ ဘာလုပ်နေမလဲ။ ပီကင်းမြို့တစ်မြို့လုံး ပြန်ပြင်နေတယ်။ နောက်နှစ်မှာကျင်းပမယ့် အိုလံပစ်အားကစား ပြိုင်ပွဲအတွက်ဖြစ်တယ်။ တားမြစ်မြို့တော်လည်း ပြင်နေတယ်။ နေရာတချို့လောက် ပဲ လည်ပတ်ခွင့်ပြုတယ်။ ပိတ်ချိန်လည်း ရောက်တော့မှာမို့ တားမြစ်မြို့တော်ထဲ ခဏလေးဝင်ပြီး သင်တို့ ပြန်ထွက်လာတယ်။

"The Last Emperor"ဆိုတဲ့ ရုပ်ရှင်ကို သင် သတိရလိုက်မိတယ်။ ပူရီ (Puyi) က အရွယ်အိုမှ သူငယ်ငယ်ကနေခဲ့တဲ့ တားမြစ်မြို့တော်ထဲ ပြန်လာခဲ့တယ်။ ပြီးတော့ ခရီးသွား ကောင်လေးတစ်ယောက်ကို ပြစရာတစ်ခုရှိတယ်ဆိုပြီး သူ ငယ်ငယ်က ပလ္လင်အောက်မှာ ဝှက်ခဲ့တဲ့ ပုရစ်သေတ္တာကို ထုတ်ပြတယ်။ အဖုံးကို ဆွဲဖွင့်ကြည့်တော့ သူငယ်ငယ်က ဆော့ကစားခဲ့တဲ့ ပုရစ်ကို အသက်ရှင်လျက်သား တွေ့တယ်။

တျန်းအန်းမင်ကို သင် သွားနေချိန်မှာ သင့်မေမေက သွေးလေ ချောက်ချား

mgyoe.com

mgyoe.com

စွာနဲ့ လူတွေကြားထဲ ရပ်ပြီး အတိုးဝှေ့ခံနေရမလား၊ တစ်ယောက်ယောက် လာကြိုမှာကို သူ စောင့်ကောင်း စောင့်နေလိမ့်မယ်။ တားမြစ်မြို့တော်နဲ့ တျန်းအန်းမင် ရင်ပြင်ကြားက လမ်းလည်း ပြင်နေတယ်။ တျန်းအန်းမင်ရင်ပြင်ကို မျက်စိရှေ့မှာ မြင်နေရပေမယ့် ဝက်ဘာလို ရှုပ်ထွေးတဲ့ မြေအောက်လမ်းကနေ ဖြတ်သွားမှ ရောက်တယ်။ ရင်ပြင်ကောင်းကင်ပေါ် ဝဲပျံနေတဲ့ လေတံခွန်တွေကို သင် မော့ကြည့်တယ်။ ဒီလိုအချိန်မှာ သင့်မေမေက စိတ်ပျက်အားငယ်စွာနဲ့ မြေအောက်လမ်း တစ်နေရာမှာ ထိုင်ပြီး သင့်နာမည်ကို တမ်းတကောင်း တမ်းတနေလိမ့်မယ်။ တျန်းအန်းမင်က သံတံခါး ပွင့်သွားတယ်။ ရဲတပ်ဖွဲ့တွေ ညီညီညာညာ ချီတက်လာတယ်။ ကြယ်ငါးပွင့်ပါတဲ့ အလံချအခမ်းအနားကို သင် ရပ်ကြည့်နေလိုက်တယ်။ ဒီလိုအချိန်မှာ သင့်မေမေဟာ ဝက်ဘာလို ရှုပ်ထွေးတဲ့ မြေအောက်လမ်းထဲမှာ လူးလာခေါက်ပြန်နေလိမ့်မယ်။ ဒါအမှန်ပါပဲ။ အဲဒီတုန်းက ဘူတာမှာ သင့်မေမေကို တွေ့ခဲ့ကြသူတွေက ဒီလိုပဲပြောတယ်။ သင့်မေမေလို့ ထင်ရတဲ့ အသက်ကြီးကြီး အမျိုးသမီးတစ်ဦးဟာ နွေးနွေးကွေးကွေး လမ်းလျှောက်နေတယ်။ တစ်ခါတလေ မြေပြင်ပေါ် ထိုင်ချတယ်၊ တစ်ခါတလေ ဓာတ်လှေကားရှေ့ ရပ်တယ်။ သင့်မေမေလို့ ထင်ရတဲ့ အသက်ကြီးကြီး အမျိုးသမီးဟာ မြေအောက်ဘူတာမှာ အကြာကြီး ထိုင်နေခဲ့ပြီး ဘူတာဆိုက်လာတဲ့ မြေအောက်ရထားတစ်စီးပေါ် တက်သွားတယ်လို့ တချို့က ပြောတယ်။ အဲဒီညမှာပဲ သင့်မေမေ ပျောက်သွားခဲ့တယ်။ သင်နဲ့ သင့် စာရေးဆရာ အဖော်တစ်သိုက်က မီးတွေနဲ့ လင်းထိန်နေတဲ့ ပီကင်းမြို့က စားသောက်ဆိုင်တန်းဘက်ဆီ ဦးတည်သွားနေတယ်။ ထိန်ထိန်လင်းနေတဲ့ မီးရောင် နီနီအောက်မှာ အရက်ပြင်းအား ၅၆ ရာခိုင်နှုန်းပါတဲ့ တရုတ်အရက်နဲ့ အငွေ့ ထောင်းထောင်းထနေတဲ့ ပူပူစပ်စပ် ဂဏန်းကြော်ကို သင်တို့ မြည်းစမ်းနေခဲ့ကြတယ်။

ဖေဖေဟာ နောက်တစ်ဘူတာမှာ ဆင်းပြီး မေမေနဲ့ လူချင်းကွဲသွားတဲ့ ဆိုးလ်ဘူတာကို အမြန်ပြန်လာခဲ့ပေမယ့် အဲဒီနေရာမှာ မေမေ ရှိမနေတော့ဘူးလို့ ပြောတယ်။

“မြေအောက်ရထားပေါ် တက်မသွားလည်း လမ်းမပျောက်လောက်ဘူး ထင်တယ်။ မြေအောက်ဘူတာမှာ ဆိုင်းဘုတ်တွေ ရှိတာပဲ။ မေမေ ဖုန်းမဆက်တတ်ဘူးလား… အများသုံးဖုန်းနဲ့ ဆက်လိုက်လို့ မရဘူးလား”

“ဖေဖေနဲ့အတူ ရထားပေါ် မတက်မိတာနဲ့ ကိုယ့်သားအိမ်ကို ရှာမတွေ့

mgyoe.com

mgyee.com SAMPLE BOOK

နိုင်တော့ဘူးလား။ မေမေ့မှာ တခြားလုပ်စရာ ရှိနေသေးလို့များလား” မရီးက နားမလည်စွာ ပြောတယ်။

တခြားလုပ်စရာ အလုပ်လား... မရီး ဒီလိုပြောတာက မေမေကို အရင်က မေမေလို့ပဲ သူ ထင်နေလို့ဖြစ်တယ်။

“မေမေလည်း လမ်းပျောက်တတ်ပါတယ်” လို့ သင်ပြောတော့ မရီးက မျက်လုံးပြူးနဲ့ အံ့ဩဟန်ပြတယ်။ မေမေ့လက်ရှိ အခြေအနေကို မရီးလည်းသိတာပဲ မဟုတ်လား... မရီးပုံစံက “ငါ ဘာမှ မသိဘူးနော်”လို့ ဆိုနေသယောင်ပဲ။ မေမေ့ လက်ရှိ အခြေအနေကို အားလုံး သိကြပါတယ်။ မေမေကို ပြန်တွေ့ချင်မှ တွေ့တော့မယ် ဆိုတာကိုလည်း သင်တို့အားလုံး သိကြပါတယ်။

❑

မေမေ စာမတတ်မှန်း သင် ဘယ်အချိန်က သိခဲ့တာလဲ။

အိမ်ကနေ အစ်ကိုကြီး ခွဲထွက်သွားတာနဲ့ မေမေဟာ သူပြောချင်တဲ့ စကားတွေ အစ်ကိုကြီးကို ပြောဖို့ စာအဖြစ်နဲ့ သင့်ကို ချရေးခိုင်းတတ်တယ်။ အဲဒီအချိန်ကစ သင် စာရေးတတ်ခဲ့တယ်။ အစ်ကိုကြီးက သင်တို့နေတဲ့ မြို့ငယ်လေးမှာ အထက်တန်းအောင်ပြီး ဝန်ထမ်းစာမေးပွဲဖြေဖို့ ကိုယ်ထူကိုယ်ထ တစ်နှစ်သင်ယူ လေ့လာခဲ့တယ်။ အဲဒီနောက် တာဝန်ကျတာနဲ့ မြို့ပေါ်ကို ပြောင်းသွားတယ်။ ဒါဟာ မေမေ့အတွက် ကိုယ့်သားသမီးနဲ့ ပထမဆုံးအကြိမ် ခွဲတာပါပဲ။ အဲဒီတုန်းက ဖုန်းမရှိသေးတော့ စာနဲ့ပဲ ဆက်သွယ်ရတယ်။ မြို့မှာနေတဲ့အစ်ကိုကြီးက စာလုံးကြီးနဲ့ စာတွေရေးပြီး ရွာက မေမေဆီ ပို့တယ်။ အစ်ကိုကြီးရဲ့စာ ဘယ်နေ့ ရောက်မယ် ဆိုတာကို အတိအကျ မေမေ အလိုလို သိနေတတ်တယ်။ မနက် (၁၁) နာရီထိုးတိုင်း စာပို့သမားက စာအိတ်ထုပ်ကြီးကို စက်ဘီးရှေ့မှာ ချိတ်ပြီး သင်တို့ရွာကို ရောက်လာတယ်။ အစ်ကိုကြီးစာ ရောက်တဲ့နေ့ဆိုရင် လယ်ထဲမှာ ဘယ်လောက်ပဲ အလုပ်များများ ဒါမှမဟုတ် ချောင်းစပ်မှာ အဝတ်လျှော်နေရင်ပဲဖြစ်ဖြစ် မေမေဟာ လက်ထဲက အလုပ်ကို ချပြီး အချိန်ကိုက် အိမ်ပြန်လာတတ်တယ်။ အစ်ကိုကြီးရဲ့ စာကို ကိုယ်တိုင်ယူပြီး သင် ကျောင်းဆင်းအပြန်ကို စောင့်နေတတ်တယ်။ သင် အိမ်ပြန်ရောက်တာနဲ့ မေမေဟာ သင့်ကို အိမ်နောက်ဖေး ဆွဲခေါ်သွားပြီး အစ်ကိုကြီးရဲ့ စာကို ထုတ်ပေးတယ်။ ပြီးတော့ “ကျယ်ကျယ်ဖတ်စမ်း” လို့ ပြောတယ်။

အစ်ကိုကြီးရဲ့စာက အမြဲတမ်း “ချစ်ရသောမေမေ” ဆိုတာနဲ့ စတယ်။ ကြည့်ရတာ သင်ရိုးညွှန်းတမ်း စာအုပ်ထဲက စာရေးနည်းအတိုင်း ရေးထားဟန်

mgyoe.com SAMPLE BOOK

တူတယ်။ စာစစချင်းမှာ ရွာကမိသားစု၊ အိမ်အခြေအနေကို အစ်ကိုကြီး မေးတယ်။ အဲဒီနောက် သူ နေကောင်း ကျန်းမာကြောင်း ပြောတယ်။ အစ်ကိုကြီးကလည်း ဝတ်ထားတဲ့ အဝတ်အစားတွေကို လျှော်ဖို့ အပတ်တိုင်း ကြီးတော်ဝမ်းကွဲအိမ် ပို့တယ်လို့ စာထဲမှာ ရေးထားတယ်။ ဒါဟာ ကြီးတော်ကို မေမေမှာထားလို့ပါ။ အစားအသောက်တွေ ကောင်းတယ်လို့ အစ်ကိုကြီးက ပြောတယ်။ အစိုးရဌာနမှာ အလုပ်လုပ်တာ ကြောင့် နေဖို့နေရာပါ ရတယ်။ သူ့ကို စိတ်မပူဖို့ အစ်ကိုကြီးက ပြောတယ်။ မြို့ရောက်လာပြီ ဆိုမှတော့ မလုပ်နိုင်တဲ့အရာ မရှိတော့ဘူး၊ သူ လုပ်ချင်တာတွေလည်း များကြောင်း အစ်ကိုကြီးက ပြောတယ်။ အစ်ကိုကြီးက သူ့ဆုံးဖြတ်ချက်ကို ဖွင့်ပြော ပြီး ဆုံးဖြတ်ချက်အတိုင်း ဖြစ်အောင်လုပ်မယ်၊ မေမေကို ဒီထက်ကောင်းအောင် ထားမယ်လို့ ပြောတယ်။

အစ်ကိုကြီးက ရဲရဲရင့်ရင့်နဲ့ ဒီလိုရေးထားတယ်။ "မေမေ... ကျွန်တော့် အတွက် စိတ်မပူပါနဲ့။ ကျန်းမာရေးကို ဂရုစိုက်ပါ မေမေ"။ စာကို အသံကျယ်နဲ့ သင်ရွတ်ဖတ်တယ်။ တစ်ခါခါ စာရွက်လေးကွယ်ပြီး မေမေကို သင်ချောင်းကြည့်တယ်။ မေမေဟာ မျက်တောင်မခတ်စတမ်း နောက်ဖေးခြံထဲက ပိန်းဥပင်နဲ့ ဟင်းနှစ် ထည့်ထားတဲ့ စဥ့်အိုးတွေကို ဆိတ်ဆိတ်ငြိမ်ငြိမ်ကြည့်ရင်း စာတစ်လုံး၊ စာတစ် ကြောင်း လွတ်သွားမှာ စိုးတဲ့အလား မေမေရဲ့နားရွက်က ယုန်နားရွက်လို စူးစိုက် နေတယ်။

စာဖတ်ပြီးတဲ့နောက် မေမေက စာရွက်ပေါ်မှာ သူပြောချင်တဲ့ စကားတွေ သင့်ကို ချရေးခိုင်းတယ်။ မေမေပြောတဲ့ ပထမဆုံးအခွန်းက "သား... ဟုန်းချော"။ ဟုန်းချောက သင့် အစ်ကိုကြီးရဲ့ နာမည်ဖြစ်တယ်။ မေမေက "သား...ဟုန်းချော" လို့ပြောတာနဲ့ သင်က "သား...ဟုန်းချော"လို့ ချရေးတယ်။ မေမေက သင့်ကို အပိုဒ်ခြားဖို့ မပြောပေမယ့် သင် အပိုဒ်ခြားလိုက်တယ်။ မေမေက "ဟုန်းချောရေ" လို့ ရွတ်လိုက်တာနဲ့ သင်က "ဟုန်းချောရေ"လို့ ချရေးတယ်။ ပြောချင်တဲ့စကားကို မေမေ မေ့သွားသလိုပဲ အစ်ကိုကြီးနာမည်ကို ရွတ်ပြီးတဲ့နောက် မေမေ တိတ်ဆိတ် သွားတယ်။ ကျလာတဲ့ဆံပင်တွေကို နားသယ်စပ်ပေါ် သင် သပ်တင်လိုက်တယ်။ ဘော်လ်ပင်ကို လက်ထဲဆုပ်ပြီး နားစွင့်ရင်း မေမေဆက်ပြောလာမယ့် စကားကို စောင့်နေခဲ့တယ်။

"ရာသီဥတု အေးလာပြီ" လို့ မေမေပြောတော့ "ရာသီဥတု အေးလာပြီ" လို့ သင် ချရေးတယ်။ "သား ဟုန်းချော"လို့ ပြောပြီး ရာသီဥတုအကြောင်း မေမေ

mgyoe.com

mgyaze.com SAMPLE BOOK

ဆက်ပြောတယ်။

"နွေဦးရောက်လာပြီ ပန်းပေါင်းစုံတွေ ဖူးပွင့်ကြတယ်။ နွေရာသီ ရောက်လာပြီ လယ်ခြံမြေတွေ ခြောက်ခမ်း ကွဲအက်ကြတယ်။ မိုးရာသီရောက်ပြီ လယ်ကန်သင်းရိုးပေါ်မှာ ပဲခင်းတွေနဲ့"။ အစ်ကိုကြီးဆီ စာရေးတဲ့အချိန်မှပဲ မေမေဟာ စာစကားကို သုံးတာဖြစ်တယ်။

"အိမ်ကို စိတ်မပူပါနဲ့။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက် စောင့်ရှောက်ပါ။ မေမေ့မှာ တခြားမှာစရာ မရှိပါဘူး"။ မေမေရဲ့စကားတွေမှာ ခံစားချက် ဂယက်တွေ ကြွလာတယ်။

"သားကို ဘာမှ မကူညီနိုင်ခဲ့လို့ မေမေ့ရင်ထဲ မကောင်းဘူး သား"။ စာရွက်ပေါ်မှာ မေမေ ပြောတဲ့ စကားတစ်ခွန်းတိုင်း၊ တစ်လုံးတိုင်းကို သင် ချရေးလိုက်တယ်။ ဖျပ်ခနဲ မေမေ့ လက်ဖမိုးပေါ် မျက်ရည်ပေါက်ကြီးတစ်ပေါက် ကျသွားတယ်။ မေမေရဲ့နောက်ဆုံး စကားတစ်ခွန်းက ဘယ်တော့မှ မပြောင်းလဲတဲ့ "သား... ဗိုက်အဆာမခံနဲ့နော်... မေမေ" ဆိုတာပဲဖြစ်တယ်။

သင်က အိမ်မှာ တတိယမြောက်သမီးပါ။ အစ်ကိုတွေ အိမ်ကနေ ခွဲထွက်သွားတိုင်း မေမေရဲ့ ဝမ်းနည်းကြေကွဲတာ၊ နာကျင်တာ၊ စိုးရိမ်အောက်မေ့တာကို သင် မျက်မြင်ကိုယ်တွေ့ သိမြင်ခဲ့ရတယ်။ အစ်ကိုကြီး ထွက်သွားတဲ့နောက် မေမေဟာ အိမ်နောက်ဖေးမှာထားတဲ့ ဟင်းနှစ်စင်ပေါ်က ဟင်းနှစ်အိုးတွေကို မနက်တိုင်း တိုက်ချွတ်တယ်။ ရေတွင်းက အိမ်ရှေ့မျက်နှာစာမှာမို့ ရေခပ်ရတာနဲ့တင် တော်တော်ပင်ပန်းတဲ့ အလုပ်ပါ။ ဒါကို မေမေက အိမ်နောက်ဖေးမှာ တည်ထားတဲ့ စဉ့်အိုးအကုန်လုံးကို တိုက်ချွတ်ဆေးကြောတဲ့အပြင် အိုးဖုံးတွေ့ပါ ဖွင့်ပြီး ပြောင်လက်နေအောင် တိုက်ပါတယ်။ အိုးတိုက်နေရင်း မေမေက သီချင်းလေး ညည်းနေတတ်တယ်။

*"xxx ငါတို့ကြားမှာ ပင်လယ်ကြီးသာ ကာဆီးမထားရင်xxx ဒီလိုနာကျင်တဲ့ ဝေးကွာခြင်းတွေ ရှိလိမ့်မှာ မဟုတ်ဘူးxxx"*

မေမေဟာ အဝတ်စကို ရေအေးထဲ နှစ်လိုက်၊ ထုတ်လိုက်၊ ခြောက်အောင်ညှစ်လိုက်နဲ့ စဉ့်အိုးတွေကြားထဲ သီချင်းတအေးအေးနဲ့ အလုပ်ရှုပ်နေခဲ့တယ်။

*"xxx တစ်နေ့နေ့ကျရင် နင် ငါ့ကို ထားခဲ့မလားxxx"*

တကယ်လို့ ဒီလိုအချိန်မျိုးမှာ သင်က "မေမေ..." လို့ အော်လိုက်ရင် သင့်ကို နောက်ပြန်လှည့်ကြည့်တဲ့ မေမေရဲ့ မာယာကင်းတဲ့ မျက်လုံးထဲမှာ မျက်ရည်

mgyaze.com

mgyoe.com

တွေ လျှံထွက်နေတာကို တွေ့ရလိမ့်မယ်။ စဉ့်အိုးရှေ့မှာ ရပ်ပြီး အစ်ကိုကြီးရဲ့နာမည်ကို မေမေ ရွတ်ခေါ်တယ်။

"သား ဟုန်းချောရေ..."

ပြီးတော့ အရုပ်ကျိုးပြတ်သလို မြေပြင်ပေါ် ထိုင်ချတယ်။ ဒီလိုအချိန်မျိုးမှာ မေမေ့လက်ထဲက အဝတ်စကို သာသာလေးဆွဲယူ မေမေ့လက်မောင်းကို မပြီး သင့် ပခုံးပေါ် သင် တင်ပေးတတ်တယ်။

အစ်ကိုကြီးကို မေမေချစ်တဲ့ပုံစံက ကျောင်းမှာ အစ်ကိုကြီး အချိန်ပိုယူ စာကျက်ပြီး အိမ်ပြန်နောက်ကျတိုင်း သူ့အတွက် ခေါက်ဆွဲချက်ကျွေးတာပဲဖြစ်တယ်။ တစ်ခါတလေ ဒီအကြောင်းတွေ သင့်ချစ်သူကို သင်ပြောပြမိတဲ့အခါ သင့်ချစ်သူ က "ခေါက်ဆွဲခြောက်လေးများ ဘာဆန်းလို့လဲ" လို့ တုံ့ပြန်တတ်တယ်။

"ခေါက်ဆွဲခြောက်လေးများ...လို့ မပြောပါနဲ့။ အဲဒီတုန်းက ခေါက်ဆွဲ ခြောက်ဆိုတာ အကောင်းဆုံး အစားအစာပဲ။ တိတ်တိတ်လေးစားရတာ...တခြား လူကို ခွဲကျွေးလို့ မရဘူး" သင်က ဒီလိုရှင်းပြလည်း မြို့မှာကြီးပြင်းခဲ့တဲ့ သူ့အဖို့ ဒါတွေကို ခံစားတတ်မှာ မဟုတ်ပါဘူး။

အဲဒီတုန်းက စားကောင်းသောက်ဖွယ်သစ် ခေါက်ဆွဲခြောက်က သင့် မေမေချက်တဲ့ဟင်းတွေရဲ့ အရသာထက် ပိုလွှမ်းမိုးနိုင်ခဲ့တယ်။ မေမေက ဝယ်လာ တဲ့ ခေါက်ဆွဲခြောက်တွေကို စဉ့်အိုးအလွတ်ထဲ ထည့်ဖွက်ထားတတ်ပြီး လူခြေ တိတ်တဲ့ ညသန်းခေါင်ကျမှာ အစ်ကိုကြီးကိုပဲ ချက်ကျွေးလေ့ရှိတယ်။ ခေါက်ဆွဲ ခြောက်ရဲ့ အနံ့က အိပ်ပျော်နေတဲ့ သင်နဲ့ တခြားမောင်နှမတွေကို နိုးထစေခဲ့ တယ်။

အဲဒီညက ခေါက်ဆွဲနံ့ကြောင့်ထလာတဲ့ သင်တို့ကို မေမေက တင်းတင်း မာမာနဲ့ "အိပ်ရာထဲ ပြန်ဝင်ကြစမ်း..." လို့ ပြောတယ်။ ပါးစပ်ထဲ ခေါက်ဆွဲထည့်ဖို့ ပြင်နေတဲ့ အစ်ကိုကြီးကို သင်တို့ မျက်တောင်မခတ် ကြည့်ကြတယ်။ အစ်ကိုကြီးက စိတ်မကောင်းစွာနဲ့ သင်တို့ကို ခွဲဝေမျှကျွေးပါတယ်။ မေမေကတော့ "လူများစားရင် နင်တို့ရဲ့နှာခေါင်းက သိပ်အနံ့ခံတတ်တာနော်" လို့ ပြောပြောဆိုဆို အိုးထဲ ရေထပ် ထည့်ပြီး သင်တို့အတွက် ခေါက်ဆွဲခြောက်တစ်ထုပ် ထပ်ချက်ပေးတယ်။ ခေါက်ဆွဲ ထက် အရည်ပိုများတဲ့ ခေါက်ဆွဲပန်းကန်တွေကို ကိုင်ပြီး သင်တို့ ဝမ်းသာ ကျေနပ် ခဲ့ကြတယ်။

စဉ့်အိုးတွေအားလုံး တိုက်ချွတ်ပြီးတဲ့နောက် မေမေဟာ အရင်က ခေါက်

mgyoe.com

mgyee.com SAMPLE BOOK

ဆွဲခြောက်ထုပ် ထည့်ဖွက်ခဲ့တဲ့ စဉ့်အိုးရှေ့ ရပ်ပြီး အစ်ကိုကြီးကို လွမ်းဆွတ်တဲ့ စိတ်နဲ့ တအင့်အင့် ငိုချလိုက်တယ်။

အိမ်ကိုခွဲပြီး အဝေးကိုရောက်သွားကြတဲ့ အစ်ကိုတွေကို မေမေ လွမ်းဆွတ်တဲ့အခါ ဝမ်းနည်းပူဆွေးနေတဲ့ မေမေ့အတွက် သင် လုပ်ပေးနိုင်တာတစ်ခုက အစ်ကိုတွေ ပေးပို့လာတဲ့စာကို အသံကုန် အော်ဖတ်ပေးတယ်၊ မေမေ့ရင်ထဲက စကားတွေကို ချရေးပေးတယ်၊ ပြီးတော့ ကျောင်းအသွား လမ်းက စာတိုက်ပုံးထဲ စာထည့်ပေးတာပဲ ဖြစ်တယ်။ ဒါတောင်မှ မေမေ စာမတတ်မှန်း သင် ဘာလို့ မသိခဲ့တာပါလိမ့်။ မေမေ့ကို သင် စာဖတ်ပြတယ်၊ မေမေ့ရဲ့စကားတွေကို သင် ချရေးတယ်၊ မေမေ စာမတတ်မှန်း သင်တစ်ခါမှ မတွေးခဲ့မိဘူး။ ငယ်ရွယ်တဲ့သင့်ကို မေမေ အားကိုးခဲ့တယ်။ သင့်ကို ခြံထဲက ပန်းချဉ်ပေါင်တွေ သွားခူးဖို့ စေခိုင်းသလိုမျိုး ဒါမှမဟုတ် ကုန်စုံဆိုင်မှာ ဆီ သွားဝယ်ခိုင်းသလိုမျိုး မေမေ ဒီလို လွှဲအပ်တာကို သင် ကျင့်သားရခဲ့တယ်။

အိမ်ကို သင်ခွဲသွားတဲ့အချိန်မှာတော့ ဘယ်သူ့ကိုမှ ဒီအလုပ်ကို မေမေ လွှဲအပ်ခဲ့ဟန် မတူဘူး။ မေမေရဲ့ စာတွေကို သင် မရခဲ့ဖူးလို့ပါပဲ။ ဒါမှမဟုတ် မေမေ့ဆီ သင် စာမရေးခဲ့လို့လား။ အဲဒီအချိန်မှာ တယ်လီဖုန်း ရှိလာလို့လည်း ဖြစ်မယ်။ အိမ်ကို သင် ခွဲသွားတဲ့အချိန် ရွာသူကြီးအိမ်မှာ အများသုံးဖုန်း တပ်ဆင်ခဲ့တယ်။ ဒါဟာ ရွာမှာရှိတဲ့ ပထမဆုံး ဖုန်းတစ်လုံးပဲဖြစ်တယ်။ မနက်တိုင်း "ဟဲလို...ဟဲလို..."နဲ့ မိုက်ခရိုဖုန်းစမ်းတဲ့သူ ရှိခဲ့တယ်။ အဲဒီနောက် ဘယ်သူ့အိမ်ကို ဆိုးလ်မြို့နေ ဖုန်းဆက်လာကြောင်း၊ ဖုန်းအမြန်လာကိုင်ပါကြောင်း ကြေညာတယ်။ အရင်တုန်းက နေကောင်းကျန်းမာကြောင်း စာနဲ့ပဲ အဆက်အသွယ်လုပ်ခဲ့တဲ့ အစ်ကိုတွေလည်း ဖုန်းနဲ့ပဲ စဆက်သွယ်ကြတော့တယ်။

ရွာမှာ တယ်လီဖုန်း တပ်ဆင်ပြီးတဲ့နောက် အိမ်ကိုခွဲပြီး တခြားမြို့ ရောက်နေတဲ့ မိသားစုဝင်ရှိတဲ့အိမ်တွေဟာ မိုက်ခရိုဖုန်းကနေ "ဟဲလို ...ဟဲလို..."လို့ ကြေညာတိုင်း လယ်ထဲ၊ ခြံထဲ ရောက်နေရင်ပဲဖြစ်ဖြစ် လက်ထဲက အလုပ်ကိုချ နားရွက်ကို စွင့်ကားပြီး "ဘယ်သူ့ဖုန်းလဲ...ဘယ်သူ့ကို ရှာတာလဲ" နဲ့ အချင်းချင်း မေးမြန်းတတ်ခဲ့ကြတယ်။

❑

**အမေနဲ့သမီးရဲ့ ပြောဆိုဆက်ဆံရေးက တစ်ယောက်အပေါ် တစ်ယောက် ကောင်းကောင်းနားလည်မှု မရှိခဲ့ရင် သူစိမ်းတွေထက်တောင် စိမ်းသွားနိုင်ပါတယ်။**

mgyee.com

mgyoe.com SAMPLE BOOK

ဒီနှစ်ရဲ့ ဆောင်းဦးရာသီ မရောက်ခင်အထိ မေမေ့ကို သင် သိပ်နားလည်တယ်လို့ သင် ထင်ခဲ့တယ်။ မေမေ ဘာကြိုက်တတ်တယ်၊ မေမေ စိတ်တိုဒေါသထွက်တဲ့ အချိန် ဘယ်လိုလုပ်မှ မေမေ့ဒေါသနဲ့ စိတ်ခံစားချက်ကို ထိန်းချုပ်နိုင်မယ်၊ မေမေ ဘယ်လိုစကားမျိုး ကြားချင်တယ်ကအစ သင်သိတယ်လို့ ထင်ခဲ့တယ်။ တကယ်လို့ အခုချိန်မှာ မေမေ ဘာလုပ်နေလဲလို့ သင့်ကိုမေးရင် အချိန်၁၀ စက္ကန့်အတွင်းမှာ "မေမေ ၃ ရင်ကောက်ပင် လှန်းနေတယ်၊ ဒါမှမဟုတ် တနင်္ဂနွေနေ့ ဆိုရင် မေမေ ဘုရားကျောင်းသွားတယ်" လို့ သင် ချက်ချင်းပြန်ဖြေနိုင်တယ်။ ဒါပေမဲ့ ဒီနှစ် ဆောင်းဦးမှာပဲ သင်ရဲ့တွေးဆ ထင်မြင်ချက်တွေ ပြိုကွဲသွားခဲ့တယ်။

အဲဒီတုန်းက မေမေဟာ သင့်ရှေ့မှာပဲ နေအိမ်သန့်ရှင်းရေး လုပ်နေတယ်။ သင်က သင့်ကိုယ်သင် ငါဟာ မေမေရဲ့သမီး မဟုတ်တော့ပါလား၊ ငါဟာ မေမေရဲ့ ဧည့်သည်တစ်ယောက် ဖြစ်လို့နေပါလားလို့ ရုတ်တရက် ခံစားမိတယ်။ ဘယ်အချိန် က စမှန်း မသိပါဘူး။ မေမေဟာ အိပ်ခန်းကြမ်းပြင်ပေါ် ကျနေတဲ့ တဘက်ကို ကောက်ယူ ချိတ်ဆွဲတတ်ခဲ့တယ်။ ထမင်းစားပွဲပေါ် က ကုန်သွားတဲ့ စားစရာတွေကို မေမေ အမြန်ဖြည့်တတ်ခဲ့တယ်။ တကယ်လို့ အရင်အကြောင်းမကြားဘဲ အိမ်ကို သင်ပြန်ခဲ့ရင် မေမေဟာ ခြံထဲမှာ အမှိုက်ရှုပ်နေလို့ ဒါမှမဟုတ် စောင်တွေ မသန့် ရှင်းလို့ဆိုပြီး အားတုံ့အားနာ ဖြစ်နေတတ်တယ်။

"ရေခဲသေတ္တာထဲ ရှိတာပဲ စားကြတာပေါ့" လို့ သင် ပြောပေမယ့် မေမေ ဟာ သင့် အပြောကို လက်မခံဘဲ ဈေးသွားပြီး စားစရာတွေ ဝယ်တယ်။ အိမ်က မိသားစုဝင်တွေ ရှိတယ်ဆိုရင် ထမင်းစားပြီးတဲ့နောက် ထမင်းစားပွဲကို အရင်ဆုံး မသိမ်းဘဲနဲ့လည်း တခြားလုပ်စရာရှိတာကို စိတ်ချလက်ချ သွားလုပ်နိုင်ပါတယ်။ ဒါပေမဲ့ မေမေက သူ နေ့စဉ်ဘဝထဲက ရှုပ်ပွနေတဲ့အရာတွေကို သင် မမြင်စေအောင် ဖုံးကွယ်ထားခဲ့တယ်။ ဒီလိုနဲ့ အလိုလိုနေရင်း သင်ဟာ မေမေရဲ့ ဧည့်သည်တစ်ယောက် အဖြစ် ခံစားလာခဲ့တော့တယ်။

ဟိုးအရင်စောစော သင့်ကို မေမေ မြို့လိုက်ပို့ကတည်းက သင်ဟာ မေမေရဲ့ဧည့်သည် ဖြစ်ကောင်း ဖြစ်နေခဲ့ပါပြီ။ သင်မြို့ရောက်ကတည်းက မေမေဟာ သင့်အပေါ် တဗျစ်တောက်တောက် မရှိခဲ့တော့ဘူး။ မေမေရဲ့အရင်ပုံစံက ဘယ်လို မျိုးလဲ။ အမှားနည်းနည်းလုပ်မိတာနဲ့ မေမေဟာ သင့်ကို ပြင်းပြင်းထန်ထန် မောင်းမဲ ပြစ်တင်တတ်တယ်။ ဟိုးအရင်တုန်းက မေမေဟာ သင့်ကို "သမီးလေး...သမီးလေး" နဲ့ အမြဲခေါ် ဆိုခဲ့တယ်။ သင်နဲ့ သင့်အစ်ကိုတွေကို ခွဲခြားပြောတဲ့အခါ ဒီလိုအခေါ် ကို

mgyoe.com

မေမေ သုံးတတ်ခဲ့တယ်။ ပန်းသီးစားတဲ့အခါ၊ စပျစ်သီးစားတဲ့အခါမှာလည်း ဒီလို ခေါ်ပြီး သင်ပြ၊ ပြောပြတဲ့အပြင် သင့် သွားပုံလာပုံ၊ သင့်ဝတ်စား ဆင်ယဉ်မှုတွေ၊ သင့် အပြောအဆိုတွေ မှန်ကန်တဲ့ အလေ့အထရှိအောင် ပြောဆိုဆုံးမရာမှာလည်း "သမီးလေး... "ဆိုတဲ့ အခေါ်ကို ခေါ်ဝေါ်တတ်ခဲ့တယ်။ တစ်ခါတလေမှ မေမေဟာ စိုးရိမ်ပူပန်တဲ့ အကြည့်နဲ့ သင့်မျက်နှာနား တိုးကပ်ကြည့်တတ်တယ်။

သင်ဟာ ငယ်ငယ်လေးကတည်းက မေမေရဲ့ ကူဖော်ကူဖက်ဖြစ်တယ်။ ကော်ပါတဲ့စောင်တွေ ညီညာပြန့်ပြူးအောင် ဖြန့်ခင်းနိုင်ဖို့ စောင်အနားစနှစ်ဖက်ကို သင် ဆွဲကူပေးရတယ်။ ထမင်းအိုးတည်ဖို့အတွက် ရှေးမီးဖိုချောင်အိုထဲက မီးပြင်းဖို့မှာ သင့်ကို မီးမွှေးခိုင်းတယ်။ အဲလိုအချိန်မျိုးတွေမှာ မေမေဟာ စိုးရိမ်ပူပန်တဲ့ အကြည့်နဲ့ သင့်ကို ကြည့်နေတတ်တယ်။

အဲဒီနှစ်ရဲ့ ဆောင်းရာသီက အအေးလွန်ကဲခဲ့တယ်။ မေမေဟာ ရိုးရာကန်တော့ဖို့အတွက် ရေတွင်းဘေးမှာ ငါးလိပ်စွန်ကို ဆေးကြောသန့်ရှင်းနေတယ်။ ရုတ်တရက် လက်ထဲမှာ ဓားကိုင်ထားတဲ့ မေမေဟာ "သမီး...စာကြိုးစားရမယ်နော် ဒါမှ ပိုကောင်းတဲ့ လောကကြီးဆီ သမီးလျှောက်လှမ်းနိုင်မှာ" လို့ ပြောတယ်။ အဲဒီတုန်းက မေမေ ပြောတဲ့စကားကို သင် နားလည်ခဲ့သလား။

မေမေက သင့်ကို သနားညှာတာမှုမရှိပြင်းပြင်းထန်ထန် ဆူဆဲတဲ့အခါမှာ သင်က "မေမေကလဲ မေမေကလဲ" နဲ့ မနားတမ်း ခေါ်နေတတ်တယ်။ ဒီလိုရင်းနှီးတဲ့ ခေါ်သံတွေထဲမှာ "သမီးကို ဆူပဲ ဆူမနေပါနဲ့၊ သမီးရဲ့ ခေါင်းကိုလည်း ပွတ်သပ်ပေးပါဦး။ သမီး မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သမီးဘက်မှာ ရပ်တည်ပေးပါ" လို့ ဆိုတဲ့ အသနားခံ ချွဲနွဲ့သံတွေ ပါနေခဲ့တယ်။

မေမေပျောက်သွားတဲ့ ဒီကနေ့အထိ မေမေကို မိခင်လို့ ဘယ်တော့မှ သင် မခေါ်၊ မသုံးခဲ့ဖူးဘူး။ "မေမေ"လို့ ခေါ်လိုက်တာနဲ့ ကိုယ့်မေမေဟာ အမြဲနေကောင်း ကျန်းမာနေတယ်လို့ သင် ယုံကြည်ခဲ့တယ်၊ မေမေ ကြံ့ခိုင်သန်စွမ်းတယ်လို့ သင် ယုံကြည်ခဲ့တယ်၊ ဘယ်အရာကမှ မေမေ့ကို မခြောက်လှန့်နိုင်ဘူးလို့ သင် မရေမရာ ယုံကြည်ခဲ့တယ်။ ဒီမြို့ပြမှာ သင် ဘာအခက်အခဲကြုံကြုံ တယ်လီဖုန်းရဲ့ ဟိုတစ်ဖက်မှာ မေမေ အမြဲရှိနေတယ်လို့ သင် ယုံကြည်ခဲ့တယ်။

ဆောင်းဦးရာသီမှာ အိမ်ပြန်ဖို့ မေမေ့ကို သင် ကြိုမပြောထားဘူး။ မေမေကို သင် အလုပ်မရှုပ်စေချင်လို့ မဟုတ်ဘူး။ သင် လေယာဉ်စီးမယ့် ဖိုဟန်း (Pohang) မြို့နဲ့ မေမေ့အိမ်က အလှမ်းဝေးနေသေးလို့ပါ။ မနက်ပိုင်းလေယာဉ်ကိုမီဖို့ မိုးမလင်း

mgyee.com

mgyoe.com

SAMPLE BOOK


ခင်ကတည်းက သင် ဖြီးလိမ်းပြင်ဆင်နေခဲ့ပြီ။ နေအိမ်ကနေ မထွက်ခွာခင်အထိ ချောင်းအွတ်မြို့မှာနေတဲ့ မေမေကို သွားတွေ့မယ့်စိတ်ကူး သင့်မှာ မရှိခဲ့သေးဘူး။ ချောင်းအွတ်မြို့ကို ဖိုဟန်းမြို့ကနေသွားတဲ့ လမ်းခရီးက ဆိုးလ်မြို့ကနေ တိုက်ရိုက်သွားတာထက် ခရီးပိုဝေးသလို ကားလည်း အခက်အခဲရှိတယ်။ ဒါကို သင် မျှော်လင့်မထားခဲ့မိလို့လည်း ဖြစ်တယ်။

ရွာကအိမ်ကို သင် ပြန်ရောက်တဲ့အချိန် ခြံတံခါးကြီး ပွင့်နေတယ်။ အိမ်ရှေ့တံခါးလည်း ပွင့်နေတယ်။ နောက်တစ်နေ့မှာ သင်နဲ့ သင့်ချစ်သူကောင်လေး ထမင်းအတူစားဖို့ ချိန်းထားတယ်။ ဒါကြောင့် ညတွင်းချင်း ညရထားနဲ့ မြို့ပြန်ဖို့ သင် စိတ်ကူးထားတယ်။ ဒီနေရာက သင့်မွေးရပ်မြေ၊ နောက်ပြီး မေမေရှိတဲ့ အရပ်၊ ဒါပေမဲ့ ဒီရွာကလေးနဲ့ စိမ်းလာတယ်လို့ သင် ခံစားမိတယ်။ သင် ဖြတ်သန်းခဲ့တဲ့ ငယ်ဘဝ အမှတ်တရ ခြေရာဆိုလို့ ရေချောင်းစပ်နားက ဘယ်ရီသီးပင်တွေပဲ ရှိတော့တယ်။ ဘယ်ရီပင်သုံးပင်က အဲဒီနေရာမှာတင် အိုမင်း ရင့်ရော်နေခဲ့ပြီ။ ဒီဘယ်ရီပင် သုံးပင်ကြောင့်ပဲ သင်ငယ်ငယ်တုန်းက ကျောင်းဆင်းအိမ်ပြန်တိုင်း လမ်းမကြီးအတိုင်း မပြန်ဘဲ ဒီဘယ်ရီပင်ရှိတဲ့ လမ်းလေးကနေပဲ ပြန်ခဲ့တယ်။ ဒီလမ်းက သင်တို့ အိမ်နောက်ဖေး ခြံတံခါးပေါက်နဲ့ တန်းနေပါတယ်။ ဟိုး အရင်တုန်းက အိမ်နောက်ခြံတံခါးရဲ့ရှေ့မှာ အများသုံး ရေတွင်းတစ်တွင်း ရှိခဲ့တယ်။ နောက်ပိုင်း အိမ်တိုင်း ဘုံဘိုင်ရေကို သုံးလာကြတော့ ရေတွင်းလေးလည်း အလို အလျောက် အဖို့ခံလိုက်ရတယ်။ အဲဒီရေတွင်းကို သင် မှတ်မိနေပါသေးတယ်။ ခြံတံခါးထဲ မဝင်ခင် အဲဒီရေတွင်းဘေးမှာ သင် တအောင့်ကြာ ရပ်နေလိုက်တယ်။ မာတာတာ အင်္ဂတေကို သင် နင်းကြည့်လိုက်တယ်။

အရင်တုန်းက ဒီနေရာမှာ တကယ်ပဲ ရေတွင်းတစ်တွင်း ရှိခဲ့သလား ဆိုတာကို သင့်စိတ်ထဲ နက်နက်နဲနဲ ခံစားမိတယ်။

အဲဒီရေတွင်းက ဒီလမ်းလေးထဲက လူတွေကို အသက်ရှင်စေခဲ့တယ်။ ရေတွေနဲ့ ခမ်းခြောက်သွားတယ်ဆိုတာ မရှိခဲ့ဖူးဘူး။ ဒီကနေ့မှာတော့ အဲဒီရေတွင်းဟာ အမှောင်ထဲမှာ ရှိနေခဲ့ပါရော့လား။ ရေတွင်းကို မြေဖို့တုန်းက သင် မရှိပါဘူး။ တစ်နေ့မှာ သင် အိမ်ပြန်တော့ ရေတွင်းမရှိတော့ဘူး ဆိုတာကို သိလိုက်တယ်။ ရေတွင်းရှိတဲ့နေရာမှာ ဘိလပ်မြေလမ်း ဖြစ်သွားတယ်။ ဒီကနေ့အထိ ဘိလပ်မြေသားအောက်က ရေတွင်းထဲက ရေဟာ ကြည်လင်အေးမြတဲ့ရေတွေနဲ့ ပြည့်လျှံနေတယ်လို့ သင် ထင်နေဆဲဖြစ်တယ်။ ဒါဟာလည်း ရေတွင်းဖို့တဲ့ ပုံရိပ်ကို သင့်

mgyoe.com

mgyoe.com SAMPLE BOOK

မျက်စိနဲ့ တပ်အပ် မမြင်ခဲ့တာကြောင့်လည်း ဖြစ်မယ်။

မြေဖို့ခဲ့တဲ့ ရေတွင်းပေါ်မှာ သင် ခဏကြာ ရပ်လိုက်တယ်။ အဲဒီနောက် ခြံတံခါးထဲ ဝင်ပြီး မေမေလို့ အော်ခေါ်လိုက်တယ်။ ပြန်ထူးသံ မကြားဘူး။ ဆောင်းဦးရဲ့ မွန်းလွဲနေရောင်ခြည်က ခြံအနောက်ခြမ်းအပြည့် ကျဲဖြန့်ထားတယ်။ အိမ်ထဲ သင် ဝင်လိုက်တယ်။ ဧည့်ခန်းနဲ့ အိပ်ခန်းမှာလည်း မေမေ့အရိပ်အယောင် မတွေ့ဘူး။ အိမ်ထဲမှာ ရှုပ်ပွနေတယ်။ ထမင်းစားပွဲပေါ်မှာ ရေပုလင်းက အဖုံး ဖွင့်ရက်သား ရှိနေတယ်။ သောက်ရေခွက်က ပန်းကန်ဆေးဇလုံထဲ ရောက်နေတယ်။ ဧည့်ခန်းကြမ်းပြင်ပေါ်က ဖျာချပ်မှာ အဝတ်စုတ်ထည့်တဲ့ ခြင်းတောင်း မှောက် ထားတယ်။ ဖေဖေ့ချွတ်ထားတဲ့ ရှပ်အင်္ကျီက ဖုန်မှုန့်အလိတ်လိတ်နဲ့ ဆိုဖာပေါ် ချိတ်ထားတယ်။ နေအိမ်ရဲ့ အနောက်ဘက်ခြမ်းက အောက်သိုးသိုးနဲ့ မှိုစော်နံနေ တယ်။ ဒါတောင် စူးရှတောက်ပတဲ့ ဆည်းဆာနေက လူမရှိတဲ့ ဒီအခန်းလေးထဲ ထိုးဖောက် ဝင်ရောက်လာတုန်းပဲ။

"မေမေ..."

အိမ်မှာ လူမရှိမှန်း သိပေမယ့် နောက်တစ်ချက် သင် ထပ်အော်လိုက်တယ်။ ပြီးတော့ အိမ်ရှေ့တံခါးကနေ အပြင်ကို ထွက်လာတယ်။ အဲဒီနောက် အိမ်ဘေးက တံခါး ပွင့်ရက်သား စတိုခန်းထဲမှာ မေမေ့ကို သင် တွေ့လိုက်တယ်။ မေမေက သစ်သားခုတင်တစ်ခုပေါ် လဲနေတယ်။

"မေမေ... "

မေမေ့ဆီက ပြန်ထူးသံ မကြားဘူး။ ဖိနပ်ကောက်စီးပြီး မေမေ့ကို စေ့စေ့ ကြည့်ရင်း စတိုခန်းထဲ သင်ဝင်လိုက်တယ်။ စတိုခန်းထဲကနေ ခြံဝင်းတစ်ခုလုံးကို လှမ်းမြင်ရတယ်။ အရင်တုန်းက မေမေဟာ ဒီထဲမှာပဲ မုယောခြောက်တွေနဲ့ အရက် ချက်ခဲ့တယ်။ စတိုခန်းဘေးက ဝက်ခြံကို ဖျက်လိုက်တော့ စတိုခန်းက အရင်ကထက် နေရာပိုကျယ်သွားတယ်။ စတိုခန်းနံရံရဲ့ သတ္တုစင်ပေါ်မှာ အသုံးမလိုတော့တဲ့ မီးဖိုချောင်သုံး ပစ္စည်းကိရိယာတွေ တင်ထားတယ်။ စင်အောက်မှာ ဖန်ပုလင်းတွေ တင်ထားတယ်။ ဖန်ပုလင်းထဲမှာ မေမေ အချဉ်တည်ထားတဲ့ စားစရာတွေ ထည့် ထားတယ်။ မေမေက သစ်သားခုတင်ဟောင်းကို စတိုခန်းထဲ ပြောင်းထည့်ထားတယ်။ အိမ်ဟောင်းကိုဖျက်ပြီး အနောက်တိုင်းဆန်ဆန် တိုက်အိမ်သစ်တစ်လုံး ဆောက် လိုက်တော့ ခေတ်မီတဲ့ တိုက်သစ်မီးဖိုချောင်ထဲမှာ လုပ်လို့ မရတော့တဲ့ အရာတွေကို ဒီစတိုခန်းထဲမှာ မေမေလုပ်တယ်။ ကင်ချီလုပ်တဲ့အခါ နီရဲရဲငရုတ်သီးကို ကြိတ်ဆုံထဲ

mgyoe.com

mgyoe.com SAMPLE BOOK

ထည့်ကြိတ်တာတို့၊ ပဲပင်ရိုးတံပေါ်က မချွေမိဘဲ ကျန်ခဲ့တဲ့ပဲတွေကို ရှာပြီး အခွံချွတ်တာတို့၊ ငရုတ်ချဉ်တည်တာတို့၊ ကင်ချိုနယ်တာတို့၊ တိုဟူးချဉ်လှန်းတာတို့ လုပ်ခဲ့တယ်။

စတိုခန်းဘေးက ခွေးအိမ်လည်း ဗလာကျင်းလို့ ခွေးချည်တဲ့သံကြိုးလည်း ပြေလျော့ပြီး မြေပြင်ပေါ် ကျနေတယ်။ ဒီအချိန်ကျမှ ခြံထဲကို သင်ဝင်လာတဲ့အချိန် ခွေးဟောင်သံ မကြားခဲ့ဘူးဆိုတာကို သင်သတိရလာတယ်။ ခွေးကို သင် လှည့်ပတ်ရှာရင်း မေမေ့အနားကို သင် ရောက်သွားတယ်။ မေမေ့ဆီက ဘာတုံ့ပြန်သံမှ မကြားဘူး။ ခုနတုန်းက မေမေဟာ ဘူးဖရုံတွေ လှီးပြီး အခြောက်လှန်းဖို့ စီစဉ်နေပုံရတယ်။ စဉ်းတုံး၊ ဓားမနဲ့ ဘူးဖရုံသီးတွေက တစ်ဖက်မှာ ရှိနေတယ်၊ ဟောင်းအိုတဲ့ ဝါးခြင်းထဲမှာ အချပ်ချပ် လှီးထားတဲ့ ဘူးဖရုံတွေ အပြည့်ထည့်ထားတယ်။ စစချင်းမှာ မေမေများ အိပ်ပျော်သွားတာလားလို့ သင် ထင်တယ်။ နောက်တော့ နေ့လယ်နေ့ခင်း အိပ်တတ်တဲ့အကျင့် မေမေ့မှာ မရှိဘူးဆိုတာကို သင် သတိရမိပြန်တယ်။ မေမေ့မျက်နှာကို သင်စေ့စေ့စပ်စပ် ကြည့်လိုက်တယ်။ မေမေက လက်ဖမိုးကို နဖူးထိပ်မှာ တင်ထားတယ်။ တစ်ခုခုကို အားစိုက်ပြီး အောင့်အည်းထားသလိုပဲ။ မေမေရဲ့နှုတ်ခမ်းတွေ ခပ်ဟဟ ပွင့်နေတယ်။ မျက်မှောင်ကြုတ်ထားတယ်။ မျက်ခုံးနှစ်ခုကြားမှာ တွန့်လိမ်တဲ့ အစင်းကြောင်းတွေ ထင်ဟပ်နေတယ်။

"မေမေ"

မေမေ့မျက်လုံး မှိတ်ထားတုန်းပဲ။

"မေမေ. . . မေမေ"

မေမေ့ရှေ့မှာ သင်ဒူးထောက်ပြီး အားကုန်လှုပ်ရမ်း အော်ခေါ် လိုက်တယ်။ အဲဒီအချိန်ကျမှ မေမေ့မျက်လုံး ခပ်မှိန်မှိန် ပွင့်လာတယ်။ မေမေ့မျက်လုံးတွေ ရဲရဲနီနေတယ်။ နဖူးထက်မှာ ပဲစေ့လောက်ကြီးတဲ့ ချွေးသီးချွေးပေါက်တွေ တွဲခိုနေတယ်။ သင့်ကို မေမေ မှတ်မိပုံမရဘူး။ နာကျင်တဲ့ဝေဒနာက မေမေ့မျက်နှာမှာ အထင်းသားပေါ် ပြီး မျက်နှာကို ရှုံ့တွ တွန့်လိမ်ထားတယ်။ အဘိဓ္ဓာအားကြီးတဲ့ အမည်မသိ ဝေဒနာတစ်ခုက မေမေ့ကို ရက်ရက်စက်စက် ထိုးနှက်ထားလို့ မေမေရဲ့မျက်နှာအမူအရာ ဒီလောက်ဆိုးဝါးနေတာဖြစ်မယ်။ မေမေ့မျက်လုံးတွေ မှိတ်ကျသွားပြန်တယ်။

"မေမေ"

သစ်သားခုတင်ပေါ် သင် တက်လိုက်တယ်။ နာကျင်မှုဝေဒနာ ခံစား

mgyoe.com

mgyoe.com SAMPLE BOOK

နေရတဲ့ မေမေ့ပါးပြင်ကို ကိုင်ပြီး သင့် ဒူးခေါင်းထက်မှာ တင်လိုက်တယ်။ သင့် ဒူးပေါ်ကနေ မေမေ့ခေါင်း လျှောကျမသွားဖို့ သင့်လက်ကို မေမေ့ချိုင်းအောက် လျှိုဝင်ပြီး ချိတ်ထားလိုက်တယ်။

မေမေ့ကို ဒီနေရာမှာ တစ်ယောက်တည်း ဘာဖြစ်လို့ ပစ်ထားခဲ့ရတာလဲ။ ရုတ်တရက် သင့်ခေါင်းထဲ ဒေါသထွက်စရာ အတွေးစတချို့ လစ်ခနဲဝင်လာတယ်။ တစ်ယောက်ယောက်က မေမေကို ဂရုမစိုက်ဘဲ ဒီစတိုခန်းထဲမှာ တမင်ပစ်ထားခဲ့သလိုပဲ။ လူတွေက ဒီလိုပဲ ကိုယ်ချင်းစာတရား ကင်းမဲ့ကြတယ်။ အဲဒီတုန်းက သင် တော်တော်လေး ဒေါသထွက်ခဲ့မိတယ်။ တခြားတစ်ယောက်က မေမေကို စတိုခန်းထဲမှာ မေ့လျော့ထားခဲ့တယ်လို့ သင် ထင်တယ်။ တကယ်တော့ မေမေ့ကို စတိုခန်းထဲမှာ မေ့လျော့ထားခဲ့သူက တခြားသူမဟုတ်ဘဲ သင် ကိုယ်တိုင် ဖြစ်နေခဲ့တယ်။ လူတွေဟာ အရမ်း စိတ်ချောက်ချားလာပြီဆိုရင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ကြောင်နေတတ်တယ်။

လူနာတင်ကားကို အရင် အကြောင်းကြားရမလား။ မေမေ့ကို အိမ်ထဲ အရင် ရွှေ့ရမလား။ ဖေဖေ ဘယ်မှာလဲ။ စတဲ့ အတွေးတွေက ခေါင်းထဲ တဟုန်ထိုး ပြေးဝင်လာတယ်။ အဲဒီနောက် ဘာတစ်ခုမှ မလုပ်ခဲ့ဘဲ မေမေကို သင့်ဒူးခေါင်းထက်မှာ အိပ်စေပြီး မေမေ့မျက်နှာကိုပဲ သင် ခေါင်းငုံ့ကြည့်နေခဲ့တယ်။ ဒီလို နာကျင်ရှုံ့တွတဲ့ မေမေ့မျက်နှာကို သင် တစ်ခါမှ မမြင်ခဲ့ဖူးဘူး။ နဖူးကို ဖိကပ်ထားတဲ့ မေမေရဲ့လက် လျှောကျသွားတယ်။ အားစိုက်ပြီး မေမေ အသက်ရှူနေတယ်။ နာကျင်မှုဒဏ်ကို အံကြိတ်တင်းခံပြီး အလွတ်ရုန်းနေတယ်။ ခြေလက်အင်္ဂါကြောတွေ တင်းဆန့်နေတယ်။

"မေမေ"

သင့်နှလုံး တဒုန်းဒုန်း ခုန်နေတယ်။ မေမေ့ခန္ဓာကိုယ်ကို တင်းတင်း ပွေ့ထားနိုင်ဖို့ သင် ကြိုးစားတယ်။ မေမေလည်း သေတတ်တယ် ဆိုတဲ့အသိကို ပထမဆုံးအကြိမ် သင် တုန်လှုပ်ချောက်ချား ခံစားမိလိုက်တယ်။ မေမေ့မျက်လုံးတွေ သာသာလေး ပွင့်လာတယ်။ ပြီးတော့ သင့်ကို အားစိုက်ကြည့်တယ်။ သင့်ကို တွေ့လိုက်လို့ သူ တအံ့တဩ ဖြစ်သွားတယ်။ မေမေ့မျက်လုံးအိမ်တွေ မလှုပ်ရှားနေဘူး။ တစ်ခုခု တုံ့ပြန်ဖို့ သူ ကြိုးစားနေတယ်။ အကြာကြီးနေမှ သင့်နာမည်ကို မေမေ ခေါ်လိုက်တယ်။ မေမေ့မျက်နှာက ဖြူရော်ပြီး အင်အားမဲ့နေတယ်။ တစ်ခုခုကို မေမေ မပီမသ ပြောနေတယ်။ သင် အမြန် နားစိုက်ထောင်တယ်။

mgyoe.com

"သမီးအဒေါ် ဆုံးတုန်းက မေမေ အသံထွက်အောင်တောင် မငိုနိုင်ခဲ့ဘူး"

မေမေရဲ့ ဖြူရော်ရော်မျက်နှာက အဓိပ္ပာယ်ကင်းမဲ့လို့ နေတယ်။ နှစ်သိမ့်တဲ့ စကားတစ်ခွန်းကိုတောင် သင် မပြောနိုင်ဘူး။

အဒေါ် ရဲ့ အသုဘ အခမ်းအနားက နွေဦးရာသီမှာပါ။ အခမ်းအနားကို သင် မသွားခဲ့ဘူး။ အသုဘ အခမ်းအနားကို သင် မသွားတဲ့အပြင် အဒေါ် ဆေးရုံတက်တဲ့ တစ်နှစ်ပတ်လုံးမှာလည်း လူနာ သွားမမေးခဲ့ဘူး။

သင် ဘာတွေ အလုပ်များနေခဲ့သလဲ။

အဒေါ် ဟာ သင့်ကို သင်ငယ်ငယ်လေးကတည်းက သူ့သားသမီးနဲ့မခြားပြုစု စောင့်ရှောက်ခဲ့တယ်။ နွေရာသီရောက်တိုင်း တောင်တစ်တောင်လောက်သာခြားတဲ့ အဒေါ် တို့ဆီ သွားပြီး သင် ညအိပ်ညနေ နေခဲ့တယ်။ မောင်နှမတွေထဲမှာ မေမေနဲ့ ရုပ်ချင်းပိုဆင်တဲ့ သင့်တစ်ယောက်တည်းအပေါ် မှာပဲ အဒေါ် ကသံယောဇဉ်ပိုခဲ့တယ်။ သင်နဲ့ သင့်မေမေက တစ်ပုံစံတည်း ထွင်းထုထားသလား ထင်ရလောက်အောင် ရုပ်တူတယ်လို့ အဒေါ် က ပြောတယ်။ မေမေနဲ့အတူ ဖြတ်သန်းခဲ့တဲ့ ငယ်ဘဝကို ပြန်ပြောင်းအောက်မေ့မိသလို အဒေါ် ကလည်း သင်နဲ့အတူ ယုန်အစာကျွေးတယ်၊ ဆံပင်တွေ ကျစ်ပေးတယ်။ ထမင်းချက်တဲ့အခါမှာလည်း အဒေါ် ဟာ မုယောဆန်ထဲ ဆန်တချို့ ရောထည့် ချက်တတ်တယ်။ သင့်အတွက် မုယော ထမင်းမပါတဲ့ ဆန်ထမင်းချည်းပဲ ခူးခပ်ပေးတယ်။ ညအချိန်ရောက်ရင် အဒေါ် ဟာ သင့်ကို သူ့ပေါင်ပေါ် မှာ လဲအိပ်စေပြီး ပုံပြင်တွေ ပြောပြတယ်။ ဒီလောကကြီးကနေ အဒေါ် ထွက်သွားခဲ့ပြီ ဖြစ်ပေမဲ့ အဒေါ် ရဲ့ နုပျိုစဉ်က ကိုယ်သင်းနံ့ကို သင် မှတ်မိနေဆဲဖြစ်တယ်။ အသက်ကြီးလာတဲ့အချိန်မှာ အဒေါ် ဟာ ပေါင်မုန့်ဆိုင် ဖွင့်ထားတဲ့ သားရဲ့ကလေး (မြေး) ကို ကူထိန်းကျောင်းပေးခဲ့တယ်။ ကလေးထိန်းရင်း လှေကားပေါ် ကနေ အဒေါ် လိမ့်ကျခဲ့လို့ ဆေးရုံရောက်မှ အဒေါ့်မှာ ကင်ဆာရောဂါရှိမှန်း၊ ကင်ဆာဆဲ ်လ်တွေ တစ်ကိုယ်လုံး ပြန့်နေမှန်း သိရတယ်။ လက်လည်း မလှုပ်ရှားနိုင်တော့ဘူး။ ဒီသတင်းတွေ သင့်ကို မေမေ ပြောပြတုန်းက "သနားစရာကောင်းလိုက်တဲ့ အစ်မရယ်..."လို့ ဆိုခဲ့တယ်။

"ကင်ဆာရောဂါ ရှိမှန်း ဘာဖြစ်လို့ မသိတာလဲ"

"သူ တစ်ခါမှ ကျန်းမာရေး မစစ်ဆေးခဲ့ဘူးလေ"

မေမေက ကြာကြာတစ်ခါ ဆန်ပြုတ်လေးပြုတ်ပြီး အဒေါ် ကို သွားကြည့်

mgyoe.com

mgyee.com SAMPLE BOOK

တယ်။ ဆန်ပြုတ်ကို ကိုယ်တိုင်ခွံကျွေးပြီးမှ အိမ်ပြန်တယ်။ တစ်ခါတလေ သင့်ဆီ မေမေ ဖုန်းဆက်တဲ့အခါ "မနေ့က သမီး အဒေါ်ကို မေမေ သွားကြည့်တယ်။ မေမေ နှမ်းရည်ကျိုသွားတော့ သူ အားရဝမ်းသာ စားရှာတယ်"လို့ ပြောပြတတ်တယ်။ မေမေ ပြောတာကို သင် ဆိတ်ဆိတ်ငြိမ်ငြိမ် နားထောင်တယ်။ အဒေါ်ဆုံးတော့ သင့်ကို အရင်ဦးဆုံး မေမေ ဖုန်းဆက် အကြောင်းကြားတယ်။

"သမီးရဲ့အဒေါ် ဆုံးသွားပြီ သမီး"

"......"

"သမီးအလုပ်များနေရင် မပြန်လာပါနဲ့တော့"

အဒေါ်ရဲ့ အသုဘ အခမ်းအနားကို သင် မရောက်ခဲ့တာဟာ မေမေရဲ့ စကားကြောင့် မဟုတ်ခဲ့ဘူး။ စာမူတွေအတွက် သင် လုံးပန်းနေခဲ့လို့ပါ။ အသုဘ အခမ်းအနားကပြန်လာတဲ့ အစ်ကိုက သင့်ကို မေမေ့ အခြေအနေ ပြောပြတယ်။ မေမေ အလွန်အမင်း ပူဆွေးသောကရောက်လိမ့်မယ်လို့ သူ ထင်ခဲ့ပေမယ့် မေမေဟာ မျက်ရည်တစ်ပေါက်တောင် မကျခဲ့ဘူးလို့ အစ်ကိုက ပြောတယ်။

"တကယ်ပဲလား" သင် မယုံကြည်နိုင်အောင်ဖြစ်မိတယ်။

အစ်ကိုကိုယ်တိုင်ကလည်း ထူးဆန်းတယ်လို့ ခံစားမိပေမယ့် မေမေ့ဆန္ဒအတိုင်း လိုက်နာခဲ့တယ်လို့ ပြောပါတယ်။ အခုတော့ စတိုခန်းထဲကနေ ထိခိုက်နာကျင်တဲ့ မျက်နှာအနေအထားနဲ့ နိုးထလာခဲ့တဲ့ မေမေက "သမီးအဒေါ်ဆုံးတုန်းက မေမေ အသံထွက်အောင်တောင် မငိုနိုင်ခဲ့ဘူး" လို့ ပြောနေပါတယ်။

"ဘာဖြစ်လို့လဲ၊ ငိုချင်ရင် ငိုလိုက်တာ မဟုတ်ဘူး"

မေမေ့မျက်နှာထားက ထုံထိုင်းထိုင်းဖြစ်နေသေးတယ်ဆိုပေမယ့် သင် ရင်းနှီးတဲ့ အသွင်အပြင်အဖြစ် တဖြည်းဖြည်း ပြောင်းလာပါတယ်။ အဲဒီအချိန်ကျမှ သင်လည်း အနည်းငယ် စိတ်သက်သာရာ ရသွားတော့တယ်။ မေမေဟာ မျက်တောင်ကို ဖြည်းဖြည်းချင်း ခတ်လိုက်တယ်။

"မေမေ မငိုတတ်တော့ဘူး သမီး"

"......"

"ခေါင်းကိုက်တာ ပေါက်ကွဲမတတ်ပဲ"

မေမေ့မျက်နှာပေါ်မှာ ဆည်းဆာနေရိပ် ထင်ဟပ်နေတယ်။ သင့်ပေါင်ပေါ် အိပ်နေတဲ့ မေမေ့မျက်နှာကို သူစိမ်းတစ်ယောက်ကိုကြည့်တဲ့ အကြည့်မျိုးနဲ့ သင် စူးစူးစိုက်စိုက် ကြည့်လိုက်မိတယ်။

mgyee.com

mgyoe.com

မေမေ ခေါင်းကိုက်တယ်။ ခေါင်းကိုက်လွန်းလို့ ငိုမထွက်ဘူးတဲ့။

မွေးခါနီး နွားမတစ်ကောင်ရဲ့မျက်လုံးတွေလို တစ်ချိန်က ဝိုင်းစက်မည်းနက်ခဲ့တဲ့ မေမေ့မျက်လုံးတွေဟာ အခုချိန်မှာတော့ မျက်ရစ်တွေနဲ့ ဖုံးကွယ်နေပြီး သေးသထက် သေးလာနေခဲ့ပြီ။ ရဲရဲနီစွေးခဲ့တဲ့ နှုတ်ခမ်းထူထူက ခြောက်သွေ့နေတဲ့အပြင် ကွဲအက်နေခဲ့ပြီ။ အဒေါ် သေဆုံးသွားတာကို ခေါင်းပေါက်ကွဲမတတ် မေမေ နာကျင်ခဲ့မှန်း၊ ငိုပေမယ့် မျက်ရည်မထွက်မှန်း သင် လုံးလုံး မသိခဲ့ဘူး။ သစ်သားခုတင်ပေါ် တစ်ယောက်တည်းလှဲနေတဲ့ မေမေကို ကြည့်ရင်း သူ့လက်မောင်းကို ဗိုက်ပေါ် သင် ကောက်တင်ပေးလိုက်တယ်။ နေလောင်ကွက်တွေ တဖြည်းဖြည်း များပြားလာပြီး တစ်သက်လုံး အလုပ်တွေနဲ့ ဆင်းရဲပင်ပန်းခဲ့တဲ့ မေမေ့လက်ဖမိုးကို သင် ငေးစိုက်ကြည့်နေမိတယ်။

မေမေ့အပေါ် နားလည်ခဲ့ပါတယ်လို့ ထပ်မပြောဖို့ သင် တွေးမိလိုက်တယ်။

❑

သင့်ဘကြီး (မေမေရဲ့အစ်ကို) အသက်ရှင်စဉ်တုန်းက ဖြစ်တယ်။

ရေကြည်ရာ မြက်နုရာ လှည့်လည်နေထိုင်တဲ့ ဘကြီးတစ်ယောက် ချောင်းအွတ်ကို ပြန်ရောက်လာတယ်။ ဘကြီးဟာ ဗုဒ္ဓဟူးနေ့တိုင်း မေမေကို လာကြည့်တတ်တယ်။ တခြား ဘာကိစ္စမှမရှိလည်း စက်ဘီးတစ်စီးနဲ့ မေမေ့ကို သူ တစ်ချက်လာတွေ့တတ်တယ်။ ပြီးရင် အိမ်ပြန်သွားတယ်။ တချို့အချိန်မှာ အိမ်ထဲတောင် မဝင်ဘဲ တံခါးဝမှာတင် ရပ်ပြီး "ညီမရေ... နေကောင်းတယ်မဟုတ်လား" လို့ အော်တယ်။ အဲဒီနောက် မေမေ ထွက်အလာကိုတောင် မစောင့်ဘဲ စက်ဘီးနင်းပြီး အိမ်ပြန်သွားတယ်။ သင်သိထားသလောက် မေမေနဲ့ ဘကြီးက သိပ်သံယောဇဉ်မရှိကြဘူး။ နားလည်တဲ့အရွယ် သင် မရောက်ခင်တုန်းက ဒါမှမဟုတ် သင့်ကို မမွေးခင်တုန်းက ဘကြီးဟာ သင့်ဖေဖေဆီကနေ ငွေတွေချေးပြီး ပြန်မဆပ်ခဲ့ဘူး။ တစ်ခါတလေ မေမေက ဒီအကြောင်းတွေပြောပြီး ဘကြီးကို အပြစ်တင်တတ်တယ်။ ဘကြီးကြောင့် ကြီးကြီးနဲ့ ဖေဖေ့အပေါ် မေမေ ကြွေးဝန်ရှိတယ်လို့ ပြောတတ်တယ်။ ဘကြီး ချေးခဲ့တဲ့ငွေ ဆိုပေမယ့် သူ့အပြုအမူက မေမေ့ကို မလူးမလွန့်သာစေခဲ့ဘူး။ သတင်းမကြား ဘာမကြားနဲ့ လေးငါးနှစ်လောက် ဘကြီးနဲ့ အဆက်အသွယ် ပြတ်ခဲ့တုန်းက "သမီးရဲ့ဘကြီး ဘယ်ရောက်သွားပါလိမ့်၊ ဘာတွေ လုပ်နေပါလိမ့်" လို့ မေမေ အမြဲ ပြောတတ်ခဲ့တယ်။ ဘကြီးကို မေမေ စိတ်ပူတာလား ဒါမှမဟုတ်

mgyoe.com

mgyoe.com SAMPLE BOOK

အပြစ်တင်တာလား ဆိုတာကို သင် နားမလည်ခဲ့ဘူး။

အဲဒီတုန်းက အိမ်ကို အခုလို အသစ်ပြန်ပြင် မဆောက်ခဲ့သေးဘူး။ အခုတော့ အဲဒီအိမ်လေးလည်း လောကကြီးကနေ ပျောက်သွားခဲ့ပြီ။ အဲဒီနေ့က အိမ်မှာသင်လည်း ရှိနေတယ်။ တစ်ယောက်ယောက်က တံခါးတွန်းဖွင့်ပြီး "ညီမလေး ရှိနေလား" လို့ တဆက်တည်း မေးလိုက်သံကို ကြားတယ်။ သင်နဲ့အတူ အခန်းထဲမှာလိမ္မော်သီးစားနေတဲ့ မေမေဟာ ဒီအသံကိုကြားတာနဲ့ တံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး အမြန် ထပြေးသွားတယ်။ မေမေရဲ့ ခြေလှမ်းတွေ မြန်လွန်းလှတယ်။

ဘယ်သူပါလိမ့်၊ မေမေကို ဒီလောက်စိတ်လှုပ်ရှားစေတာ ဘယ်သူပါလိမ့်။ သင်လည်း စိတ်ဝင်တစား မေမေနောက် ထလိုက်သွားတယ်။ မေမေဟာ တံခါးမကြီးဘက်ဆီ တစ်ချက်ကြည့်ပြီး "အစ်ကို..." လို့ အော်လိုက်ပြီး တံခါးဝမှာရပ်နေတဲ့လူဆီ အပြေးသွားတယ်။ ဖိနပ်တောင် မစီးအားဘူး။ အဲဒီလူက သင့်ဘကြီးပါ။

မေမေဟာ လေအလျင်လို အပြေးသွားပြီး ဘကြီးကို လက်သီးနဲ့ထုရင်း "အစ်ကို...အစ်ကို" လို့ ဆက်တိုက်အော်တယ်။ မေမေ့ကို သင် ပြူးကြောင်ပြီး ကြည့်နေလိုက်တယ်။ ဒါဟာ တစ်ယောက်ယောက်ကို "အစ်ကို"လို့ မေမေ ခေါ်တာကို ပထမဆုံးအကြိမ် သင်ကြားမိတာပဲ။ ဘကြီးအကြောင်းကို မေမေ ပြောခဲ့တုန်းက "သမီး ရဲ့ဘကြီး" လို့ပဲ မေမေ သုံးနှုန်းခဲ့တယ်။ ခဏတွင်းချင်းမှာပဲ သင် စိတ်ရှုပ်ထွေးသွားတယ်။ ဘကြီးက မိုးကျရွှေကိုယ် မဟုတ်ပါဘူး။ ဘကြီးကိုတွေ့တာနဲ့ မေမေဟာ နှာသံနဲ့ "အစ်ကို" လို့ ဝမ်းသာအားရအော်ခေါ်ပြီး အပြေးသွားတာကို ကြည့်ပြီး ဘာဖြစ်လို့ သင် အံ့သြရတာလဲ။ "သြော်... မေမေ့မှာလည်း အစ်ကိုရှိတယ်" ဆိုတာကို သင်နားလည် သဘောပေါက်သွားလို့ဖြစ်တယ်။

အသက်ကြီးကြီး မေမေဟာ "အစ်ကို" လို့ ချွဲချွဲနွဲ့နွဲ့အော်ရင်း ကလေးလေး တစ်ယောက်လို ပြေးသွားတဲ့ပုံရိပ်ကို တစ်ခါတလေ ပြန်မြင်ယောင်ရင်း တစ်ယောက်တည်း အသံထွက် သင် ရယ်မိတတ်တယ်။ အဲဒီတုန်းက မေမေဟာ အခု သင့်လက်ရှိထက် ပိုနုပျိုသေးတယ်။ မေမေရဲ့ ပုံရိပ်က သင့်ဦးနှောက်ထဲ စွဲမြဲနေတယ်။ "တကယ်တော့ မေမေ့မှာလည်း..." ဆိုတဲ့ အတွေးမျိုး သင် ဖြန့်ကျက်လိုက်မိတယ်။ ဒီလို သိသာတဲ့အရာကို ဘာဖြစ်လို့ အခုချိန်ကျမှ သင် နားလည်ရတာလဲ။ သင့်အဖို့ မေမေ့ကို မေမေလို့ပဲ သိထားခဲ့တယ်။ မေမေမှာလည်း လမ်းလျှောက်သင်စအရွယ်၊ အသက် ၃ နှစ် အရွယ်၊ အသက် ၁၂ နှစ် အရွယ် ဒါမှမဟုတ် အသက်၂၀ အရွယ်တွေ ရှိခဲ့တယ်ဆိုတာကို သင်တစ်ခါမှ မတွေးခဲ့

mgyoe.com

မိဘူး။ မေမေဆိုတာ မေမေပဲလို့ သင် သတ်မှတ်ခဲ့တယ်။ မေမေဟာ မွေးလာတာနဲ့ မေမေ လုပ်ရမယ့်သူလို့ သင် ထင်ခဲ့တယ်။ "အစ်ကို"လို့ ခေါ်ပြီး ဘကြီးဆီ မေမေ ပြေးသွားတဲ့ပုံရိပ် မမြင်ခင်အထိ သင် ဒီလိုပဲ ထင်ခဲ့တယ်။ အစ်ကိုတွေအပေါ် သင် သံယောဇဉ်ရှိတယ်။ မေမေ့မှာလည်း ဒီလို သံယောဇဉ်မျိုး ရှိတယ်။ ဒီလို အတွေးမျိုး သင်တဖြည်းဖြည်း ဖြန့်ကျက်တွေးမိရင်း မေမေ့မှာလည်း ကလေးဘဝ ရှိခဲ့တယ်ဆိုတာကို သင် နားလည်လာမိတယ်။ အဲဒီအချိန်ကစပြီး (၁၉၃၆) ခုနှစ် မွေးပြီး အိမ်ထောင်စုစာရင်းမှာ (၁၉၃၈) ခုနှစ်လို့ ရေးထားတဲ့ မေမေ့ပုံရိပ်ကို တစ်ခါတလေ သင် မြင်ယောင် ကြည့်မိတတ်လာတယ်။ မေမေရဲ့ ကလေးဘဝ၊ မိန်းကလေးဘဝ၊ မိန်းမပျိုဘဝ၊ အိမ်ထောင်ကျစဘဝ၊ နောက်ပြီး သင့်ကို မွေးခဲ့တဲ့ ပုံရိပ်တွေကို သင် မြင်ယောင် ကြည့်လာမိတယ်။

စတိုခန်းထဲ လဲနေတဲ့ မေမေ့ကို တစ်ယောက်တည်း ထားခဲ့ပြီး သင် မြို့ပြန်လို့ မဖြစ်ဘူး။ နိုင်ငံတော်ဂီတအဖွဲ့က မိတ်ဆွေတွေနဲ့ ဆောက်ချို (Sokcho) မြို့ကို အလည်သွားခဲ့တဲ့ ဖေဖေလည်း နောက်နှစ်ရက်နေမှ ပြန်လာမယ်။ ပြင်းထန်တဲ့ နာကျင်မှုဝေဒနာကနေ ခဏတာ မေမေ လွတ်မြောက်ခဲ့ပေမယ့် အဆမတန် ခေါင်းကိုက်နေတုန်းပါ။ အားရပါးရ မပြုံးရယ်နိုင်သေးပါဘူး။ ဟုတ်ပါတယ်. . မေမေဟာ မငိုနိုင်သလို ရယ်လည်း မရယ်နိုင်တော့ပါဘူး။ မေမေ့ကို ဆေးရုံ လိုက်ပို့မယ် ပြောတဲ့ သင့်စကားကိုတောင် မေမေ နားမလည်နိုင်တော့ပါဘူး။ မေမေ့ကို တွဲပြီး စတိုခန်းကနေ အိပ်ခန်းထဲ သွားတဲ့အချိန်မှာလည်း မေမေဟာ နွေးကွေးလွန်းနေပါတယ်။ ကြည့်ရတာ ခေါင်းကိုက်တဲ့ ဝေဒနာကြောင့် ထင်ပါတယ်။ အချိန်တော်တော်ကြာမှ မေမေဟာ သင်နဲ့ စကားပြောနိုင်တော့တယ်။ ခေါင်းက အမြဲကိုက်ပြီး "တစ်ခါတလေ"မှ မခံမရပ်နိုင်အောင်ဖြစ်တယ်လို့ မေမေက ပြောပါတယ်။ အဲဒီအချိန် ကျော်လွန်သွားရင်တော့ ကောင်းသွားပါတယ်တဲ့။

မေမေခေါင်းကိုက်တာကို အစ်ကိုတို့သိလား... ဖေဖေရော သိလား...။

မြို့ပြန်ရောက်တာနဲ့ ဖေဖေနဲ့ အစ်ကိုတို့ကို မေမေ ခေါင်းကိုက်တဲ့အကြောင်း ပြောမယ်၊ ပြီးတော့ မေမေကို ဆေးရုံကြီး ခေါ်သွားပြီး ကုသမယ်လို့ သင် တွေးလိုက်တယ်။

မေမေ စလှုပ်ရှားလို့ရပါပြီ။ "မပြန်ဘဲ နေခဲ့ပါလား" လို့ သင့်ကို မေမေ မေးတယ်။ ဘယ်အချိန်က စမှန်း မသိပါဘူး... မေမေ့ဆီပြန်တိုင်း အလွန်ဆုံး သုံးလေးနာရီလောက်ပဲ သင်နေပြီး မြို့ကို ချက်ချင်း ပြန်တတ်ခဲ့တယ်။ နောက်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ရက် ချစ်သူကောင်လေးနဲ့ သင် ချိန်းထားတာကို သတိရမိပေမယ့် မေမေကို "ဒီနေ့ သမီး ဒီမှာအိပ်မယ်"လို့ သင်ပြောလိုက်တယ်။ မေမေရဲ့ နှုတ်ခမ်းထောင့်စွန်းက ပြုံးရိပ်သန်းသွားတယ်။

ဖိုဟန်း (Pohang) မြို့က ငါးဈေးမှာ လတ်လတ်ဆတ်ဆတ် ရေဘဝဲ တစ်ကောင် သင် ဝယ်လာတယ်။ ဒါပေမဲ့ ဘယ်လိုချက်စားရမှန်း သင်ရော၊ မေမေရော မသိဘူး။ ဒီလိုနဲ့ အရင်က ချက်စားတတ်တဲ့ အစားအစာတွေကိုပဲ သင်တို့ ဖြစ်သလိုချက်ပြီး သာမန်ရိုးရှင်းတဲ့ စားပွဲခုံလေးထက်မှာ မျက်နှာချင်းဆိုင် ထိုင်စားလိုက်ကြတယ်။ ကင်ချီ၊ တို့ဟူးကြော်၊ ငါးကလေးကြော်၊ ရေညှိကြော်တွေနဲ့ တွဲဖက်ပြီး ထမင်းကို သင်နဲ့ မေမေ ဆိတ်ဆိတ်ငြိမ်ငြိမ် ထိုင်စားလိုက်ကြတယ်။ မေမေဟာ သင့်ကို ရေညှိနဲ့ ထုပ်ထားတဲ့ထမင်း မကြာခဏ ကမ်းပေးတယ်။ ငယ်ငယ်တုန်းကလို မေမေ ကမ်းပေးတဲ့ ရေညှိထမင်းကို အသံမထွက်ဘဲ သင် လှမ်းယူလိုက်တယ်။ ထမင်းစားပြီးနောက် နေသာထိုင်သာရှိအောင် မေမေနဲ့သင် ခြံဝင်းထဲမှာ လမ်းလျှောက်တယ်။ သင့်ငယ်ဘဝက ဖြတ်သန်းခဲ့တဲ့အိမ် မဟုတ်တော့ဘူး ဆိုပေမယ့် အိမ်ရှေ့၊ အိမ်နံဘေး၊ အိမ်နောက်က တစ်ဆက်တည်း ဖြစ်နေသေးတယ်။ အိမ်နောက်က စဥ့်အိုးစင်ပေါ်မှာ စဥ့်အိုးကြီးငယ်တွေ စီစီရီရီ တင်ထားတယ်။ ငယ်ငယ်တုန်းက အဲဒီစဥ့်အိုးတွေထဲမှာ ငံပြာရည်၊ ငရုတ်ချဥ်၊ ဆားနဲ့ ပဲငပိတွေ ထည့်ထားခဲ့တာပေါ့။ အခုတော့ အိုးတွေက ဗလာဖြစ်နေခဲ့ပြီ။ မေမေ့နောက်ကနေ သင် လိုက်ပါပြီး အိမ်ရှေ့ကနေ အိမ်နောက် အထပ်ထပ် ပတ်နေခဲ့တယ်။ မေမေဟာ တစ်ခုခုကို သတိရသွားသလိုနဲ့ သင့်ကို ဘာကြောင့် ရုတ်တရက် အိမ်ပြန်လာသလဲလို့ မေးတယ်။

"ဖိုဟန်းမြို့ကို သွားတယ်။ ပြီးတော့-"

"အဲဒီမြို့နဲ့ ဒီက အဝေးကြီး မဟုတ်လား"

"ဟုတ်တယ်"

"ဆိုးလ်မြို့ဘက်ကနေ ပြန်လာတာထက် ပိုဝေးမယ်ထင်တယ်"

"ဟုတ်တယ်"

"ခါတိုင်း အိမ်ပြန်လာဖို့ အချိန်မရှိတဲ့ သူက ဘာဖြစ်လို့ ရုတ်တရက် အဲဒီဘက်ကနေ ပြန်လာဖို့ စိတ်ကူးရတာလဲ"

သင် ပြန်မဖြေဘူး။ အမှောင်ထဲကနေ မေမေ့လက်ကို စမ်းလိုက်ပြီး တင်းတင်းလေး ဆုပ်ထားလိုက်တယ်။ အသက်တစ်စ ကြွေလုသွားမှာ စိုးတဲ့အလား

mgyoe.com

mgyoe.com SAMPLE BOOK

ဖမ်းဆုပ်ထားလိုက်မိတယ်။ ကိုယ့်စိတ် ခံစားချက်ကို ဘယ်လိုရှင်းပြရမှန်း သင် မသိဘူး။ မနက်ပိုင်းမှာ ဖိုဟန်းမြို့ကိုသွားပြီး မျက်မမြင် စာအုပ်အတွက် စာကြည့် တိုက်မှာ ဟောပြောခဲ့တယ်လို့ မေမေ့ကို သင် ပြောပြတယ်။

"မျက်မမြင်စာအုပ် ဟုတ်လား" မေမေ မေးတယ်။

"မျက်စိမမြင်တဲ့လူတွေ လက်နဲ့စမ်းပြီး ဖတ်ရတဲ့စာအုပ်ကို ပြောတာလေ"

မေမေက ခေါင်းတဆတ်ဆတ် ညိတ်တယ်။ သင်နဲ့ မေမေ အိမ်ရှေ့၊ အိမ်နောက်၊ အိမ်ဘေးကို အထပ်ထပ် ပတ်ပြန်တယ်။ ဖိုဟန်းမြို့ကို သွားခဲ့တဲ့ အကြောင်း မေမေကို သင်ပြောပြတယ်။ အရင်နှစ်တွေထဲက အဲဒီမြို့မှာ ဟောပြောဖို့ သင် ဖိတ်ကြားခံရတယ်။ ဒါပေမဲ့ ဖိတ်ကြားခံရတိုင်း တခြားအလုပ်ကိစ္စတွေနဲ့ အမြဲတိုက်နေလို့ သင် လက်မခံခဲ့ဘူး။ ဒီနှစ်ဆွေဦးမှာ သူတို့ ဖုန်းဆက်လာပြန်တယ်။ အဲဒီတုန်းက သင့်စာအုပ်အသစ် ထုတ်ဝေခါနီးပြီမို့ စာကြည့်တိုက် တာဝန်ခံက သင့်စာအုပ်ကို မျက်မမြင်စာအုပ်အဖြစ် လုပ်ချင်ကြောင်း ကမ်းလှမ်းလာတယ်။ မျက်မမြင်စာအုပ်အကြောင်း သင် နကန်းတစ်လုံးမှ မသိဘူး။ မေမေ့ကို သင် ရှင်းပြသလို မျက်မမြင်စာအုပ်ဆိုတာ မျက်စိမမြင်သူတွေ ဖတ်တဲ့စာအုပ်လောက်ပဲ သင် နားလည်ထားတယ်။

"ဆရာမရဲ့ စာအုပ်သစ်ကို မျက်မမြင် စာအုပ်အဖြစ် ကျွန်တော်တို့ လုပ် ချင်တယ်" စာကြည့်တိုက်တာဝန်ခံရဲ့ စကားကို သင် မရေမရာ နားထောင်မိတယ်။ တစ်ချိန်က ဖတ်ပြီးနားမလည်ခဲ့တဲ့ စာအုပ်နဲ့ တူမှာပဲလို့ သင်တွေးလိုက်တယ်။

"ဒီစာအုပ်ကို မျက်မမြင်စာအုပ်လုပ်ဖို့ ဆရာမ သဘောတူမယ်လို့ မျှော် လင့်ပါတယ်"

တကယ်လို့ တာဝန်ခံက "သဘောတူ" ဆိုတဲ့ စကားလုံးကို မသုံးခဲ့ရင် ဒီတစ်ခေါက်လည်း မျက်မမြင်စာကြည့်တိုက်ကို သင်ရောက်သွားခဲ့မှာ မဟုတ်ဘူး။ တာဝန်ခံပြောတဲ့ "သဘောတူ" ဆိုတဲ့ စကားလုံးက သင့်ကို ကိုင်လှုပ်ခဲ့တယ်။

"မျက်စိမမြင်တဲ့လူတွေက ကျွန်မရဲ့ စာတွေကို ဖတ်ချင်တယ်။ သူတို့ ဖတ်လို့ရနိုင်တဲ့ စကားလုံးတွေနဲ့ စာအုပ်အဖြစ် လုပ်မယ်။ ဒီ့အတွက် ကျွန်မရဲ့ သဘောတူညီချက်ကို မျှော်လင့်တယ်" ဒီလိုတွေးမိတာနဲ့ သင် တမင်တကာတောင် ဟန်မဆောင်နိုင်ဘဲ ချက်ချင်းလက်ခံလိုက်တယ်။

"ကောင်းပြီလေ" သင် ပြန်ပြောလိုက်တယ်။

တာဝန်ခံက နိုဝင်ဘာလမှာ စာအုပ်ပြီးဆုံးမယ့်အကြောင်း စာအုပ်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

ဆုံးတဲ့နေ့မှာ သင်ကိုယ်တိုင် အရောက်လာပြီး စာအုပ်လှူဒါန်းပွဲ ကျင်းပပေးနိုင်ဖို့ မျှော်လင့်ကြောင်း ပြောတယ်။

ကြီးကျယ် ခမ်းနားလှချည်လားလို့ သင် တွေဝေမိပေမယ့် လက်ခံလိုက်ပါတယ်။ အခုမှ နွေဦးရာသီပဲ ရှိသေးတာမို့ နိုဝင်ဘာလရောက်ဖို့ လိုသေးတယ်လို့ သင် ထင်ထားခဲ့လို့ပါ။ ဒါပေမဲ့ အချိန်ကုန်တာ မြန်လွန်းလှတယ်။ နွေဦးနဲ့ နွေရာသီကို ဖြတ်ကျော်ခဲ့ပြီးပြီ။ ဆောင်းဦးရာသီ ရောက်လာပြန်ပြီ။ မျက်စိတစ်မှိတ်အတွင်းမှာ နိုဝင်ဘာလကို ရောက်လာခဲ့ပြန်ပြီ။ အဲဒီနေ့ ရောက်လာခဲ့ပါပြီ။

နက်နက်နဲနဲ တွေးတော ဆန်းစစ်ကြည့်ရင် လောကမှာရှိတဲ့ အရာတော်တော်များများကို ကြိုတင်မှန်းဆ သိမြင်နိုင်ပါတယ်။ တကယ်လို့ တည်တည်ကြည်ကြည်၊ လေးလေးနက်နက် တွေးတောကြည့်ရင် မတော်တဆလို့ ထင်ထားတဲ့ အရာကလည်း အကျိုးအကြောင်း ဆက်စပ်မှုရှိနေပါတယ်။ တွေးထင်မထားတဲ့ အရာတွေ အမြဲ ဖြစ်ပျက်နေတယ်ဆိုရင် သင်လေးလေးနက်နက် ကြိုတွေးမထားခဲ့မိဘူး ဆိုတာကို သက်သေပြနေပါတယ်။ တကယ်လို့ စာကြည့်တိုက်ကို သင် အာရုံပိုစိုက်ခဲ့ရင်၊ အချိန်ပေးပြီး ပိုစဉ်းစားခဲ့ရင် စာကြည့်တိုက်ကို သွားတဲ့ကိစ္စ၊ ပြီးတော့ အဲဒီမှာ ကြုံဆုံရမယ့် ကိစ္စတွေက သင့်ကို ကြိုတင် တွေးတော ခန့်မှန်းကြည့်ဖို့ ခက်ခဲစေမှာ မဟုတ်ပါဘူး။ နွေ၊ မိုး၊ ဆောင်း တစ်ခုလုံး မနားတမ်း သင် အလုပ်များနေခဲ့လို့ စာကြည့်တိုက်ကို အချိန်လုပြီးသွားတဲ့ နေ့မှာတောင် တခြားလူတွေနဲ့ တွေ့ဆုံဖို့ သင့်မှာ အချိန်မရှိခဲ့ဘူး။ မနက် (၁၀) နာရီ အရောက်မသွားနိုင်မှာကို တောင် စိုးရိမ်နေခဲ့သေးတယ်။

မနက် (၈) နာရီ ထွက်တဲ့လေယာဉ်ကို သင် မီလို့ တော်သေးတယ်။ ဖိုဟန်းမြို့ကို ရောက်တော့ အငှားကားတစ်စီးနဲ့ စာကြည့်တိုက်ကို သင် ရောက်သွားတယ်။ ဧည့်ခန်းဆောင်ထဲ သင် ဝင်သွားတယ်။ စေတနာ့ဝန်ထမ်း အကူနဲ့ စာကြည့်တိုက်မှူး သင့်အနား ရောက်လာတယ်။

"ကြိုဆိုပါတယ် ဆရာမ"

လက်ကို တလေးတစားကမ်းရင်း သူ နှုတ်ဆက်တယ်။ စိတ်လှုပ်ရှားမှုကို သင် ကြိုးစားဖုံးကွယ်ရင်း စာကြည့်တိုက်မှူးရဲ့ လက်ကိုဆွဲဆုပ်ပြီး ဝမ်းသာအားရ ပြန်နှုတ်ဆက်တယ်။ သူ့လက်က နူးညံ့လို့ နေတယ်။ အခမ်းအနား မစခင်မှာ စာကြည့်တိုက်မှူးက သင် ရေးထားတဲ့ စာအုပ်အကြောင်း ပြောတယ်။ သူက မျက်မမြင်တစ်ဦး ဆိုပေမဲ့ သင့်စာကို သူ ဖတ်တယ်။ သင့်အပြုံးကို သူ မမြင်

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ပေမယ့်၊ သင် ခေါင်းညိတ်တာကို သူ မမြင်နိုင်ပေမဲ့ အပြုံးကိုဆင်မြန်းပြီး သင် ခေါင်းတဆတ်ဆတ် ညိတ်တယ်။ အဲဒီနေ့က မျက်မမြင်စာ ထွင်ခဲ့သူရဲ့ မွေးနေ့ အထိမ်းအမှတ်ဖြစ်တယ်။ မျက်မမြင်သူတွေရဲ့ နေ့ရက်ဖြစ်တယ်။

ဟောပြောခန်းမထဲ သင် ဝင်သွားတယ်။ ခန်းမထဲမှာ လူလေးငါးရာလောက် ထိုင်နေတယ်။ စေတနာ့ဝန်ထမ်းရဲ့အကူနဲ့ ခန်းမထဲ ဖြည်းဖြည်းချင်း ဝင်လာသူတွေ လည်း ရှိနေသေးတယ်။ ကလေးငယ်တွေကလွဲလို့ ယောကျ်ား၊ မိန်းမ၊ ပျိုပျို အိုအို အားလုံးရှိတယ်။ အခမ်းအနား စတာနဲ့ အလှည့်ကျ ဟောပြောတဲ့သူတွေ ရှိတယ်။ ပြီးတော့ ကျေးဇူးတင်သင့်သူတွေကို ကျေးဇူးတင်စကား ပြောတယ်။ သင့်မျက်မမြင် စာအုပ်အကြောင်း သူတို့ပြောတော့ သင် ရှေ့ထွက်ပြီး စာအုပ်ကို လက်ခံတယ်။ စာကြည့်တိုက်မှူးက မျက်မမြင်စာအုပ်ကို သင့်လက်ထဲ အပ်လိုက်တယ်။ စာအုပ်က နဂိုစာအုပ်ထက် နှစ်ဆကြီးတယ် ဆိုပေမယ့် ပိုပေါ့တယ်။

အခမ်းအနား ဆက်လက် ကျင်းပနေပါတယ်။ ဆုရစာရင်းတွေကို သူတို့ ကြေညာနေတုန်းမှာ မျက်မမြင်စာအုပ်ကို သင်ဖွင့်ကြည့်လိုက်တယ်။ ချက်ချင်းပဲ သင် ငေးကြောင်သွားတယ်။ စာရွက်ဖြူဖြူပေါ်မှာ မရေမတွက်နိုင်တဲ့ အစက်လေးတွေ ပုံနှိပ်ထားတယ်။ တွင်းနက်ထဲ သင် ပြုတ်ကျသွားသလိုပါပဲ။ ကိုယ်နဲ့ အကျွမ်းဝင် တယ်လို့ ထင်ခဲ့တဲ့ လှေကားထစ်ကို သင် ကြည့်တောင် မကြည့်ဘဲ၊ တွေးတောင် မတွေးဘဲ နင်းချလိုက်တယ်။ လေထုကိုပဲ သင် နင်းမိပြီး ပြုတ်ကျသွားတယ်။ အဲဒီ လို ခံစားချက်မျိုးကို အခု သင် ခံစားလိုက်ရတယ်။ အပ်ပေါက်ရာလောက်ပဲရှိတဲ့ စာစက်လေးတွေက စာရွက်ဖြူပေါ်မှာ လှုပ်ရှား ကခုန်နေတယ်။ ဘာစာကိုမှ သင် မမြင်ဘူး။ ပထမတစ်ရွက်ကို သင် လှန်လိုက်တယ်၊ ဒုတိယတစ်ရွက် လှန်တယ်၊ တတိယတစ်ရွက် လှန်ပြီး စာအုပ်ကို သင် ပိတ်လိုက်တယ်လို့ မေမေ့ကို သင် ပြောပြတယ်။

မေမေက သင်ပြောတာတွေကို အာရုံတစိုက် သေသေချာချာ နားထောင် နေလို့ သင် ဆက်ပြောတယ်။ အခမ်းအနား နောက်ဆုံးမှာ သူတို့ရှေ့မှာ သင်ရပ်ပြီး သင့်စာအုပ်အကြောင်းကို သင် ပြောတယ်။ စစချင်းမှာတော့ သင်ထိုင်နေတယ်။ မျက်မမြင်စာအုပ်ကို သင့်ဒူးပေါ် တင်ထားတယ်။ အစီအစဉ် တင်ဆက်သူဆီကနေ သင့်နာမည် ခေါ်သံကို ကြားတော့ စာအုပ်ကိုယူပြီး သင် ရှေ့ထွက်လိုက်တယ်။ စာအုပ်ကို စကားပြော စင်ပေါ် သင် တင်လိုက်တယ်။ ပြီးတော့ အောက်က မျက် မမြင်တွေကို သင် ကြည့်လိုက်တယ်။ အဲဒီတခဏ ကြက်သီးဖြန်းဖြန်း ထသွားတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ခံစားမှုမျိုး သင် ခံစားမိလိုက်တယ်။ မျက်မမြင်အယောက် လေးရာကျော် ရှေ့မှာ ရပ်နေတဲ့ သင်ဟာ သင့်အကြည့်ကို ဘယ်နားလွှဲထားရမှန်း မသိဘူး။

"နောက်တော့ ဘာဖြစ်သွားလဲ" မေမေက မေးတယ်။

သင့်ကို မိနစ် (၅၀) စာ ဟောပြောဖို့ သူတို့ စီစဉ်ထားတယ်။ အချိန်များတယ်လို့ သင်ထင်တယ်။ စကားပြောတဲ့အချိန်မှာ တစ်ယောက်ယောက်ကို ကြည့်ပြီး သင်ပြောတယ်။ တစ်ဖက်သားရဲ့ မျက်ရိပ်မျက်ခြည်ကို ကြည့်ပြီး ကိုယ်ပြောချင်တဲ့ စကားကို ဆုံးအောင် သင် ပြောတယ်။ ဒါမှမဟုတ် အကုန်မပြောဘူး။ တချို့ အကြည့်ကြောင့် တစ်ခါမှ မပြောဖူးတဲ့ စကားကိုလည်း သင် ပြောတတ်တယ်။ သင့်ရဲ့ ဒီလို အကျင့်စရိုက်ကို မေမေ သိသလား။ မျက်မမြင်အယောက် လေးရာရှေ့ ရပ်ပြီး ဘယ်မျက်လုံးကို ကြည့်ရမှန်း သင် မသိဘူး။ ဘယ်က ဘာစပြောရမှန်းလည်း မသိဘူး။ တချို့မျက်လုံးက အပြည့်ပိတ်နေတယ်။ တချို့မျက်လုံးက မပွင့်တပွင့်၊ တချို့က အရောင်ပါတဲ့ မျက်မှန်ကို တပ်ထားသေးတယ်။ တချို့ မျက်လုံးက မျက်ဝန်းတစ်ဝိုက် အရစ်ကြောင်းတွေပြည့်လို့၊ ဒီမျက်လုံးတွေက စိတ်လှုပ်ရှားနေတဲ့ သင့်ကို ကြည့်နေသလို ဆိုပေမယ့် ဘာမှ မမြင်ကြဘူး။ ဒီမျက်ဝန်းတွေရဲ့ရှေ့မှာ သင်ဟာ အထီးကျန်သူပါ။ ဒီလို မျက်ဝန်းတွေရှေ့မှာ ကိုယ့်စာအုပ်အကြောင်း ရှင်းလင်းပြရတာ ဘာအဓိပ္ပာယ်ရှိမလဲလို့ သင် သံသယ ဖြစ်မိသေးတယ်။ တကယ်လို့ တခြားအကြောင်းအရာဖြစ်တဲ့ ဥပမာ-လူ့ဘဝအကြောင်းအရာတွေဆိုလည်း မအပ်စပ်ပြန်ဘူး။ လူ့ဘဝအကြောင်းသာ ပြောရရင် သူတို့က သင့်ထက်တောင် ပို သိနားလည်ဦးမယ်။ သင် စကားစ ပျောက်နေတယ်။ မိုက်ခရိုဖုန်းထဲကနေ ပထမဆုံး ထွက်လာတဲ့ သင့်စကားတစ်ခွန်းက "ကျွန်မ ဘာပြောရင် ကောင်းမလဲ" ဆိုတာ ဖြစ်တယ်။ သူတို့ရယ်ကြတယ်။ ဘာပြောပြော ကောင်းတယ်။ ဒါဟာ ပွင့်လင်းလာတဲ့ ရယ်သံရဲ့ အဓိပ္ပာယ်ဖြစ်တယ်။ ဒါမှမဟုတ် သင့်ရဲ့ စိတ်လှုပ်ရှားမှုကို ပြေလျော့စေချင်တာလည်း ဖြစ်မယ်။

အသက် ၄၅၊ ၄၆ နှစ်လောက်ရှိမယ့် အမျိုးသားတစ်ဦးက "ဆရာမက ဆရာမရဲ့ စာအုပ်အကြောင်း လာဟောပြောတာ မဟုတ်လား" လို့ မေးတယ်။ အဲဒီ အမျိုးသားရဲ့မျက်လုံးက စင်ပေါ်က သင့်ကို စိုက်ကြည့်နေတယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေက တင်းတင်းမှိတ်ထားတယ်။ တင်းတင်းပိတ်ထားတဲ့ သူ့မျက်လုံးအစုံကို သင်ကြည့်ရင်း မျက်မမြင်စာအုပ်ထဲ စုဆောင်းထားတဲ့ စာအကြောင်း သင် စပြောတယ်။ စာရေးတဲ့ အခြေခံအကြောင်းရင်းနဲ့ စာရေးနေချိန် ရင်ထဲက

mgyoe.com

mgyoe.com SAMPLE BOOK

ပြောင်းလဲ ခံစားချက်တွေကိုပါ သင် ပြောတယ်။ စာတစ်အုပ် ရေးပြီးတိုင်း စာအုပ် အပေါ် ထားတဲ့ သင့် မျှော်လင့်ချက်ကိုလည်း ပြောတယ်။ သူတို့ဟာ သင် တွေ့ကြုံခဲ့ဖူးသူတွေထက် သင့်စကားကို ပိုအာရုံစူးစိုက်ပြီး နားထောင်နေတာကို သင် တအံ့တသြ တွေ့လိုက်တယ်။ သူတို့ဟာ အာရုံစိုက်ပြီး ခေါင်းကို စောင်းငဲ့ နားထောင်တယ်။ သူတို့ရဲ့ အမူအရာထဲကနေ သူတို့ရဲ့ စူးစိုက်မှုကို သိနိုင်ပါတယ်။ တချို့က ခေါင်းညိတ်တယ်။ တချို့က ခြေထောက်ကို ရှေ့ဆန့်ထုတ်တယ်။ တချို့က ကိုယ်ကို ရှေ့ကိုင်းတယ်။ သူတို့ရဲ့ စာလုံးတွေကို သင် တစ်လုံးမှ နားမလည်ဘူး။ သူတို့က သင့်စာအုပ်တွေ ဖတ်ပြီး သင့်ကို မေးခွန်းတွေ ထုတ်တယ်။ စာအုပ်ဖတ်ပြီး စာအုပ်က ရတဲ့ ကိုယ့်ခံစားချက်ကို ထုတ်ဖော်ပြောတယ်။ သင့်စာအုပ်တွေကို သူတို့လို ဂရုတစိုက်ရှိတဲ့လူ သင် တစ်ခါမှ မတွေ့ခဲ့ဖူးဘူးလို့ မေမေ့ကို သင် ပြောပြတယ်။

သင် ပြောသမျှ အစမှအဆုံး ငြိမ်ငြိမ်သက်သက် နားထောင်နေတဲ့ မေမေက စကားစပြောတယ်။

"လူတချို့က မျက်စိမမြင်ရလည်း သမီးရဲ့စာတွေကို ဖတ်တယ်"

သင်နဲ့ မေမေ့ကြားမှာ တိတ်ဆိတ်သွားပြန်တယ်။ အဲဒီ တိတ်ဆိတ်ခြင်းက တစ်ခဏအတွင်းမှာ ပျောက်သွားပြန်တယ်။ သင့်ကို ဆက်ပြောပါလို့ မေမေက တောင်းဆိုတယ်။

ဟောပြောပွဲ အခမ်းအနားပြီးတော့ လူတစ်ယောက်က လက်မြှောက်ပြီး မေးခွန်း မေးလို့ရမလားလို့ မေးတယ်။ သင်က ရတယ်လို့ ဖြေတယ်။

"မေမေ သူက ပြောတယ်။ သူ မျက်စိမမြင်ရပေမယ့် ခရီးထွက်ရတာကို နှစ်သက်တယ်တဲ့"

သင် ပြောတဲ့စကားကို မေမေ ဂရုတစိုက် နားထောင်နေတယ်။

ဘာမှလဲ မမြင်ရဘဲ သူ ဘယ်ကိုများ ခရီးထွက်ချင်တာပါလိမ့်။ ရုတ်တရက် သင် တွေဝေသွားပြန်တယ်။ အဲဒီလူက ပြောတယ် သင့်မှာ ပီရူးနိုင်ငံကို နောက်ကြောင်းခံပြီး ရေးထားတဲ့ စာအုပ်တစ်အုပ်ရှိတယ်။ စာအုပ်ပါ အကြောင်းအရာက လူတစ်ယောက်ဟာ မာချူးပီချူတောင်ဆီ တစ်ယောက်တည်း ခရီးထွက်တဲ့အကြောင်း ဖြစ်တယ်။ စာအုပ်ထဲမှာ ရထားနောက်ပြန်မောင်းတဲ့ ဇာတ်ကွက်ပါတယ်။ အဲဒီ စာအုပ်ကို သူ ဖတ်ပြီး ပီရူးသွားပြီး အဲဒီလို ရထားမျိုး စီးချင်တဲ့ဆန္ဒ ရင်မှာ ကိန်းအောင်းခဲ့တယ်လို့ ဆိုတယ်။ အဲဒီရထားကို သင် တကယ်စီးခဲ့သလားလို့ သင့်ကို သူ မေးသေးတယ်။ အဲဒီစာအုပ်က လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က သင်ရေးခဲ့တဲ့

mgyoe.com

mgyee.com SAMPLE BOOK

စာအုပ်ပါ။ တစ်ခါတလေမှာ ရေခဲသေတ္တာဖွင့်ပြီး ဘာပစ္စည်းယူရမှန်း ရုတ်တရက် သတိမရ ဖြစ်တတ်တယ်။ ဒီလိုအချိန်မျိုးမှာ ခေါင်းကို ရေခဲသေတ္တာထဲ ထိုးထည့်ပြီး ပြန့်ထွက်လာတဲ့ အအေးလှိုင်းကြား သင် ခဏ ရပ်တန့်နေလိုက်တတ်တယ်။ ပြီးမှ ရေခဲသေတ္တာကို ပြန်ပိတ်တယ်။ အခုတော့ လွန်ခဲ့တဲ့ ၁၀ နှစ်က အဲဒီစာအုပ်ကို မရေးခင် ပီရူးသွားခဲ့တဲ့ ခရီးစဉ်အကြောင်းကို သင် မရပ်မနား အားရပါးရ ပြော နေခဲ့ပါတယ်။

ပီရူးနိုင်ငံရဲ့မြို့တော် လီမာ (Lima) အကြောင်း၊ စကြဝဠာရဲ့ အလယ်ဗဟို ချက်လို့ တင်စားခံထားရတဲ့ ကူစကို (Cusco)အကြောင်း၊ မနက်ခင်းပိုင်းရဲ့ ဆန်ပက်ဒရို (San Pedro) ရထားဘူတာအကြောင်း၊ ပြီးတော့ ရှေ့တိုးလိုက် နောက်ဆုတ်လိုက်နဲ့ ၁၀ ကြိမ်မက ထပ်တလဲလဲလုပ်ပြီးမှ မာချူပီချူဘက် ဦးတည်မောင်းတဲ့ ရထား အကြောင်းတွေဖြစ်တယ်။

သင် မေ့နေတဲ့ နေရာဒေသ နာမည်၊ နိုင်ငံနာမည်နဲ့ တောင်တန်း နာမည် တွေကို အဲဒီလူ ရှင်းရှင်းလင်းလင်း မှတ်မိနေသေးကြောင်း မေမေ့ကို သင် ပြောပြ တယ်။ သင့် ချို့ယွင်းချက်ကို နားလည်ခွင့်လွှတ်ပေးနိုင်တဲ့ အဲဒီလို မျက်လုံးမျိုးကို သင် တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ သူတို့ရဲ့ စိတ်ကောင်းစေတနာကို သင် ခံစားမိတယ်။ ဒါကြောင့် တစ်ခါမှ သင် မပြောခဲ့ဖူးတဲ့ အဲဒီစာအုပ်ရဲ့ လျှို့ဝှက်ချက်ကို သင် ထုတ် ဖော် ပြောလိုက်မိတယ်။

"ဘာအဓိပ္ပာယ်လဲ" မေမေ မေးတယ်။

"တကယ်လို့ အခုချိန်မှာ အဲဒီစာအုပ်ကို ပြန်ရေးရမယ်ဆိုရင် အဲဒီလို ရေးဖြစ်တော့မှာ မဟုတ်ဘူးလို့ သူတို့ကို ကျွန်မ ပြောတာပါ" သင် ဖြေတယ်။

"အဲဒီလောက် အရေးပါလို့လား" မေမေ ထပ်မေးတယ်။

"ဒါဟာ အရင်က ကျွန်မ ပိုင်ဆိုင်ခဲ့ဖူးတဲ့ အရာအားလုံးကို ကျွန်မ ငြင်း ဆန်လိုက်တဲ့သဘောပါ မေမေ" အထီးကျန်ဆန်တယ်လို့ သင် ခံစားမိလို့ မေမေ့ လက်ကို စမ်းပြီး တင်းတင်းလေး ဆုပ်ထားလိုက်မိတယ်။

"ဒီလိုစကားမျိုးက ဘာဖြစ်လို့ ပြောလို့ မရတာလဲ... ပြောချင်တာကို ထုတ်ပြောလိုက်ပေါ့" မေမေဟာ နားမလည်သလိုနဲ့ အမှောင်ထဲကနေ သင့်ကို ကြည့်ပြီး ပြောလိုက်တယ်။ မေမေဟာ လက်ကိုဆန့်ထုတ်ပြီး သင့်နောက်ကျောကို ပွတ်သပ်ပေးတယ်။ ငယ်ငယ်တုန်းက သူ့လက်ကြီးနဲ့ သင့်ကို မျက်နှာသစ်ပေး သလိုမျိုးပေါ့။ မေမေက သင် ပြောတာ ကောင်းကြောင်း ချီးကျူးတယ်။

mgyee.com

"ကျွန်မလား"

မေမေ ခေါင်းညိတ်ပြတယ်။

"သမီးပြောတာ သိပ်စိတ်ဝင်စားဖို့ကောင်းတယ်" မေမေပြောပြန်တယ်။

"ကျွန်မပြောတာ စိတ်ဝင်စားဖို့ကောင်းတယ်"

"ဟုတ်တယ်... အရမ်း စိတ်ဝင်စားဖို့ကောင်းတယ်"

ကျွန်မ ပြောတာ စိတ်ဝင်စားဖို့ ကောင်းတယ်တဲ့။ သင့်ရင် မသိမသာ ခုန်သွားတယ်။ သင်ပြောတာ စိတ်ဝင်စားဖို့ ကောင်းလို့မဟုတ်ဘဲ စာကြည့်တိုက်မသွားခင်နဲ့ သွားပြီးတဲ့နောက် မေမေနဲ့ သင်ပြောဆိုပုံတွေ ပြောင်းလဲသွားလို့ဆိုတာကို သင် ကိုယ်တိုင် သတိထားမိလိုက်တယ်။ မြို့ကို ပြောင်းသွားပြီးတဲ့နောက် သင်တော်တော် ပြောင်းလဲသွားတယ်။ မေမေနဲ့ စကားပြောတဲ့အခါတိုင်း သင် အမြဲတမ်းအော်ကြီးဟစ်ကျယ်နဲ့ ကြည့်ရတာ မေမေ ဘာမှ နားမလည်ဘူးလို့ ထင်ခဲ့တယ်။ သူ့အပေါ် ဘာဖြစ်လို့ ဒီလို ဆက်ဆံရသလဲလို့ မေမေ ဘယ်သောအခါမှ သင့်ကို အပြစ်မဆိုခဲ့ဘူး။ "မေမေ ဘာနားလည်လို့လဲ" လို့ သာမန်ကာလျှံကာ သင်ပြန်ပြောခဲ့တယ်။

သင့်ကို မေမေ ဆိုဆုံးမနိုင်အား မရှိတော့ဘူးလို့ သင်သိပြီးတဲ့နောက်ပိုင်း မေမေမေးတဲ့ "အဲဒီနေရာကို ဘာသွားလုပ်မှာလဲ"ဆိုတဲ့ မေးခွန်းတွေကို "ကိစ္စရှိလို့" ဆိုတဲ့ တိုတိုတုတ်တုတ် အဖြေနဲ့ပဲ သင် ပြန်ဖြေခဲ့တယ်။

တခြားနိုင်ငံက သင့်စာအုပ်ကို ဘာသာပြန်တယ်။ ဒါမှမဟုတ် အခြားတစ်နိုင်ငံမှာ နှီးနှောဖလှယ်ပွဲတွေ ကျင်းပလို့ သင် လေယာဉ်စီးပြီး သွားတဲ့အခါ မေမေက "အဲဒီနေရာသွားပြီး ဘာသွားလုပ်မှာလဲ" လို့ သင့်ကို မေးတတ်တယ်။ အဲဒီအခါ သင်က "ကိစ္စရှိလို့" လို့ ခပ်ပေါ့ပေါ့ ပြန်ဖြေတယ်။ မေမေက သင့်ကို လေယာဉ် မစီးစေချင်ဘူး။ "မတော် လေယာဉ်ပျက်ကျရင် လူနှစ်ရာကျော်တောင် သေမှာ... ဘာဖြစ်လို့ လေယာဉ်စီးမှာလဲ"

"ကိစ္စရှိရင် စီးကိုစီးရမှာလေ" သင် ဖြေတယ်။

"သမီးမှာ ဘာဖြစ်လို့ ကိစ္စတွေ ဒီလောက်များရသလဲ" မေမေ မေးပြန်တယ်။

"ဟုတ်တယ်... မေမေရဲ့" သင်ဖြေချင်သလို မဖြေချင်သလို ဖြေတယ်။ သင့်ကိစ္စတွေ မေမေကိုပြောပြရတာ သိပ်စိတ်ရှုပ်ဖို့ကောင်းတယ်လို့ သင် ထင်တယ်။ သင် လုပ်သမျှအရာတွေက မေမေ့ဘဝနဲ့ ဘာမှ မဆိုင်ဘူးလို့ သင် ထင်ခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ မျက်မမြင် စာအုပ်နဲ့ ပတ်သက်ပြီး သင် တွေဝေခဲ့ပုံတွေ၊ မျက်မမြင်အယောက် လေးရာကျော်ရှေ့ ရပ်ခဲ့တဲ့ တုန်လှုပ်ချောက်ချားမှုတွေ ပြောပြတဲ့အခါ မေမေဟာ ခေါင်းကိုက်တာကိုတောင် မေ့သွားသယောင် သင်ပြောသမျှကို စိတ်ရှည်လက်ရှည် နားထောင်ပေးနေခဲ့တယ်။

အရင်တစ်ခါက မေမေ့ကို ဒီလိုစိတ်ရှည်လက်ရှည်နဲ့ ကိုယ့်အကြောင်းတွေ ပြောပြခဲ့ဖူးတာ ဘယ်တုန်းကပါလိမ့်။

မသိမသာနဲ့ သင်နဲ့ မေမေ့ကြားက စကားတွေဟာ လိုရင်းတိုရှင်းဖြစ်သွား ခဲ့တဲ့အပြင် တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ပြောတဲ့ စကားတွေလည်း မဟုတ်ခဲ့ဘူး။ များသောအားဖြင့် ဖုန်းထဲကနေ ပြောတဲ့ စကားတွေဖြစ်ခဲ့တယ်။ ပြောဖြစ်တဲ့ အခိက စကားတွေကလည်း "ထမင်းစားပြီးပြီလား... ဖေဖေရော နေကောင်းလား... ကျန်းမာရေး ဂရုစိုက်နော်။ မေမေတို့အတွက် ပိုက်ဆံပို့ပေး လိုက်တယ်" ဆိုတာတွေပဲ ဖြစ်တယ်။ မေမေပြောတဲ့ စကားတွေကလည်း "သမီး အတွက် မေမေ ကင်ချီလုပ်ပြီး ပို့လိုက်တယ်။ မေမေ အိပ်မက်ဆိုးတွေမက်တယ်။ သမီးအတွက် ဆန်ပို့လိုက်တယ်။ သမီးအတွက် မေမေ ငံပြာရည် ပို့လိုက်တယ်။ သမီးအတွက် ဆေးကျိုပြီး ထည့်ပေးလိုက်တယ်။ အမြန်ချောပို့သမား ဖုန်းဆက် လာတယ်။ သမီး ဖုန်းကို ပိတ်မထားနဲ့" စတာတွေဖြစ်တယ်။

သင့်စာအုပ်တစ်အုပ်ကို မျက်မမြင်စာအုပ် လေးအုပ် လုပ်လိုက်တယ်။ စာအုပ်လေးအုပ်ထည့်ထားတဲ့ စက္ကူအိတ်ကို လက်မှာဆွဲပြီး သူတို့ကို သင် နှုတ် ဆက်တယ်။ လေယာဉ်ထွက်ဖို့ အချိန် ၂ နာရီ လိုပါသေးတယ်။ စင်ပေါ်မှာ ဟောပြောတုန်းက သူတို့ရဲ့မျက်ဝန်းအကြည့်ကို သင်လွှဲရှောင်ချင်လို့ သင့်အကြည့် ကို ပြတင်းပေါက်ဘက် မျက်နှာမူခဲ့တယ်။ အဲဒီမှာ ပြတင်းပေါက်အပြင်ဘက်မှာ လှေကြီးလှေငယ်တွေ ရပ်ထားတဲ့ဆိပ်ကမ်းတစ်ခုကို သင် မတော်တဆ လှမ်းတွေ့ လိုက်တာကို သင် သတိရလာမိတယ်။ အနီးအနားမှာ ဆိပ်ကမ်းရှိရင် ငါးဈေးလည်း ရှိနိုင်မယ်ဆိုပြီး အငှားကားပေါ် သင် တက်လိုက်တာနဲ့ ကားဆရာကို ငါးဈေး သွားမယ်လို့ သင် ပြောလိုက်တယ်။ အခြားနေရာတစ်ခု ရောက်တိုင်း အချိန်အားတာနဲ့ မြို့ထဲကို လျှောက်ပတ်ရတာ သင် နှစ်သက်တယ်။

ရုံးပိတ်ရက် မဟုတ်ပေမယ့် ငါးဈေးထဲမှာ လူတွေ စည်ကားနေတယ်။ ငါးဈေးထဲ သင် ဝင်လိုက်တယ်။ ဝင်လိုက်တာနဲ့ ကားငယ်လောက်ရှိတဲ့ Sunfish ငါးတစ်ယောက်ကို လူနှစ်ယောက်ဖြတ်နေတာ တွေ့လိုက်တယ်။ ငါးက သိပ်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK

လွန်းတယ်။ သူတို့ကို ဒါ တူနာငါးလားလို့ သင်မေးတော့ ငါးရောင်းသူက Sunfish လို့ ပြောတယ်။ မေ့လျော့နေတဲ့ စာပေနာမည်တချို့ကို သင် သတိရလာမိတယ်။ ပင်လယ်ဘေးမှာ ကြီးပြင်းခဲ့တဲ့ ဇာတ်ကောင်မိန်းကလေးဟာ နာကျင်ကြေကွဲတာကို ခံစားရတိုင်း မြို့က ငါးပြတိုက်ကြီးဆီသွားပြီး ရေထဲက Sunfish နဲ့ စကားပြောတယ်။ ဇာတ်ကောင်မိန်းကလေးရဲ့ မေမေက သမီးဖြစ်သူ စုဆောင်းထားသမျှကို ယူပြီး ကိုယ့်ထက် အသက်ငယ်တဲ့ ကောင်လေးတစ်ယောက်နဲ့ အခြားမြို့ကို ထွက်သွားတယ်။ သမီးဖြစ်သူ ဇာတ်ကောင်မိန်းကလေးက မေမေကို အပြစ်တင်တယ်၊ မေမေ့ကို ကျိန်ဆိုတယ်။ ပြီးတော့ Sunfish ကို "မေမေ့ကို ငါ လွမ်းလိုက်တာ... ဒါပေမဲ့ ဒီစကားတွေ နင့်ကိုပဲ ငါပြောခွင့်ရတယ်"လို့ ပြောတယ်။

ဒီငါးက Sunfish တဲ့လား...နာမည်ကလည်း ထူးဆန်းတယ်။ နာမည် အတိအကျ သင် သိချင်တယ်။ ငါးရောင်းသူက ဒီငါးကို Mambo ငါးလို့လည်း ခေါ်တယ်လို့ ဆိုတယ်။ Mambo.."Mambo"ဆိုတဲ့ နာမည်ကို ကြားလိုက်တဲ့ တစ်ခဏ ချောက်ချားနေတဲ့စိတ်တွေ သက်သာရာရသွားတယ်လို့ သင် ခံစားမိတယ်။ စာကြည့်တိုက်ထဲ သင် ဝင်လိုက်တဲ့ အချိန်ကစ ချောက်ချားမှုတွေ သင့်ကို ဖိစီးထားခဲ့တာ သူတို့ကို သင် နှုတ်ဆက်တဲ့ အချိန်အထိပါပဲ။ လူမျက်နှာထက်ကြီးတဲ့ ခေါင်းနဲ့ အရှင်လတ်လတ် ရေဘဝဲရှေ့၊ ဖျတ်လတ်တက်ကြွနေတဲ့ ပင်လယ်ခရုရှေ့ကို သင် ဖြတ်တယ်။ ဆိုးလ်မြို့ထက် သုံးဆလောက် ပိုဈေးပေါတဲ့ Coiliaspp ငါး၊ ငါးကွမ်းရှပ်ငါး၊ ဂဏန်းတွေရှေ့ သင် ဖြတ်တယ်။

မေမေ့ကို ဘာလို့ သင်သတိရမိပါလိမ့်။ Sunfishကြောင့်လား။ ဒါဟာ ပထမဆုံးအကြိမ် ဈေးထဲမှာနေပြီး မေမေ့ကို သင် သတိရမိတာပဲ။ ပြီးတော့ နှစ်သစ်မတိုင်ခင် (lunar month) မှာ လုပ်တဲ့ ကန်တော့ပွဲအတွက် ရေတွင်းဘေးမှာ မေမေနဲ့အတူ ငါးလိပ်ကျောက်ကို အခွံခွာခဲ့တာတွေ သင် သတိရလာမိတယ်။ ငါးလိပ်ကျောက်ကိုယ်ပေါ်က အခွံကြေမ်းတွေကို သင်တို့ ခွာခဲ့ကြတယ်။ မေမေ့ လက်တွေ အေးခဲခဲ့တယ်။

ကလေးငယ် အရပ်လောက်ရှိတဲ့ ပြုတ်ပြီးသားရေဘဝဲ ချိတ်ဆွဲရောင်းတဲ့ ဆိုင်ကို သင် ဖြတ်ကျော်လာခဲ့တယ်။ ဝမ် တစ်သောင်းခွဲနဲ့ ရေဘဝဲအရှင်တစ်ကောင် ကို သင် ဝယ်လိုက်တယ်။ ပင်လယ်ခရုကိုလည်း သင် ဝယ်တယ်။ ပင်လယ်ခရုက မွေးမြူရေးခရုတွေ ဆိုင်ပမယ့် ပင်လယ်ရေညှိ ကျွေးတယ်လို့ ဆိုတယ်။ ဒါတွေကို ဆိုးလ် ယူပြန်မယ်လို့ သင်ပြောတော့ ငါးရောင်းသူက ဝမ်နှစ်ထောင်ထပ်ပေးရင်

mgyoe.com

mgyoe.com SAMPLE BOOK

ငါးတွေကို ရေခဲဖာထဲ ထည့်ပေးနိုင်တယ်လို့ ဆိုတယ်။ ရေဘဝဲ၊ ပင်လယ်ခရုအရှင် ထည့်ထားတဲ့ ရေခဲဖာကို ဆွဲပြီး ငါးဈေးထဲကနေ သင်ထွက်လာခဲ့တယ်။ လေယာဉ် ထွက်ဖို့ အချိန် လိုပါသေးတယ်။ လက်တစ်ဘက်မှာ မျက်မမြင်စာအုပ်ထည့်ထားတဲ့ အိတ်ကိုဆွဲ ကျန်လက်တစ်ဘက်မှာ ရေခဲဖာကို ဆွဲပြီး အငှားကားတစ်စီးပေါ် သင် တက်ပြန်တယ်။ ဒီတစ်ခေါက်တော့ ပင်လယ်ကမ်းစပ်ဘက် သင် ရောက်သွားတယ်။ ငါးဈေးကနေ ပင်လယ်ကမ်းစပ်ကို သုံးမိနစ်ပဲ ကားစီးရတယ်။

နိုဝင်ဘာရဲ့ ပင်လယ်ကမ်းခြေက လူခြေ တိတ်ဆိတ်နေပါတယ်။ ချစ်သူ ရည်းစား အတွဲလေးနှစ်တွဲပဲ ချိန်းတွေ့နေကြတယ်။ ကမ်းခြေက ရှည်လျားလွန်းတယ်။ သဲသောင်နဲ့ ပင်လယ်ရေထိတဲ့နေရာအထိ သင် လျှောက်သွားတယ်။ အကြိမ်ကြိမ် လဲကျလုလု သင် ယိုင်ထိုးသွားတယ်။ သဲပြင်နုနုလေးပေါ် သင် ထိုင်ချလိုက်တယ်။ ပင်လယ်ရေက သင့်မျက်စိ ရှေ့မှာပဲ။ ပင်လယ်ပြင်ကို မျက်စိတစ်ဆုံး သင် ငေး ကြည့်နေတယ်။ အမှတ်တမဲ့ နောက်ပြန်လှည့်ကြည့်တော့ ပင်လယ်ဘက်ဆီ ဦးတည် ထားကြတဲ့ ဆိုင်ခန်း၊ နေအိမ်တွေကို နေရာအနှံ့ သင် တွေ့လိုက်တယ်။ ပူပြင်းတဲ့ နွေညတွေမှာ ပင်လယ်ထဲ သူတို့ ခုန်ဆင်းနိုင်တယ်၊ ပြီးတော့ ပင်လယ်ရေ ချိုးပြီး အိမ်ပြန်နိုင်တယ်လို့ သင် တွေးတယ်။ ပင်လယ်ပြင်ကို ခဏလောက် ငေးမောပြီး စက္ကူအိတ်ထဲကနေ မျက်မမြင် စာအုပ်တစ်အုပ်ကို မရည်ရွယ်ဘဲ သင် ဆွဲထုတ် လိုက်တယ်။ စာအုပ်ကို သင် ဖွင့်လိုက်တယ်။ စာအုပ်ထဲက အစက်အပြောက်လေး တွေက နိုဝင်ဘာရဲ့ နေရောင်အောက်မှာ လက်လက်ထနေခဲ့တယ်။

ပင်လယ်ကမ်းခြေက နေရောင်အောက်မှာ မဖတ်တတ်တဲ့ မျက်မမြင် စာအုပ်ကို လက်နဲ့ သင် စမ်းသပ်နေမိတယ်။ သင့်ကို စာစသင်ပေးခဲ့သူကို သင် သတိရလိုက်မိတယ်။ အစ်ကိုလတ်က သင့်ကို စာစသင်ပေးခဲ့တယ်။ သင်နဲ့ အစ်ကို လတ်က အိမ်ဟောင်းက ဝရန်တာမှာ ဝမ်းလျားမှောက်နေတယ်။ မေမေက ဘေးမှာ ရပ်နေတယ်။ အစ်ကိုလတ်က နူးညံ့ကြင်နာပြီး မေမေ့စကားကို နားအထောင်ဆုံး သူပါ။ သင့်ကို စာသင်ပေးဖို့ မေမေပြောတော့ အစ်ကိုလတ် မငြင်းရဲခဲ့ဘူး။ ဒါပေမဲ့ အာရဗီဂဏန်းနဲ့ ဗျည်းအက္ခရာတွေကို တစ်ကျော့ပြီး တစ်ကျော့ သင့်ကို သင်ပေး နေရလို့ ပျင်းဖို့ကောင်းတယ်လို့ သူ ထင်တယ်။ သင်က ဘယ်သန်မို့ ဘယ်ဘက်နဲ့ပဲ စာရေးချင်တယ်။ ဒီလိုအချိန်မျိုးမှာ အစ်ကိုလတ်က သင့် ဘယ်လက်ခုံးကို ပေတံနဲ့ ခေါက်တတ်တယ်။ ဒါကလည်း မေမေ့အမိန့်ကြောင့်ဖြစ်တယ်။ သင်က ဘယ်လက်နဲ့ ဘယ်ခြေသုံးရတာကို ကျင့်သားပါနေခဲ့တယ်။ မေမေက ဘယ်လက်သုံးတတ်သူ

mgyoe.com

mgyoe.com SAMPLE BOOK

ဟာ နောင်တစ်ချိန်မှာ ဆင်းရဲပင်ပန်းရတတ်တယ်လို့ ဆိုတယ်။

မီးဖိုထဲမှာ ဘယ်လက်နဲ့ သင်ထမင်းခူးတော့ မေမေက ထမင်းခူးဇွန်းကို ဆွဲယူပြီး သင် ညာလက်ထဲ ထည့်ပေးတယ်။ ဒါပေမဲ့ ဘယ်လက်ကိုပဲ သင်သုံးတော့ မေမေက ထမင်းခူးဇွန်းကို ဆွဲယူပြီး "စကားနားမထောင်ရကောင်းလား" ဆိုပြီး သင် ဘယ်လက်ကို ရိုက်တယ်။ သင့်ဘယ်လက် ယောင်ရမ်းသွားတယ်။ ဒီလိုတွေ ဖြစ်ခဲ့တယ်ဆိုပေမဲ့ အစ်ကိုလတ် သတိမထားမိချိန် ခဲတံကို ညာလက်ကနေ ဘယ်လက်ဆီ သင် အမြန်ပြောင်းပြီး သုညနှစ်လုံးနဲ့ ၈ လို့ ရေးဆွဲလိုက်တယ်။ ပြီးတော့ ခဲတံကို ညာလက်ဘက်ဆီ ပြန်ပြောင်းလိုက်တယ်။ သင် ရေးတဲ့စာက ၈ မဟုတ်ဘူး၊ သုညနှစ်လုံး ဆိုတာကို အစ်ကိုလတ် ချက်ချင်း သိလိုက်တယ်။ အစ်ကိုလတ်က သင့်လက်ကို အဖြန့်ခိုင်းပြီး ပေတံနဲ့ရိုက် အပြစ်ပေးတယ်။ သင့်ကို အစ်ကိုလတ် စာသင်တဲ့ပေးချိန်တိုင်း မေမေဟာ ဘေးကနေ ခြေအိတ်ချုပ် ဒါမှမဟုတ် ကြက်သွန်ခွာရင်း ဝရန်တာမှာ ဝမ်းလျားမှောက်စာရေးနေတဲ့ သင့်ကို ကြည့်နေတတ်ခဲ့တယ်။

ကျောင်းမတက်ရသေးခင်မှာ ကိုယ့်နာမည်နဲ့ မေမေ့နာမည်ကို သင် ရေးတတ်ခဲ့တယ်။ စာအုပ်ကိုလှန်ပြီး ထစ်ထစ်ငေါ့ငေါ့နဲ့ စာတွေ ရွတ်ဖတ်တတ်ခဲ့တယ်။ မေမေရဲ့မျက်နှာပေါ်မှာ အပြုံးပန်းတွေ ဖူးပွင့်ခဲ့တယ်။ ဒီအချိန် ဒီအခါမှာတော့ မေမေရဲ့ အပြုံးမျက်နှာနဲ့ သင် မဖတ်တတ်တဲ့ မျက်မမြင်စာတွေက တွဲလျက် ရှိနေပါတယ်။ ပင်လယ်ကမ်းခြေမှာ ထိုင်နေရာက သင် ထလိုက်တယ်။ တင်ပါးပေါ် ကပ်နေတဲ့ သဲမှုန်တွေကို သင် မခါချဘဲ ပင်လယ်ပြင်ကို ကျောခိုင်းပြီး ခြေလှမ်းကို မြန်လိုက်တယ်။ လေယာဉ်စီးပြီး ဆိုးလ်မြို့ကို သင် မပြန်ဘူး။ ရထားပြောင်းစီးပြီး မေမေ့ဆီ သင် ပြန်ခဲ့တယ်။ ရာသီနှစ်ရာသီစာလောက် မေမေ့ကို သင် မတွေ့ဖြစ်ဘူးလို့ သင့်စိတ်ထဲ တွေးနေခဲ့မိတယ်။

ပြီးတော့ ဟိုးတစ်ချိန်က စာသင်ခန်းလေးကို သင် သတိရလာခဲ့တယ်။ အဲဒီနေ့က ကျောင်းသား အယောက် (၆၀) ကျော်လောက်ဟာ မူလတန်းကနေ အလယ်တန်းတက်ဖို့ ကျောင်းဝင်ဖောင်တွေ ဖြည့်ကြတယ်။ တကယ်လို့ ဖောင် မဖြည့်ရင် အလယ်တန်း မတက်ရဘူး။ သင်ဟာ ကျောင်းမအပ်ဖို့ ရည်ရွယ်နေသူ တစ်ယောက်ပါ။ အလယ်တန်း ဆက်မတက်တာနဲ့ ဘာဖြစ်သွားမှာလဲ ဆိုတာကို သင် နားမလည်ခဲ့ဘူး။ မနေ့ညက ဖျားလို့ အိပ်ရာပေါ် လဲနေတဲ့ ဖေဖေ့ကို မေမေ အော်ကြီးဟစ်ကျယ် စကားပြောခဲ့တဲ့ ပုံရိပ်တွေ သင့်ဦးနှောက်ထဲ ထင်ဟပ်နေသေးတယ်။ ခုတင်ပေါ် လဲနေတဲ့ ဖေဖေကို မေမေက "ဒီလိုရွာလေးက ဆင်းရဲသား

mgyoe.com

m g yu . c o m SAMPLE BOOK

မိသားစုကနေ ပေါက်ဖွားလာတဲ့ သမီးကို တကယ်လို့ ကျောင်းဆက်မထားရင် နောင်တစ်ချိန် ဒီလောကမှာ သူ ဘယ်လိုရပ်တည်မလဲ” လို့ပြောတော့ အပြင်ကို ဖေဖေ ထထွက်သွားတယ်။ မေမေက တံခါးပေါက်နားက ထမင်းစားပွဲကို မပြီး အပြင်ကို ပစ်ထုတ်လိုက်တယ်။

“ကလေးကိုကျောင်းထားနိုင်တဲ့ အရည်အချင်းလေးတောင် မရှိရင် နေ့ရက်တွေကို ဖြတ်သန်းနေတာ ဘာအဓိပ္ပာယ်ရှိမှာလဲ၊ ဖျက်ဆီးပစ်လိုက်တာက အေးဦးမယ်”

မေမေ စိတ်တို ဒေါသထွက်စရာ မလိုဘူးဆိုရင် ကျောင်းမတက်ရလည်း ဘာမှမဖြစ်ဘူးလို့ အဲဒီတုန်းက သင် တွေးခဲ့တယ်။ ထမင်းစားပွဲကို ပစ်ထုတ်ခဲ့ပေမယ့် မေမေ့ဒေါသစိတ်က ပြယ်မသွားဘူး။ စတိုခန်းကို မေမေ ဆွဲဖွင့်ပြီး အားနဲ့ ဆောင့်ပိတ်လိုက်ပြန်တယ်။ အဝတ်ကြိုးတန်းကို တိုက်မိပြီး ကြိုးတန်းပေါ်က အင်္ကျီတွေ ပြုတ်ကျကုန်တယ်။ ပြီးတော့ မေမေဟာ ရေတွင်းဘေးမှာ ဘာလုပ်လို့ဘာကိုင်ရမှန်း မသိဖြစ်နေတဲ့ သင့်ဆီ လျှောက်လာတယ်။ သူ့ခေါင်းပေါ် ပေါင်းထားတဲ့ တဘက်ကို ဖြုတ်ပြီး သင့်ကို ကမ်းပေးတယ်။

“နှပ်ညှစ်လိုက်နော်”

ချွေးနဲ့ထောင်းထောင်းထနေတဲ့၊ ခေါင်းပေါ်မှာ မေမေ အမြဲပေါင်းထားတတ်တဲ့ တဘက်ကို ယူပြီး သင် နှပ်မညှစ်ချင်ခဲ့ဘူး။ ဒါပေမဲ့ နှပ်ချေးကို တအား ညှစ်ထုတ်ဖို့ပဲ မေမေက ပြောနေတယ်။ တွေတွေဝေဝေနဲ့ သင် မလှုပ်ဘဲနေတယ်။ မေမေက “ဒီလို ညှစ်ထုတ်လိုက်မှ မျက်ရည်မကျမှာ” လို့ ဆိုတယ်။ ငိုယိုထားတဲ့ မျက်နှာနဲ့ မေမေကို သင်ကြည့်နေလို့ မေမေ ဒီလိုပြောတာဖြစ်မယ်။ မေမေက သင့်ကို နှပ်ညှစ်ခိုင်းတယ်ဆိုတာ သင် မငိုဖို့ ချော့နေတာပဲ ဖြစ်တယ်။ မေမေ ပြောတာကို သင် မခံနိုင်တော့လို့ ကမ်းပေးလာတဲ့တဘက်ကို ယူပြီး အားကုန် ညှစ်လိုက်တယ်။ မေမေရဲ့တဘက်က ချွေးနံ့အပြင် သင့်နှပ်တွေနဲ့ ရောသွားတော့တယ်။

သင် နှပ်ညှစ်လိုက်တဲ့တဘက်ကို ပေါင်းပြီး မေမေဟာ စာသင်ခန်းထဲ ရောက်သွားတယ်။ ဆရာနဲ့ မေမေ ဘာတွေပြောလဲ မသိပါဘူး၊ ဆရာက သင့်ကို အလယ်တန်းတက်ဖို့ ဖောင်တစ်ခုလှမ်းပေးတယ်။ ဖောင်ပေါ်မှာ ကိုယ့်နာမည်ကို သင် ဖြည့်လိုက်တယ်။ သင် ခေါင်းမော့လိုက်ချိန် မေမေဟာ ဝရန်တာနဲ့ခြားထားတဲ့ ပြတင်းပေါက်ကနေ သင့်ဘက်ကို လှမ်းကြည့်နေတယ်။ သင်နဲ့မေမေ မျက်လုံးချင်း

mgyoe.com

ဆုံမိကြတယ်။ မေမေဟာ ခေါင်းပေါ်က တဘက်ကို ဖြုတ်ပြီး သုံးလေးချက် ဝှေ့ယမ်းလိုက်တယ်။ မေမေ့မျက်နှာပေါ်မှာ လန်းဆန်းတဲ့ အပြုံးတွေ ပွင့်လာတယ်။ မေမေ့တစ်ကိုယ်လုံးမှာ အဖိုးတန်ပစ္စည်းဆိုလို့ ဘယ်ဘက် လက်ခလယ်မှာ စွပ်ထားတဲ့ လက်စွပ်လေးပဲရှိတယ်။ သင့်အတွက် အလယ်တန်းကျောင်းလခကို မေမေ ပေးပြီးတဲ့နောက် အဲဒီလက်စွပ် မတွေ့တော့ဘူး။ မေမေ့လက်ခလယ်မှာ လက်စွပ်ရာ အစင်းကြောင်းနက်နက်ပဲ ကျန်ခဲ့တော့တယ်။

❑

ခေါင်းကိုက်ဝေဒနာက မေမေ့ကို အချိန်မရွေး ထိုးနှက်နေခဲ့တယ်။

အဲဒီညမှာ ရေဆာလို့ အိပ်မက်ကနေ သင်နိုးလာတယ်။ သင့်စာအုပ်တွေက အမှောင်ထဲကနေ သင့်ကို စိမ်ပြေနပြေ ကြည့်နေတယ်။ တလောက ချစ်သူနဲ့အတူ ဂျပန်မှာ တစ်နှစ်သွားနေဖို့ သင် စီမံကိန်းချခဲ့ဖူးတယ်။ အဝတ်အစားတွေ သင်သိမ်းနေချိန်မှာ စာအုပ်တွေကို ဘယ်နေရာထားခဲ့ရမှန်း မသိတဲ့ အခက်အခဲကြီး တစ်ခုကို သင် ရင်ဆိုင်ခဲ့ရတယ်။ နောက်တော့ အကြံတွေထုတ်ရင်း သင်နဲ့အတူ နှစ်လကြာရှည်နေခဲ့တဲ့ စာအုပ်တွေကို မေမေ့အိမ်ဆီ သင် ပို့လိုက်တယ်။ သင့်စာအုပ်တွေကိုရတော့ အခန်းတစ်ခန်းရှင်းပြီး မေမေ ထားပေးတယ်။ နောက်တော့ အဲဒီစာအုပ်တွေကို သင် ပြန်မရွေ့ခဲ့တော့ဘူး။ မေမေ့အိမ်ဆီ ပြန်တိုင်း သင် ချွတ်ချလိုက်တဲ့ အဝတ်အကျီနဲ့ လက်ကိုင်အိတ်ကို ဒီအခန်းထဲမှာပဲ သင်ထားတယ်။ ညအိပ်ညနေ နေရင် မေမေက အဲဒီအခန်းကို ရှင်းပေးတယ်။

မှန်ရိုပိုးတဝါး ညလယ်မှာ စာအုပ်တွေကို သင် ခေါင်းမော့ကြည့်တယ်။ ပြီးတော့ မီးဖိုထဲ သင် ထသွားတယ်။ ရေအနည်းငယ်သောက်ပြီး အခန်းဆီ သင် ပြန်လာတယ်။ မေမေ အိပ်မောကျနေသလားလို့ သိချင်တာနဲ့ မေမေ့အခန်းတံခါးကို သာသာလေး သင် ဖွင့်ကြည့်တယ်။ စောင်ထဲမှာ နေရာလွတ်နေတယ်။ "မေမေ" လို့ သင် အော်လိုက်တယ်။ ပြန်ထူးသံ မကြားဘူး။ မီးခလုတ်ကို စမ်းပြီး သင် မီးဖွင့်လိုက်တယ်။ အခန်းထဲမှာ မေမေရှိမနေဘူး။ ဧည့်ခန်းမီးကို သင် ဖွင့်လိုက်တယ်။ အိမ်သာတံခါးကို သင် ဖွင့်လိုက်တယ်။

"မေမေ... မေမေ" လို့ ဆက်တိုက်ခေါ်ပြီး အိမ်ရှေ့တံခါးကို သင် တွန်းဖွင့်လိုက်တယ်။ အိမ်ရှေ့ခြံထဲ သင် ဆင်းလိုက်တယ်။ မနက်ခင်းလေညင်းက အကျီထဲ တိုးဝင်လာတယ်။ အိမ်ရှေ့မီးကို သင် ဖွင့်လိုက်ပြီး စတိုခန်းထဲက သစ်သားခုတင်ကို အမြန်ကြည့်လိုက်တယ်။ သစ်သားခုတင်ပေါ်မှာ မေမေလှဲနေတယ်။ အိမ်ရှေ့ခြံနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ဆက်နေတဲ့ နေရာလေးကနေ သင် ပြေးဆင်းသွားတယ်။ မေမေ့ရှေ့အရောက် သင်ပြေးသွားတယ်။ နေ့လယ်တုန်းကလို့ မေမေဟာ မျက်မှောင် တင်းတင်းကြုတ်ထားတယ်။ နဖူးပေါ် လက်တင်ပြီး အိပ်ပျော်နေတယ်။ မေမေဟာ ခြေဗလာနဲ့ - အေးလို့ ထင်ပါရဲ့ ခြေချောင်းဆယ်ချောင်းစလုံးကို ကုတ်ထားတယ်။ မေမေနဲ့အတူ ညစာစားခဲ့တဲ့ အချိန်တွေ၊ မေမေနဲ့အတူ ခြံထဲမှာ လမ်းလျှောက်တုန်း ပြောခဲ့တဲ့ စကားတွေ တစစီ ကွဲအက်ပြိုပျက်သွားတယ်။ နို့ဝင်ဘာရဲ့မနက်ခင်းမှာ စောင်တွေကို ယူပြီး မေမေကို သင် လွှမ်းခြုံပေးလိုက်တယ်။ ခြေအိတ်တွေ ယူလာပြီး မေမေကို ဝတ်ပေးလိုက်တယ်။ အဲဒီနောက် မေမေ့အနားမှာ မေမေ နိုးလာချိန်အထိ သင် ထိုင်နေလိုက်တယ်။

လယ်ခြံအလုပ်အပြင် မေမေဟာ တခြားနည်းနဲ့ဝင်ငွေရဖို့ ကြိုးစားခဲ့တယ်။ နောက်တော့ စတိုခန်းထဲမှာ အရက် အချဉ်ဖောက်စက်တစ်လုံး ထည့်ခဲ့တယ်။ လယ်ထဲကရလာတဲ့ ဂျုံတွေကိုကြိတ်ခွဲ ရေနဲ့ရောပြီး စက်ထဲထည့် အချဉ်ဖောက်တယ်။ အချဉ်ဖောက်လာတဲ့အချိန် အရက်ချဉ်စော်နံ့က တစ်အိမ်လုံး ပြန့်လို့နေတယ်။ အရက်ချဉ်စော်နံ့ကို ဘယ်သူမှ မကြိုက်ပါဘူး။ မေမေကတော့ အရက်ချဉ်စော်နံ့က ပိုက်ဆံအနံ့လို့ပြောတယ်။ ရွာမှာ တိုဟူးလုပ်တဲ့ အိမ်တစ်အိမ် ရှိတယ်။ မေမေက အချဉ်ဖောက်ထားတဲ့ ကဖော်တွေကို အဲဒီအိမ် ပို့တယ်။ သူတို့က အရက်လုပ်တဲ့ စက်ရုံဆီ ကူပို့ပေးပြီး ပိုက်ဆံရလာရင် မေမေ့ကိုပေးတယ်။ ရလာတဲ့ပိုက်ဆံတွေကို မေမေက ကြွေပန်းကန်ခွက်ဖြူတစ်လုံးထဲ ထည့်ပြီး အဲဒီပန်းကန်ပေါ်မှာ တခြားပန်းကန် ၁၇ လုံး ဆင့်တင်ထားလိုက်တယ်။ ပြီးတော့ မီးဖိုက ကြောင်အိမ်အပေါ်ဆုံးထပ်မှာ တင်ထားလိုက်တယ်။ အရက်အချဉ်ဖောက်လို့ရလာတဲ့ ပိုက်ဆံပဲဖြစ်ဖြစ်၊ တခြားကရတဲ့ ပိုက်ဆံပဲဖြစ်ဖြစ် မေမေဟာ အဲဒီပန်းကန်ခွက်လေးထဲပဲ ထည့်တယ်။ သင် ကျောင်းလခလိုတဲ့အခါ မေမေက အဲဒီထဲကနေ ပိုက်ဆံယူပြီး သင့်လက်ထဲ ထည့်ပေးတယ်။

နောက်တစ်နေ့မနက် သင်မျက်စိဖွင့်ကြည့်တော့ စတိုခန်းသစ်သားခုတင်ပေါ်မှာ သင် အိပ်ပျော်နေတာကို တွေ့တယ်။ မေမေရော။ ဘေးပတ်လည်ကို လှည့်ကြည့်တော့ မေမေ့ကို မတွေ့ဘူး။ မီးဖိုထဲက အသီးအရွက် လှီးသံတွေ လွင့်ဝဲလာတယ်။ သင် အမြန်ထပြီး မီးဖိုထဲ ဝင်လိုက်တယ်။ မေမေက မုန်လာဥကို စဉ်းတီတုံးပေါ် လှီးဖြတ်နေတယ်။ မေမေ့လက်ထဲက ဓားမက ကြည့်ရတာ အန္တရာယ် ရှိပုံပါပဲ။ ခါတိုင်း အသုပ်သုပ်တဲ့အချိန် မေမေဟာ ဓားကိုမကြည့်လည်း ကျွမ်းကျွမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ကျင်ကျင် လှီးဖြတ်နိုင်တယ်။ အခုတော့ အဲဒီလို မဟုတ်တော့ဘူး။ ဓားကိုင်ထားတဲ့ မေမေ့လက်က ငြိမ်မနေဘူး။ ဓားသွားက မုန်လာဥကို အချက်ကျကျ ထိမိမနေဘူး။ စဉ်းတီတုံးပေါ်ပဲ ချော်ချော်ကျနေတယ်။ ဒီလိုသာ ဆက်လှီးနေရင် မုန်လာဥအစား မေမေ့လက်ညှိုးကိုပဲ လှီးဖြတ်မိတော့မယ်။

"မေမေ- ခဏ"

သင် ဆက်မကြည့်ရက်တော့ဘူး။ မေမေ့လက်ထဲက ဓားကို သင် လှမ်းယူလိုက်တယ်။

"မေမေ... သမီး လှီးမယ်"

စဉ်းတီတုံးရှေ့ သင် တိုးကပ်သွားတယ်။ မေမေတစ်ချက် တွံ့ဆွေးသွားပြီး နေရာကနေ ဖယ်ပေးတယ်။ ရေခဲသေတ္တာထဲက ရေဘဝဲကိုယူပြီး ရေဆေးစင်က သံဆန်ကာထဲ သင် ထည့်လိုက်တယ်။ ရေဘဝဲက သေနေပြီ။ မီးဖိုပေါ်မှာ သံချေး မလိုက်တတ်တဲ့ စတီးလ်ပေါင်းအိုး တင်ထားတယ်။ မေမေက မုန်လာဥကိုယူပြီး ပေါင်းအိုးအောက်မှာ ခံလိုက်တယ်။ ကြည့်ရတာ ရေဘဝဲပေါင်းမလို့ ထင်ပါတယ်။

ရေဘဝဲက ပေါင်းစားတာ မဟုတ်ဘူး။ ချက်စားတာ ထင်တယ်လို့ သင် မေးချင်တယ်။ ဒါပေမဲ့ မမေးဖြစ်ဘူး။ မေမေက သင် လှီးထားတဲ့ မုန်လာဥကို အိုးအောက်မှာ ခင်းလိုက်တယ်။ အပေါ်မှာ ပေါင်းစင်လေး တင်ပြီး ရေဘဝဲ တစ်ကောင်လုံးကို ထည့်ပြီး အဖုံး ဖုံးလိုက်တယ်။ ဒါဟာ အရင်ကတည်းက ရှိခဲ့တဲ့ မေမေ့အကျင့်တစ်ခုဖြစ်တယ်။ မေမေဟာ ငါးချက်ရာမှာ မကျွမ်းသလို ငါးနာမည်တွေကိုလည်း မခေါ်တတ်ခဲ့ဘူး။ မေမေ့အနေနဲ့ ပြောရရင် ဘယ်ဟာက မက်ကရယ်ငါး၊ ပစိဖိတ် မက်ကရက်နွယ်ငါး (Pacific saury)၊ ရေဘဝဲစတဲ့ ငါးတွေက "အညှီနံ့ ပါတဲ့ အရာတွေ" လို့ပဲ သိထားတယ်။ ပဲအမျိုးအစားဆိုရင်တော့ ပဲပြုတ်ပဲ၊ ပဲနီ၊ ပဲဖြူ၊ ပဲမည်းတွေကို ရှင်းရှင်းလင်းလင်း ခွဲခြားတတ်တယ်။ အိမ်မှာ ငါးဝယ်လာပြီဆိုရင် မေမေက ငါးကို ဆားနဲ့အရင်စိမ်တယ်။ ပြီးတော့ ပေါင်းစားတယ်။ ဘယ်တော့မှ ငါးကို ငါးစိမ်း (Sashimi) မလုပ်ဘူး၊ မကြော်ဘူး၊ မကင်ဘူး။ မက်ကရယ်ငါးနဲ့ ရေဘဝဲ ဆိုရင်လည်း ငရုတ်သီးမှုန့်၊ ကြက်သွန်ဖြူနဲ့ ငရုတ်စိမ်းနှစ်တွေ နယ်ပြီး ဆန်ဆေးရေနဲ့ ပေါင်းတတ်တယ်။

အရင်ကတည်းကနေ အခုချိန်ထိ မေမေဟာ ငါးစိမ်း (Sashimi) မစားဖူးဘူး။ ငါးစိမ်းစားသူတွေကို တွေ့ရင်လည်း "ငါးကိုတောင် အစိမ်းစားတာ လွန်လွန်းပြီ ထင်တယ်" လို့ ဆိုသယောင် မျက်မှောင်ကို တင်းတင်းကြုတ်ကြည့်ပြီး

mgyoe.com

SAMPLE BOOK

ကြည့်တတ်တယ်။ (၁၇) နှစ် အရွယ်ကတည်းက အခုချိန်ထိ ငါးလိပ်ကျောက်ကို ပေါင်းအိုးနဲ့ပဲ မေမေ ပေါင်းစားတတ်တယ်။ ကြည့်ရတာ ဒီတစ်ကြိမ်လည်း ရေဘဝဲကို ပေါင်းစားတော့မယ် ထင်ပါတယ်။ သိပ်မကြာပါဘူး... မီးဖိုထဲကနေ မုန်လာဥနံ့နဲ့ ရေဘဝဲနံ့က သင်းပျံ့ထွက်လာတယ်။ မီးဖိုထဲက မေမေ ရေဘဝဲပေါင်းတဲ့ ပုံစံကို ကြည့်ရင်း ငါးလိပ်ကျောက်ကို သင် သတိရလာမိတယ်။

ရိုးရာကန်တော့ချိန်ရောက်တိုင်း အိမ်မှာ ငါးလိပ်ကျောက် မပြတ်ခဲ့ဘူး။ ဆောင်းရာသီနဲ့ နွေရာသီ ရိုးရာကန်တော့ပြီးချိန် နောက်ပြီး နွေဦးရာသီ ကန်တော့ပြီးချိန်ကျော်မှ နှစ်တစ်နှစ်ကုန်တယ်လို့ မေမေကဆိုတယ်။ နှစ်သစ်ကူးနဲ့ လမုန့်ကျွေးတဲ့အချိန် နှစ်ချိန်ပါ ထည့်ပေါင်းရင် နှစ်တစ်နှစ်တာမှာ မေမေဟာ ငါးလိပ်ကျောက် ခုနစ်ကောင်နဲ့ ရေတွင်းဘေးမှာ ရှိနေခဲ့တယ်။

မေမေဝယ်တဲ့ ငါးလိပ်ကျောက်တွေက များသောအားဖြင့် အိုးဖုံးအရွယ်လောက်ပါ။ ဈေးထဲကနေ ငါးလိပ်ကျောက်ဝယ်လာပြီး ရေတွင်းဘေး မေမေထားထားရင် ဒါဟာ ရိုးရာကန်တော့ချိန် နီးပြီလို့ ဆိုလိုတယ်။ ဆောင်းရာသီ ရိုးရာကန်တော့ချိန်မှာ မြေပြင်မှာရှိတဲ့ရေတွေ ခဲသွားတတ်တယ်။ ဒီလိုရာသီမျိုးမှာ ငါးလိပ်ကျောက်ကို အခွံခွာရတာ အင်မတန် ခက်ခဲပင်ပန်းတယ်။ သင့်လက်ဖဝါးက ပါးပါးသေးသေးလေး၊ မေမေ့ လက်ဖဝါးက ခပ်ထူထူ ခပ်ကြီးကြီး။ မေမေက အေးခဲလို့ နီရဲနေတဲ့လက်နဲ့ ဓားရိုးကိုကိုင်ပြီး ငါးလိပ်ကျောက်တည့်တည့် ချိန်ရွယ်တယ်။ သင်က နုနယ်တဲ့ လက်ကလေးနဲ့ ငါးအခွံတွေကို ခွာချတယ်။ တကယ်လို့ ငါးခွံကို ရှောရှောရှူရှူခွာလို့ရရင် အကောင်းဆုံးပေါ့။ ဒါပေမဲ့ သုံးစင်တီမီတာတောင် မခွာနိုင်ခင် အမြီတမ်း ပြတ်ထွက်သွားတတ်တယ်။ မေမေက ဓားသွားနဲ့ ပြတ်ထွက်သွားတဲ့ နေရာတည့်တည့် ထပ်ရွယ်ပြန်တယ်။ ဖင်ဘူးထောင်ပြီး ရေခဲနေတဲ့ ရေတွင်းဘေးမှာ သင်တို့ ငါးလိပ်ကျောက် အခွံခွာကြတယ်။ ဒါဟာ အိမ်ဟောင်းမှာ ရှိခဲ့တဲ့ ဆောင်းရာသီရဲ့ ရှုခင်းဖြစ်တယ်။ ရှုခင်းက နှစ်စဉ်နှစ်တိုင်း တစ်ပုံစံတည်း။ ထပ်တလဲလဲ အခါခါပြသနေတဲ့ ရုပ်ရှင်အတိုင်းပါပဲ။

နှစ်တစ်နှစ်ရဲ့ ဆောင်းရာသီတစ်ခုမှာ သင်နဲ့ မေမေ မျက်နှာချင်းဆိုင် ထိုင်နေတယ်။ သင့်လက်နုနု သွယ်သွယ်လေးကို မေမေ စိုက်ကြည့်နေရင်းက "မေမေတို့ အခွံမခွာတော့ဘူး"လို့ ဆိုတယ်။ ငါးအခွံခွာတာကို မေမေရပ်လိုက်ပြီး ဓားနဲ့ ငါးလိပ်ကျောက်တွေကို အတုံးတွေ တုံးလိုက်တယ်။ အဲဒီနှစ်က ကန်တော့စားပွဲပေါ်မှာ တစ်ခါမှ မပါခဲ့ဖူးတဲ့ အခွံမခွာတဲ့ ငါးလိပ်ကျောက် ပထမဆုံးအကြိမ်

mgyoe.com

ပါခဲ့တယ်။

"ငါးလိပ်ကျောက်က ဘာဖြစ်လို့ ဒီပုံစံဖြစ်ရတာလဲ"လို့ ဖေဖေ မေးတယ်။

"ဘာပုံစံလဲ၊ အခွံမခွာရသေးတာကလွဲလို့ ငါးလိပ်ကျောက်က ငါးလိပ်ကျောက်ပဲ" မေမေက ပြန်ပြောတယ်။

"ကန်တော့ပွဲပေးမယ့် အစားအစာဆိုရင် သေသေချာချာ အသေးစိတ်လုပ်သင့်တယ်" လို့ ကြီးကြီးက အနောက်ကနေပြီး အပြစ်ပြောတယ်။

"ဒါဆို အစ်မ လုပ်လေ" မေမေကလည်း အညံ့မခံခဲ့ပါဘူး။

နောက်တစ်နှစ်မှာ ဘာကံမကောင်းတာပဲဖြစ်ခဲ့ဖြစ်ခဲ့ ရိုးရာကန်တော့စားပွဲပေါ်က အခွံမခွာခဲ့တဲ့ ငါးလိပ်ကျောက် ပယောဂ မကင်းခဲ့ဘူး။ တည်သီးပင် အသီးမသီးတာ၊ ဆော့ကစားချိန် ပစ်လိုက်တဲ့ တုတ်နဲ့ အစ်ကို့မျက်လုံးကို ထိမိတာ၊ ဖေဖေ ဖျားနာပြီး ဆေးရုံတက်တာ၊ အစ်ကိုဝမ်းကွဲ ရန်ဖြစ်တာ စတာတွေက ရိုးရာ ကန်တော့ချိန် မေမေ ရိုးရိုးသားသား သစ္စာရှိရှိ မလုပ်ခဲ့လို့၊ ငါးလိပ်ကျောက်ကို အခွံမခွာခဲ့လို့လို့ ဆိုတယ်။ ကြီးကြီးက မကျေနပ်စိတ်အပြည့်နဲ့ ညည်းခဲ့တယ်။

ရေဘဝဲပေါင်းပြီးတဲ့နောက် မေမေက ရေဘဝဲကို စဉ်းတုံးပေါ် တင်ပြီး ဓားနဲ့ လှီးဖြတ်ဖို့ပြင်ဆင်တယ်။ မုန်လာဥလှီးတုန်းကလို ဓားစောင်းရွဲ့သွားပြန်တယ်။

"မေမေ... သမီး လုပ်မယ်"

မေမေ့လက်ထဲက ဓားကို သင် ယူလိုက်ပြန်တယ်။ ပူပူနွေးနွေးနဲ့ မုန်လာဥနံ့သင်းနေတဲ့ ရေဘဝဲကို အတုံးတုံးလေး သင် လှီးဖြတ်လိုက်တယ်။ ရေဘဝဲတစ်တုံးကို ညှပ်ယူပြီး ငရုတ်ချဉ်ထဲ ထည့်စိမ်ပြီး မေမေ့ကို သင် ကမ်းပေးလိုက်တယ်။ ဒါက သင့်ကို မေမေ အမြဲပြုမူခဲ့တဲ့ အပြုအမူဖြစ်တယ်။ ရေဘဝဲကို တူနဲ့ညှပ်ယူဖို့ သင်ကြိုးစားတိုင်း မေမေက "ဒီလိုလုပ်ရင် အရသာမကောင်းတော့ဘူး၊ လာ... ပါးစပ်ဟအာ..." လို့ ဆိုတတ်တယ်။ အခုအချိန်မှာလည်း မေမေက သင်ကမ်းပေးတာကို တူနဲ့ ညှပ်ယူချင်တယ်။ ဒီတစ်ခေါက်တော့ သင်ပြောတဲ့အလှည့် ဖြစ်သွားတယ်။

"မေမေ...ဒီလိုလုပ်ရင် အရသာမကောင်းတော့ဘူး၊ လာ...ပါးစပ်ဟ...အာ..."

မေမေ ပါးစပ်ဟလိုက်တယ်။ ပူပူနွေးနွေး ရေဘဝဲကို မေမေ့ပါးစပ်ထဲ သင် ထည့်လိုက်တယ်။ ကိုယ်တိုင်လည်း တစ်တုံးစားလိုက်တယ်။ ပူနွေးနွေး ရေဘဝဲက ကျွတ်ဆတ်ပြီး နူးညံ့နေတယ်။

"မနက်စောစောစီးစီး ရေဘဝဲစားလို့ပါလား" သင် မရေမရာ ဖြစ်နေတယ်။

mgyoe.com

မီးဖိုချောင်ထဲမှာ မေမေနဲ့ သင် ရပ်ပြီး ရေဘဝဲကို လက်နဲ့ပဲ စားလိုက်ကြတယ်။ ရေဘဝဲကို သင် ဝါးရင်း ရေဘဝဲတစ်တုံး ယူတိုင်း ယူလို့မရဖြစ်နေတဲ့ မေမေ့ လက်ကို သင်ကြည့်လိုက်တယ်။ မေမေ့အတွက် သင် ယူပေးပါတယ်။ နောက်တော့ မေမေဟာ ရေဘဝဲကို မယူတော့ဘဲ သူ့ပါးစပ်ထဲ သင် ထည့်ပေးမယ့် ရေဘဝဲကိုသာ စောင့်နေတော့တယ်။ ကြည့်ရတာ မေမေ့လက်တွေ မသွက်တော့ဘူး။ ရေဘဝဲကို ဝါးရင်း မိခင်လို့ သင် တစ်ခွန်း ခေါ်လိုက်တယ်။ ဒါဟာ မေမေ့ကို "မိခင်"လို့ သင် ပထမဆုံးအကြိမ် ခေါ်တာဖြစ်တယ်။

"မေမေ- ဒီနေ့ပဲ သမီးနဲ့ ဆိုးလ်ကို လိုက်ခဲ့ပါနော်"

"မေမေတို့ တောင်သွားတက်ရအောင်" မေမေက ပြောတယ်။

"တောင်သွားတက်မယ် ဟုတ်လား"

"ဟုတ်တယ်...တောင်သွားတက်ရအောင်"

"ဒီမှာ တောင်တက်တဲ့နေရာရှိလို့လား"

"မေမေကိုယ်တိုင် ထွင်ထားတဲ့လမ်းပါ"

"ကျန်းမာရေးစစ်ဆေးဖို့ ဆိုးလ်ကို လိုက်ခဲ့ပါ"

"နောက်မှ"

"နောက်မှ- ဘယ်တော့လဲ"

"အကြီးမ စာမေးပွဲဖြေပြီးမှ"

မေမေပြောတဲ့ အကြီးမဆိုတာ အစ်ကိုကြီးရဲ့သမီး ဖြစ်တယ်။

"အစ်ကိုတို့ကို စောင့်စရာမလိုပါဘူး။ ဆေးရုံကို သမီးလိုက်ပို့မှာပေါ့"

"ရပါတယ်၊ အခု မေမေ ဘာမှမှမဖြစ်တာ။ ဆေးရုံ အမြဲသွားပြီး ကျန်းမာရေး စစ်ဆေးပါတယ်"

မေမေ့ကို သင် ပြောလို့မရဘူး။ ဆိုးလ်ကို နောက်မှ သွားမယ်လို့ မေမေ တင်းခံနေတယ်။ အဲဒီနောက် မေမေဟာ သင့်ကို ဆိတ်ဆိတ်ငြိမ်ငြိမ် ထိုင်ကြည့်ပြီး ဒီကမ္ဘာမှာ အငယ်ဆုံးနိုင်ငံက ဘယ်နိုင်ငံလဲလို့ မေးတယ်။

"အငယ်ဆုံးနိုင်ငံလား"

မေမေက သင့်ကို ကမ္ဘာပေါ်က အငယ်ဆုံးနိုင်ငံ ဘယ်မှာရှိသလဲလို့ ရုတ်တရက်မေးတယ်။ မေမေ့ကို သင် ကြည့်နေရင်း အရမ်း သူစိမ်းဆန်သလို ခံစားမိတယ်။ ဒီတစ်ကြိမ်မှာတော့ မေမေ့ကို သင် တွေတွေနဲ့ စိုက်ကြည့်နေမိတယ်။ စိတ်ထဲမှာ မေမေမေးတဲ့ မေးခွန်းကို မှန်းဆနေမိတယ်။

mgyee.com

mgyoe.com

ကမ္ဘာပေါ်က အငယ်ဆုံးနိုင်ငံ ဘယ်မှာ ရှိသလဲ။ မေမေက သိပ်စိတ်မဝင်စားတဲ့ဟန် ချက်ချင်းပြောင်းပြီး "တကယ်လို့ နောက်ပိုင်း အဲဒီနေရာကို သွားဖို့ အခွင့်ကြုံခဲ့ရင် အဲဒီက နှင်းဆီ စိပ်ပုတီးတစ်ကုံး မေမေအတွက် ယူလာပေးပါ" လို့ ပြောတယ်။

"နှင်းဆီ စိပ်ပုတီး ဟုတ်လား"

"နှင်းဆီပင်နဲ့ လုပ်ထားတဲ့ စိပ်ပုတီးကို ပြောတာ"

မေမေက အင်အားမဲ့စွာ သင့်ကိုကြည့်တယ်။

"မေမေက စိပ်ပုတီး လိုတာလား"

"မဟုတ်ဘူး...အဲဒီနိုင်ငံက စိပ်ပုတီးကို မေမေလိုချင်တာ"

စကားပြောရင်း ခဏရပ်လိုက်ပြီး သက်ပြင်းရှည်ကြီးတစ်ချက် မေမေချလိုက်တယ်။

"တကယ်လို့ သွားဖို့ အခွင့်အရေးရှိခဲ့ရင် မေမေ့အတွက် ယူလာပေးပါ"

"----"

"သမီးက ဘယ်နေရာကိုမဆို သွားနိုင်တာပဲ မဟုတ်လား"

သင်နဲ့ မေမေရဲ့စကားက ဒီနေရာမှာ ပိတ်မိနေတယ်။ သမီးက ဘယ်နေရာကို မဆို သွားနိုင်တာပဲ မဟုတ်လား။ ဒီစကားတစ်ခွန်းပြောပြီး မေမေ ဘာမှ ဆက်မပြောတော့ဘူး။

ရေဘဝဲကို မနက်စာအဖြစ် သင်တို့သားအမိ စားကြတယ်။ စားပြီးတဲ့နောက် အိမ်ကနေ သင်တို့ ထွက်လာခဲ့တယ်။ အိမ်နောက်ဘက် တောင်ပေါ်က လယ်ကန်သင်းရိုးတချို့ကို သင်တို့ဖြတ်ကျော်ပြီး တောင်တက်လမ်းပေါ် သင်တို့ ခြေချကြတယ်။ လူသွားလူလာ မရှိပေမယ့် ဒီနေရာမှာ လူသွားလမ်းလေးတစ်ခု ဖြစ်လို့နေတယ်။ Dianmyo ဝက်သစ်ချပင်နဲ့ Sawtooth ဝက်သစ်ချပင်တို့ရဲ့ သစ်ရွက်တွေ မြေပြင်ပေါ် ထူထူထည်းထည်း ပြန့်ကျဲနေတယ်။ သစ်ရွက်ပေါ် နင်း လျှောက်လိုက်ရင် အသံတရှဲရှဲ မြည်တယ်။ တစ်ခါတလေ တောလမ်းနဲ့အပြိုင် ပေါက်နေတဲ့သစ်ပင်ဆီက သစ်ကိုင်းတချို့ သင်တို့မျက်နှာပေါ် လာရိုက်ခတ်တယ်။ ရှေ့မှာ လျှောက်နေတဲ့ မေမေက သစ်ကိုင်းကို မကြာခဏ ဘေးဖယ်ပြီး သင့်ကို အရင်ဖြတ်ကျော်ခိုင်းတယ်။ ပြီးမှ သစ်ကိုင်းကို သူ လွှတ်တယ်။ ငှက်တွေ တောင်ပံ တဖျပ်ဖျပ်ခတ်ပြီး ထပြန်ကြတယ်။

"မေမေ ဒီကို အမြဲလာတာလား"

mgyoe.com

mgyoe.com SAMPLE BOOK

"အင်း"

"ဘယ်သူနဲ့ လာတာလဲ"

"ဘယ်သူရှိမှာလဲ...ဘယ်သူက မေမေ့ကို အဖော်လုပ်ပြီး လာမှာတဲ့လဲ"

မေမေတစ်ယောက်တည်း ဒီလမ်းကို လျှောက်ခဲ့တယ်တဲ့။ မေမေ့ကို လုံးလုံး နားမလည်ဘူးလို့ သင် ခံစားမိပြန်တယ်။ ဒီလမ်းလေးက အုပ်အုပ်ဆိုင်းဆိုင်းနဲ့ တစ်ယောက်တည်း လမ်းလျှောက်ဖို့ မသင့်တဲ့ လမ်းပါ။ တချို့နေရာတွေမှာ ဝါးပင်တွေ ထိုးထိုးထောင်ထောင်နဲ့ ကောင်းကင်ကြီးကို အုပ်မိုးနေပါတယ်။

"ဘာဖြစ်လို့ တစ်ယောက်တည်း ဒီကိုလာတာလဲ"

"သမီး ဒေါ်လေးဆုံးတဲ့နောက် ဒီကို မေမေ တစ်ခေါက်ရောက်ဖူးတယ်။ အဲဒီနောက်ပိုင်း အမြဲလာဖြစ်တယ်"

သင်တို့နှစ်ယောက်သား ဘယ်လောက်ကြာကြာ လျှောက်ခဲ့တယ် မသိပါဘူး။ တောင်ကမူလေးတစ်ခုပေါ် ရောက်တော့ မေမေခြေလှမ်းတွေ ရပ်သွားတယ်။ မေမေ့ဘေးနား သင် သွားပြီး မေမေကြည့်တဲ့ဘက်ကို လိုက်ကြည့်လိုက်တယ်။

"အား...ဒီလမ်းလေးပဲ" သင် မအောင့်နိုင်ဘဲ အသံထွက်အော်မိတယ်။ ဒီလမ်းလေးပါလား... ဒီလမ်းကလေးကို သင် မေ့မေ့ပျောက်ပျောက်ရှိနေခဲ့တာ ကြာပါပြီ။ ဒီလမ်းကလေးက အဘွားအိမ်သွားတိုင်း လျှောက်တဲ့ ဖြတ်လမ်းလေးပါ။ နောက်ပိုင်း ရွာထဲမှာ ရွာကိုဖြတ်သွားတဲ့လမ်းမကြီးတစ်ခု ခင်းခဲ့ကြလည်း ဒီလမ်းကိုပဲ လူတွေ နှစ်နှစ်သက်သက် သုံးခဲ့ကြတယ်။

တစ်ခါက အဘွားအိမ် သွားကန်တော့တုန်းက ခြံထဲကကြက်တစ်ကောင်ကို ကြိုးချည်ပြီး သင် ယူသွားတယ်။ လမ်းတစ်ဝက်ရောက်တော့ ကြက်လွတ်သွားတယ်။ အဲဒီတုန်းက ဒီလမ်းလေးမှာပဲ နေရာအနှံ့ သင် ကြက်လိုက်ရှာခဲ့တယ်။ ကြက်လွတ်သွားပြီဆိုရင် ပြန်မရနိုင်တော့ပါဘူး။ အဲဒီကြက် ဘယ်ရောက်သွားပြီလဲ။ ဒီလမ်း တော်တော်ပြောင်းလဲသွားပါပြီ။ အစက မျက်စိမှိတ်ပြီးသွားလည်း မှတ်မိနေတတ်တဲ့လမ်းဟာ အခုတော့ တောင်ကမူလေးကိုသာ မတွေ့ရင် သင်လုံးဝ မှတ်မိမှာ မဟုတ်ပါဘူး။ တောင်ကမူလေးထိပ်မှာ ရပ်ပြီး အဘွားအိမ်ရှိတဲ့ အရပ်ဘက်ဆီ မေမေ မှန်းမျှော်ကြည့်လိုက်တယ်။ အဲဒီနေရာမှာ လူတွေ မနေခဲ့တော့ပါဘူး။ အိမ်ခြေငါးဆယ်လုံး အခြားနေရပ်ဆီ ပြောင်းသွားကြပါပြီ။ မဖြိုဘဲ ကျန်နေသေးတဲ့ အိမ်တချို့မှာလည်း လူရှိမနေတော့ပါဘူး။

ဒီနေရာကို တစ်ယောက်တည်းလာတာဟာ လူမနေတော့တဲ့ ငယ်ဘဝက

mgyoe.com

mgyoe.com SAMPLE BOOK

ရွာလေးကို မေမေ တစ်ချက်ကြည့်ဖို့ အတွက်လား။ မေမေ့ခါးကိုဖက်ပြီး ဆိုးလ်မြို့ ကိုလိုက်ဖို့ သင် တောင်းဆိုပြန်တယ်။ သင့်စကားကို မေမေပြန်မဖြေဘဲ ဂျင်ဒို (Jindo) ခွေးအကြောင်း စကားစလိုက်တယ်။ ခွေးလှောင်အိမ်ထဲမှာ ခွေးရှိမနေတာ ကို သင်လည်း အံ့ဩမိတယ်။ အချိန်မရလို့ မေမေ့ကို သင် မမေးဖြစ်ဘူး။

လွန်ခဲ့တဲ့တစ်နှစ်ကျော်က နွေရာသီမှာ သင် အိမ်တစ်ခေါက်ပြန်ခဲ့တုန်းက စတိုခန်းဘေးမှာ ဂျင်ဒိုခွေးတစ်ကောင် ချည်ထားတာကို သင် တွေ့လိုက်တယ်။ အဲဒီတုန်းက ရာသီဥတု အတော်ပူတယ်။ ခွေးကို ခပ်တင်းတင်း ချည်ထားလို့ ခွေးဟာ အသက်ပြင်းပြင်းရှူပြီး သေတော့မယ့်ပုံ ပေါက်နေတယ်။ ခွေးကို လွှတ် ပေးဖို့ မေမေ့ကို သင် ပြောတယ်။ မေမေက ခွေးကို ကြိုးဖြည်ပေးလိုက်ရင် အိမ်ရှေ့ ဖြတ်ရဲတဲ့လူ ရှိမှာမဟုတ်ဘူးလို့ ဆိုတယ်။

ခွေးကို သံကြိုးနဲ့တောင် ချည်ထားလိုက်သေးတယ်။ အဲဒီတုန်းက အိမ်ကို ရောက်တာနဲ့ မေမေ့ကိုတောင် နှုတ်မဆက်အားဘဲ ခွေးကိစ္စနဲ့ မေမေ့ကို သင် ရန်ဖြစ်တယ်။

"ခွေးကို ဘာလို့ ချည်ထားရတာလဲ... လွှတ်လိုက်ပါ" ဒါက သင့်အဆို ဖြစ်တယ်။

"ရွာမှာနေတယ် ဆိုပေမယ့် အခုချိန်မှာ ဘယ်သူမှလည်း ခွေးကို ကြိုးဖြည် မထားတော့ဘူး။ လူတိုင်း ခွေးကို ကြိုးနဲ့ချည်ထားတယ်။ တကယ်လို့ လွှတ်ပေး လိုက်ရင် အိမ်အပြင် ထွက်ပြေးတတ်တယ်" ဒါက မေမေရဲ့စကားဖြစ်တယ်။

"ဒီလိုဆိုရင် ကြိုးရှည်တစ်ချောင်းနဲ့ ချည်ပေါ့။ ဒီလောက်ကျပ်ကျပ် ချည် ထားမှတော့ ဒီလောက်ပူတဲ့ရာသီမှာ ခွေးက ဘယ်ရှင်မလဲ။ စကားမပြောတတ်တဲ့ တိရစ္ဆာန်ဆိုပေမယ့် ဒီလိုတော့ မဆက်ဆံသင့်ဘူး" မေမေ့ကို သင်ပြန်ချေပတယ်။

အိမ်မှာ ဒီကြိုးတစ်ချောင်းပဲရှိတယ်။ အရင်ကသုံးခဲ့တဲ့ ကြိုးဖြစ်ပုံရတယ် လို့ မေမေက ပြောတယ်။ ကြိုးတစ်ချောင်းထပ်ဝယ်လို့ မရဘူးလား။ မေမေ့အိမ်ကို သင် မပြန်တာ ကြာခဲ့ပြီ။ ဒီတစ်ခေါက်ပြန်တော့ အိမ်ထဲတောင် မဝင်သေးဘဲ ကြိုးရှည်တစ်ချောင်းဝယ်ဖို့ တံခါးဝကနေ သင် လှည့်ထွက်ခဲ့တယ်။ ကြိုးရှည်နဲ့ ချည်ထားရင် ခွေးလည်း လွတ်လွတ်လပ်လပ် သွားလာလို့ရတယ်။ ကြိုးဝယ်ပြန်လာပြီး တဲ့နောက် ခွေးလှောင်အိမ်ကို သင် ကြည့်လိုက်တယ်။ ခွေးလှောင်အိမ်ကလည်း သေးနေတယ်။ ခွေးလှောင်အိမ် သွားဝယ်မယ်လို့ သင် ဆိုပြန်တယ်။ မေမေက သင့်ကိုတားပြီး ဘေးရွာမှာ လက်သမားရှိတယ်။ လက်သမားနဲ့ ဆောက်ခိုင်းရင်ရပြီ

mgyoe.com

m gyoe.com SAMPLE BOOK

လို့ ဆိုတယ်။ မေမေ့ကိုကြည့်ရတာ တိရစ္ဆာန်အတွက် လှောင်အိမ်ဝယ်တယ်ဆိုတာ မယုံနိုင်စရာ၊ မတွေးဝံ့စရာဖြစ်တယ်။

"ပျဉ်သုံးလေးချပ်ဆင့်ပြီး သံသုံးလေးချက် ရိုက်လိုက်ရင် ပြီးသွားမယ့် ဥစ္စာ၊ ပိုက်ဆံအကုန်ခံနေသေးတယ်။ ကြည့်ရတာ သမီးမှာ ပိုက်ဆံတွေ များပြီး သုံးလို့ မကုန်တဲ့ပုံပဲ" ဒါက မေမေ့အတွေး ဖြစ်တယ်။ ဆိုးလ်ကိုပြန်တော့ မေမေ့ကို တစ်သိန်းတန် ချက်လက်မှတ်တစ်စောင် သင် ပေးခဲ့တယ်။ ဂျင်ဒိုခွေးအတွက် လှောင်အိမ် ခပ်ကျယ်ကျယ်တစ်လုံး မေမေ လုပ်ကို လုပ်ပေးရမယ်လို့ သင် မှာတယ်။ သင် မှာတာကို လုပ်မယ်လို့ မေမေ ကတိပေးတယ်။ ဆိုးလ်ကို ပြန်ရောက်ပြီးနောက် ခွေးလှောင်အိမ် ပြီးမပြီး မေမေ့ကို သင် ဖုန်းအကြိမ်ကြိမ်ဆက်ခဲ့တယ်။ မေမေက သဘောလောက်သာ သင့်ကို "အေး...အေး...လုပ်လိုက်မယ်၊ ချက်ချင်းလုပ်လိုက် မယ်"လို့ ပြောတယ်။ စတုတ္ထအကြိမ် ဖုန်းဆက်တော့လည်း မေမေက ဒီစကားကိုပဲ ပြောတော့ သင် ဒေါသထွက်တယ်။

"မေမေ့ကို သမီး ပိုက်ဆံပေးလိုက်ပြီ မဟုတ်လား... တောကလူတွေ လွန်လွန်းနေပြီနော်။ ခွေးကို ကိုယ်ချင်းစာစိတ်တောင် မရှိဘူး။ အဲလောက်သေးတဲ့ နေရာ သူ ဘယ်လိုနေမလဲ။ ရာသီဥတု ဒီလောက်ပူတာ။ ခွေးက အထဲမှာ မစင် စွန့်တော့ နေရာတကာ ပေကုန်ပြီ။ သန့်ရှင်းပေးမယ့်လူလည်း မရှိဘူး... ခွေးကကြီးပြီး လှောင်အိမ်ကသေးနေတော့ ဘယ်လိုနေရမှာလဲ။ ပြီးတော့ ခြံထဲမှာပဲ ထားတယ်။ ခွေးလေး သနားစရာကောင်းတယ်လို့ မေမေ မထင်ဘူးလား"

ဖုန်းရဲ့ ဟိုတစ်ဘက်မှာ ဘာသံမှ မကြားရဘူး။ တောကလူတွေ လွန်လွန်း နေပြီနော်... ဒီစကားကိုပြောပြီး ချက်ချင်း သင် နောင်တရလိုက်တယ်။ ဒီလိုစကားမျိုး ဘာကြောင့် ပြောရတာလဲ။ အဲဒီအချိန်မှာ မေမေ့ဒေါသသံက ဖုန်းတစ်ဖက်ကနေ လွင့်လာတယ်။

"နင့်မျက်စိထဲမှာ ခွေးပဲရှိတယ်။ ငါဆိုတဲ့ ဒီမေမေ မရှိတော့ဘူးလား... နင့်အကြည့်ထဲမှာ မေမေဆိုတာ ခွေးတွေကို အနိုင်ကျင့် နှိပ်စက်နေသူလား... နင်နဲ့ ဘာမှမဆိုင်ဘူး... ငါ ကြိုက်သလို ငါ မွေးမယ်"

ဖုန်းကို မေမေ အရင်ချလိုက်တယ်။ တခြားအချိန်မှာတော့ သင် အရင် ချတာ ဖြစ်တယ်။ "မေမေ...သမီး ပြန်ဆက်ခဲ့မယ်နော်" လို့ဆိုပြီး ပြန်လည်း မဆက် ဖြစ်ခဲ့ဘူး။ မေမေပြောတဲ့စကားတွေ ဆုံးအောင် နားထောင်ဖို့အတွက် သင့်မှာ အချိန်မရှိခဲ့ဘူး။ ဒီတစ်ကြိမ်မှာတော့ မေမေက ဖုန်းအရင်ချသွားခဲ့ပြီ။ ဒါဟာ အိမ်

mgyoe.com